http://www.cherrythitsar.org

# အနာဂတ်ကို မကြောက်နဲ့

အောင်သင်း



http://www.cherrythitsar.org

တိုက် (၄၁)၊ (၅) လွှာ (ဘီ)၊ အောင်တောဇလမ်း

ပျိုင်းရေအိုးစင်ရပ်ကွက်၊ တာမွေ၊ ဖုန်း – ၅၄၉၆၆၂

# **ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး - **ဒို့အရေး**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - **ဒို့အရေး**

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - **ဒို့အရေး**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

# **ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.cherrythitsar.org

# အနာဂတ်ကို
# မဇြပ္ပဝင်နှ့



အောင်သင်း

http://www.cherrythitsar.org

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်
၁၄၃/၂၀၀၂/၂

●

**မျက်နှာဖုံး ခွင့်ပြုချက်အမှတ်**
/၂၀၀၂/၂/

●

**ထုတ်ဝေသူ**
ဦးသန်းဆွေ (စစ်သည်တော်စာပေ)
၁၁၃၁၊ ဥယျာဉ်လမ်း၊ တောင်ဒဂုံ။

●

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းလွင် (ရွှေဟသ်ာစက်)
၇/ဈေးလမ်း၊ ပုဇွန်တောင်။

●

**အုပ်ရေ**
၁၀၀၀ (ပထမအကြိမ်)

●

**တန်ဖိုး**
၃၅၀-ကျပ်

●

ဖြန့်ချိရေး
**ရွှန်းပွင့်**စာအုပ်တိုက်

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| ၁။ | အနာဂတ်ကိုမကြောက်နဲ့ | ၁ |
| ၂။ | ကျွန်တော့်ကွန်ပျူတာ | ၁၃ |
| ၃။ | ရှင်ဘုရင်ပါပဲ | ၂၁ |
| ၄။ | ကန်ပေါင်ရိုးမှာ | ၃၁ |
| ၅။ | ယန္တရားအသစ် | ၃၅ |
| ၆။ | ကြော်ငြာအတွေး | ၄၁ |
| ၇။ | လက်ဆင့်ကမ်းခဲ့သော | ၅၁ |
| ၈။ | မြင်းရိုင်းစီးခြင်း | ၆၃ |
| ၉။ | စမ်းကြည့်ဖူးသလား | ၆၈ |
| ၁၀။ | သူတို့အတွက်အားတက်မိသည် | ၇၅ |
| ၁၁။ | သိချင်စိတ် | ၈၃ |
| ၁၂။ | အဖော်လေးတွေ | ၉၀ |
| ၁၃။ | ပုံပြင်လက်ဆောင် | ၉၅ |
| ၁၄။ | ကိုးကားကျမ်းများမှရသ | ၁၀၁ |
| ၁၅။ | ဦးဘသန်း၏မြန်မာရာဇဝင် | ၁၀၈ |
| ၁၆။ | တက္ကသိုလ်ဆရာတစ်ဦးက | ၁၁၇ |

http://www.cherrythitsar.org

# အောင်သင်း၏အမှာစာ

ကျွန်တော်၏ဆောင်းပါးများကို စုစည်းထုတ်ဝေခဲ့သည်မှာ ဆယ်အုပ်လောက် ရှိသွားပါပြီ။ ကျွန်တော်တို့ စာရေးဆရာများ ဖြစ်တတ်ကြပုံကို တင်ပြလိုက်ရပါဦးမည်။

စာအရေးအသား များလာသောအခါ ကိုယ်ရေးခဲ့ပြီးသော စာများအားလုံးကို ပြန်လည် မမှတ်မိနိုင်တော့ပါ။ တချို့ကို လုံးဝ မေ့သွားတတ်ပါသည်။ အကြောင်းအားလျော်စွာ စာဟောင်းတွေကို ပြန်ပြီး ဖတ်ကြည့်လိုက်မိမှ "ငါ ဒီအကြောင်းတွေကို ရေးပြီးပါကော" အံ့အားသင့်သွားမိတတ်ပါသည်။ တစ်ခါတစ်ရံတွင်တော့လည်း ကိုယ်ရေးမည့် အကြောင်းအရာတွေအတွက် အကွက်ဆိုက်လွန်းသောကြောင့် ရေးခဲ့ဖူးသည်ကို မှတ်မိနေပါလျက် ဖြစ်ရပ်၊ သာဓကအချို့ကို ထပ်ပြီး ရေးထည့်လိုက်ရတတ်ပါသည်။

ယခု ဤစာစုတွေကို ပြန်ပြီး ဖတ်လိုက်မိသောအခါ တစ်ပုဒ်လုံး မဟုတ်စေကာမူ အချို့သော သာဓကလေးများ ဖြစ်ရပ်ကလေးများကို အခြားတစ်နေရာရာတွင် ထည့်ပြီး ရေးလိုက်ခဲ့မိသေးလားဟု သံသယဝင်လာမိပါသည်။ အကယ်၍ ထိုသို့သော စာထပ်မှုလေးများ ကြုံတွေ့ခဲ့ပါလျှင် စာတစ်ပုဒ်လုံး၏ ဦးတည်ချက်ကို ထောက်ထားပြီး ခွင့်လွှတ်ကြပါရန် ကြိုတင်တောင်းပန်ပါသည်။

*အောင်သင်း*

*၁၈. ၂. ၂၀၀၂*

http://www.cherrythitsar.org



# အနာဂတ်ကိုမကြောက်နဲ့

ကုသိုလ်ကံ စောင်မလို့ ထောင်ကျ

ကျွန်တော့်အကြောင်းကို တိုတိုပဲ၊ ပြောလိုက်ရပါဦးမည်။ ကျွန်တော့်ဖခင်က တို့ဗမာအစည်းအရုံးဝင် သခင်ညီမောင်တဲ့။ ကျွန်စာ၊ ကျွန်ပညာရေးဆိုတဲ့ အသံတွေမိုးမွှန်နေချိန်မှာ ကျွန်တော်က စတုတ္ထတန်းအောင်လာခဲ့သည်။

ကျွန်တော်တို့ ခေတ်က တန်းမြင့်ကျောင်း သုံးမျိုးရှိသည်။ မြန်မာစာမှအပ ကျန်ဘာသာ အားလုံးကို အင်္ဂလိပ်လိုချည်းသင်သော မစ်ရှင် ကျောင်းကြီးများကဲ့သို့သော အင်္ဂလိပ်ကျောင်း။ အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင် အထက်တန်းကျောင်း၊ အားလုံး မြန်မာလိုချည်းသာ သင်ရသော တိုင်းရင်းမြန်မာ အထက်တန်းကျောင်း၊ ဤသုံးမျိုးတွင် ကျွန်တော့်အဖေသခင်ညီမောင်က ကျွန်တော့်ကို မြန်မာ အထက်တန်းကျောင်းတွင်သာ ထားခဲ့သည်။ သခင်စိတ်ကြောင့်လည်း ဖြစ်နိုင်သည်။ အင်္ဂလိပ်မြန်မာ နှစ်ဘာသာ သင်ကျောင်း (ကျွန်တော်တို့ မြို့

http://www.cherrythitsar.org



အခေါ် အင်္ဂလိပ်ကျောင်း)က ငွေကုန်ကြေးကျ အတန်ငယ် ပိုများသောကြောင့် အိမ်တွင် စီးပွားရေး ကျနေချိန်မို့လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ တိုင်းရင်း မြန်မာ အထက်တန်းကျောင်းတွင် အင်္ဂလိပ်စာကို အပိုဘာသာအဖြစ် (သင်ချင်သင် မသင်ချင်နေ) သင်ပေးနေသေးသောကြောင့် အေဘီစီ ဘာသာလောက်၊ နာမည်ဖတ်တာလောက်ကိုတော့ တတ်ခဲ့ပါသေးသည်။

ကျွန်တော် တတ်ခဲ့သော အင်္ဂလိပ်စာအခြေခံလောက်ကို စာဖတ်သူသိထားအောင် ပြောလိုက်ရပါဦးမည်။

He,She ဆိုတာမျိုးတွေလောက်ကို ကျွန်တော်သိနေသည်။ သို့သော် do,does စသည်တို့ကို ဘယ်လိုနေရာမျိုးတွင် သုံးရသည်ကို ကျွန်တော်လုံးဝ မခွဲခြားတတ်ခဲ့။ အတွေ့အကြုံ အမှတ်အသားလေးတွေကြောင့် မြင်း၊ ကြောင်၊ ကြွက်၊ ငှက် စသည့် စကားလုံးများလောက်ကိုတော့ အင်္ဂလိပ်လိုသိနေသည် ဆိုပါစို့။ ကျွန်တော့် အင်္ဂလိပ်စာ အခြေခံက ထိုမျှသာဖြစ်သည်။

စစ်ကြီးပြီးတော့ ထိုစဉ်က တက်ကြွသော လူငယ်တိုင်း လွတ်လပ်ရေးလှုပ်ရှားမှုကြီးတွင် ပါဝင်ခဲ့ကြသည့်အတိုင်း တက်ကြွသော မောင်အောင်သင်းသည်လည်း "ပြည်သူ့ရဲဘော် အောင်သင်း" ဖြစ်သွားပါလေတော့သည်။ နောက်တော့ ပါတီစည်းရုံးရေးတွေ ဝင်လာသည်တွင် ဆိုရှယ်လစ်ပါတီဝင်ဖြစ်သွားလေသည်။

သည်အခါကျတော့မှ အင်္ဂလိပ်စာ တတ်လိုက်ချင်သည် မှာ ဖျပ်ဖျပ်လူးနေတော့သည်။ သို့သော် လူပျိုအရွယ်

လည်း ရောက်နေ၊ နိုင်ငံရေးထဲလည်းရောက်နေ ဘယ်လိုလုပ်ပြီး သင် နေနိုင်တော့မှာလဲ။ သည်အတိုင်းပဲ မျှောပါနေရတော့သည်။ မှတ်မိနေတာလေးတစ်ခုကို ပြောလိုက်ရဦးမည်။ နောက်ပိုင်းမှာ ရန်ကုန်ဘက် နိုင်ငံရေးသင်တန်းတွေဘာတွေ တက်ရင်းရောက်လာသော တက္ကသိုလ်ကို မြင်တိုင်း၊ တက္ကသိုလ် ကျောင်းသားတွေကို တွေ့လိုက်တိုင်း စိတ်အားငယ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ခဲ့မိရသည်။

၁၉၄၉ လောက်တွင် ပြည်တွင်းသောင်းကျန်းမှုကြီး အရှိန်အဟုန် မြင့်လာတော့ ကျွန်တော်က သရက်မြို့တွင် ခရိုင်စည်းရုံးရေးမှူးအဖြစ် ရောက်နေသည်။ သရက်ကို ရောင်စုံသူပုန်တွေက သိမ်းပိုက်တော့ ကျွန်တော့်ဇာတိတောင်တွင်းကြီးသို့ ပြန်လာခဲ့သည်။ အမှန်က ရန်ကုန်ဘက်ကို ဆင်းလိုက်လျှင် ကျွန်တော်ကောင်းကောင်းကြီး လွတ်နိုင်ကြောင်း ကျွန်တော်သိသည်။ သို့သော် ကျွန်တော် နိုင်ငံရေးကို စိတ်ပျက်နေပြီ။ လွတ်လပ်ရေးလှုပ်ရှားမှုတွင် ဝင်ပါရင်း ကယောင်ကတမ်း ပါတီနိုင်ငံရေးဂယက်ထဲ ရောက်သွားသည့် အဖြစ်မှ ရုန်းထွက်ချင်ပြီ။ ထို့ကြောင့် တောင်တွင်းကြီးသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

သည်အခါက တောင်တွင်းကြီးမြို့ကို ရဲဘော်ဖြူများက သိမ်းပိုက်ထားသည်။ ကျွန်တော်တို့ကိုလည်း ဘာမျှအနှောင့်အယှက်မပေးပါ။ လွတ်လပ်စွာနေခွင့်ရပါသည်။ နောက်ပိုင်းတွင်တော့ သူတို့စစ်ရေး၊ နိုင်ငံရေးအခြေအနေပြောင်းလာ၍လားမသိ ကျွန်တော်တို့ကို ခဏလောက်လိုက်ခဲ့ပါဟု ပြောပြီးလျှင် ဖမ်းပြီးထောင်ထဲ ထည့်လိုက်ပါတော့သည်။ ကျွန်တော်

http://www.cherrythitsar.org



တို့ဆိုသည်မှာ အားလုံးရှစ်ယောက်ဖြစ်သည်။ ကျန်လူများကို စာရင်းထိုးပြမနေတော့ပါ။ ကျွန်တော့်ဘဝအတွက် အလှည့် အပြောင်းကြီးကို ဖြစ်သွားစေမည့် တောင်တွင်းကြီး သခင်ကျော် စိန်ပါ အတူအဖမ်းခံရပြီး ထောင်ထဲပါလာခြင်းဖြစ်ပါသည်။

ပထမတော့ ကျွန်တော်တို့လည်း နက်ဖြန်သဘက်ပဲ ပြန် လွှတ်တော့မလိုလို ထင်စားမိကြသေးသည်။ နောက် တော့ မမျှော်လင့်တော့ပါ။ ဒီလိုနှင့် ထောင်ထဲတွင် အင်္ဂလိပ်စာ ကို သခင်ကျော်စိန်ထံမှ သင်ယူရပါတော့သည်။ သခင် ကျော်စိန် က စစ်မဖြစ်မီကပင် ဆယ်တန်းအောင်ထားခဲ့ပြီး စာဖတ်လည်း ဝါသနာပါလေတော့ ဗဟုသုတအတွေးအခေါ် အလွန်ပြည့်စုံ သူဖြစ်သည်။ သူသင်ကြားပေးသမျှကို ကျွန်တော် ကလည်း ကြိုးစားပမ်းစား မှတ်ယူသည်။ တစ်ခုရှိ သည်က ထောင်ထဲတွင် ဆရာတပည့် မခွဲမခွာ အတူနေရ သည်ဖြစ်လေ တော့ မေးစရာ ရှိလျှင် လှမ်းမေးလိုက် ရုံပဲဖြစ်သည်။ အပြင်မှာ ဘယ်ကျူရှင် ဆရာနှင့်သင်သင်မရနိုင်သော အခွင့်ထူးကြီးကို ရနေသည်ဟု ဆိုနိုင်ပါသည်။

အပြင်တွင် ဖြစ်နေသော နိုင်ငံရေး၊ စစ်ရေး အခြေ အနေ အရ ကျွန်တော်တို့မှာလည်း မကွေးထောင်၊ ပြည်ထောင်၊ သရက်ထောင်စသည်အားဖြင့် မကြာခဏ ပြောင်းရပါသည်။ အချို့ နေရာများတွင် အခြေအနေအရ စာသင်ခွင့်မရပါ။ သို့သော် လည်း စာသင်ခွင့်ကလေး နည်းနည်းရလိုက်သည့် ကျွန်တော်က သင်ယူခဲ့ပါသည်။ ဤသို့နှင့် ထောင်ထဲတွင် ခုနစ်လခန့် နေခဲ့ရရာ လေးလလောက် ကောင်းစွာ သင်ခွင့်

http://www.cherrythitsar.org



ရခဲ့ပါသည်။ကျွန်တော်လည်း ဆယ်တန်းပြဌာန်းစာ လောက်ကို လွယ်လွယ် ကူကူ ဖတ်နိုင်သည့်အခြေထိအောင် ရောက်သွားခဲ့ သည်။ ထောင်အပြင် ရောက်လာတော့ အင်္ဂလိပ် သတင်းစာ တွေကို အကြောင်းအရာအလျောက် အတော်ကြီး ဖတ်နိုင်လာ ကြောင်း တွေ့ရပါသည်။ ကျွန်တော်နှင့် 'ထောင်နေဘက်' များ က ဥာဏ်မျှလောက်သော အချိန်ကလေးအတွင်း ဥာဏ်မျှလောက် တက်မြောက်သွားသည်ကို တအံ့တသြပြောကြ ပါသည်။ စင်စစ် ကျွန်တော်က ဉာဏ်ကောင်းလွန်း၍ မဟုတ်ပါ။ တစ်ချောင်း တည်းသောစိတ်နှင့် ဆန္ဒပြင်းစွာကြိုးစားခြင်း ထောင်ထဲတွင် ထည့်ထားလိုက်သောကြောင့် အခြားထွေထွေ ရာရာ ဘာကိစ္စ မှမရှိဘဲ အချိန်ပြည့်လုပ်နေနိုင်ခြင်း စသည်တို့ ကြောင့် ဥာဏ်မျှ မြန်မြန်တက်မြောက်ခဲ့ခြင်းဖြစ်ပါသည်။

ထို့နောက် ကျွန်တော် ဆယ်တန်းအောင် တက္ကသိုလ် ရောက်၊ မဟာဝိဇ္ဇာအောင်၊ တက္ကသိုလ်မှာ ဆရာဖြစ်၊ နောက်ပြီး စာရေးဆရာဖြစ် . . . ။

၁၉၄၉ ခုက ရဲဘော်ဖြူတို့၏ ဖမ်းဆီးခြင်းကိုသာ မခံခဲ့ ရလျှင် ကျွန်တော် ဒီအဖြစ်မျိုး။ ဒီအဆင့်မျိုးကို ရောက်မလာနိုင်ဟု ကျွန်တော် မကြာခဏတွေးမိပါသည်။ ထို့ကြောင့် " ကုသိုလ်ကံ စောင်မလို့ ထောင်ကျ " ဟု ဆိုလိုက်ရခြင်းဖြစ်ပါသည်။

ဗေဒင်သဘောနှင့်သာ ပြောလိုက်ကြမည်ဆိုလျှင် ဇာတာညို့၊ ကြမ္မာဆိုးခိုက်မို့ ထိပ်ခတ် ကြိုးချည်၊ အချုပ် အနှောင်ခံရသည်ဟု ဆိုရပါတော့မည်။

http://www.cherrythitsar.org



# တရုတ် ခွစာကြီး

ကျွန်တော် မှတ်သားဖူးသော တရုတ်ပညာရှိကြီး လင်ယုတန်၏ ပုံပြင်ကလေးတစ်ခုကို ထည့်ရေးလိုက်ရပါဦးမည်။

တစ်ခါက ရွာလေးတစ်ခုတွင် တရုတ်အဖိုးကြီး သားအဖ နှစ်ယောက်ရှိကြသည်။ သူတို့က မြင်းမွေးသည်။ တစ်နေ့တွင်တော့ မြင်းတစ်ကောင် ပျောက်သွားသည်။ အိမ်နီးချင်းတွေက တရုတ်ကြီးကို သနားကြသည်။

"စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျား ကံဆိုးရှာတယ်"

"ဘာဖြစ်လို့ ကံဆိုးတယ်ပြောတာလဲ"

"ခင်ဗျားမှာ မြင်းတစ်ကောင် ပျောက်သွားတယ် မဟုတ် လား"

"မြင်းတစ်ကောင် ပျောက်သွားတာနဲ့ ကံဆိုးတယ်လို့ ခင်ဗျားဘာကြောင့် ပြောနိုင်သလဲ"

ဤသို့လျှင် လုံးလည် ပတ်ချာလိုက်နေလေတော့ အိမ်နီးချင်းတွေကလည်း ခွစာကြီး ဆိုပြီးဘာမျှ ဆက်မပြောကြတော့။ သည်လိုနှင့် တစ်ပတ် ဆယ်ရက်လောက်ကြာတော့ မြင်းဆို သည်မှာ အဖော်ခင်တတ်သည့် သတ္တဝါဖြစ်ကြသည့်အတိုင်း ပျောက်သွားသောမြင်း ပြန်ရောက်လာသည်။ ရောက်လာတော့ တစ်ကောင်တည်း မဟုတ် မြင်းရိုင်း တစ်ကောင်ပါ အပိုပါလာ သေးသည်။ သည်တော့ အိမ်နီးချင်း များက -

"ခင်ဗျား ကံကောင်းတယ်ဗျာ"

http://www.cherrythitsar.org



"ဘာဖြစ်လို့လဲ"

"ခင်ဗျားမှာ မြင်းတစ်ကောင်တိုးလာတယ်လေ"

"မြင်းတစ်ကောင်တိုးတာနဲ့ ကံကောင်းတယ်လို့ ဘာကြောင့် ပြောတာလဲ"

ရှေးနည်းအတိုင်းပင် ခွစာကြီးကို ဆက်မပြောတော့။ သည်လိုနှင့် နောက်ရောက်လာသော မြင်းရိုင်းကို သားဖြစ်သူက စီးကောင်းကျင့်ရာ မြင်းပေါ်က လိမ့်ကျပြီး ခြေကျိုးသွားသည်နှင့် ခြေထောက်ကလေး ထော့နင်းဖြစ်သွားရှာသည်။ အိမ်နီးချင်းတွေက စိတ်မကောင်းကြ။

"ခင်ဗျား ကံဆိုးတယ်ဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားမှာ ဒီသားတစ်ယောက်ပဲရှိတာ ခြေကျိုးသွားတာကိုး"

"ကျုပ်သားခြေကျိုးတာနဲ့ ကံဆိုးတယ်လို့ ဘာကြောင့် ပြောနိုင်သလဲ"

ရှေးနည်းအတိုင်း ခွစာကြီးကို ဆက်ပြီးဘာမျှမပြောကြတော့ချေ။ သည်လိုနှင့် တစ်နေ့တော့ ပြည်နယ်ချင်း စစ်ဖြစ်ကြရာ ပြည်နယ်ဧကရာဇ်က တစ်နယ်လုံးရှိ ရဲယောင်သန်မာသူ လူငယ်မှန်သမျှ စစ်ထဲလိုက်ရမည်။ အမိန့်ထုတ်ပြန်ခေါ်ငင်သွားရာ သူ့သားကလေးတစ်ယောက်သာ ခြေထောက်ထော့နင်း ဖြစ်နေသောကြောင့် ချမ်းသာရာရခဲ့သည်။ သည်တော့ အိမ်နီးချင်းတွေက "တရုတ်ကြီး ကံကောင်းတယ်"....။

http://www.cherrythitsar.org



လင်ယုတန်က ”ကံဆိုးသည် ကံကောင်းသည်” ဆိုသော အချက်မျိုးကို များသောအားဖြင့် အချိန်က ဆုံးဖြတ်သည်ဟု ဆိုလိုကြောင်း သိသာပါသည်။ လှသလောက် အတွေးပါသောပုံပြင်ကလေးမို့ ကျွန်တော် အလွန်နှစ်သက်မိပါသည်။

## မျောက်လောင်း ပုဏ္ဏားကြီး

တစ်ခါသော် ပုဏ္ဏားကြီးတစ်ယောက်သည် မြတ်စွာဘုရားထံသို့ရောက်လာပြီး သူ အသက်ဘယ်လောက်တွင် သေရမည်။ သေပြီးနောက် ဘယ်ဘဝသို့ ရောက်မည် ဆိုသည်ကို ဟောကြားပေးပါရန် လျှောက်ထားတောင်းပန်လေသည်။ မြတ်စွာဘုရားကလည်း မည်သည့်အသက်အရွယ်တွင် သေမည် သေပြီးနောက် ဤမည်သော တောကြီး၌ မျောက်ကြီးဖြစ်လိမ့်မည်ဟု မိန့်တော်မူလိုက်သည်။ သေရမည့်အသက်ပိုင်းခြားကို လွန်ပြီးပါလျက် မသေသေးသောအခါ ပုဏ္ဏားကြီးက ဘုရားရှင်ထံပြန်ရောက်လာပြီး ဘုရားမိန့်လိုက်သည့်အသက်တွင် မသေဘဲရှိခဲ့ကြောင်း လျှောက်ထားပြန်သည်။ သည်တော့ ဘုရားရှင်က-

“အသင် ပုဏ္ဏား ငါဟောလိုက်ပြီးသည့်နောက် သင်မည်သည့်အမှုများကို ပြုသနည်း”

“အရှင်ဘုရားဟောလိုက်သည့်အတိုင်း နောက်ဘဝတွင် မျောက်ဖြစ်သွားသည်ရှိသော် ချမ်းသာစွာနေနိုင်ရန် ထိုတောကြီးသို့သွားပြီးလျှင် ရေကန်များကိုလည်း တူးပါသည်။

http://www.cherrythitsar.org



ချိုမြိန်သော သီးပင်စားပင်များကိုလည်း စိုက်ပျိုးထားပါသည်။ ယခုဆိုလျှင် ထိုတောကြီးမှာ အလွန်သာယာလျက် ကျေးငှက်သတ္တဝါအပေါင်းတို့ ပျော်မွေ့ရာတောကြီးအဖြစ်သို့ ရောက်ရှိနေပါပြီ ဘုရား”

“အသင်ပုဏ္ဏား သင် ယခုတိုင် သင်အသက်ရှင်လျက် ရှိနေသေးသည်မှာ ထိုကုသိုလ်ကြောင့်ဟု မှတ်လော့”

ဤဝတ္ထုကိုထောက်လိုက်လျှင် အတိတ်ကံကိုလည်း ပစ္စုပ္ပန်ကံက ထိုက်သင့်သလောက် ပြုပြင်နိုင်စွမ်းရှိကြောင်း ထင်ရှားပါသည်။

## သူတောင်းစားမောင်နှံ

တစ်နေ့သော် မြတ်စွာဘုရားသခင်၏ ကျောင်းတော်ဆွမ်းစားဇရပ်အနီး၌ ဆွမ်းကြွင်းဆွမ်းကျန်ကလေးများကို တောင်းယူရန် စောင့်နေသော သူတောင်းစားမောင်နှံကို ဘုရားရှင်က မြင်တော်မူ၍ ပြုံးတော်မူသည်။ ရှင်အာနန္ဒာက လျှောက်ထားမေးမြန်းသောအခါ ဘုရားရှင်က-

“ချစ်သား အာနန္ဒာ . . . ဤဇနီးမောင်နှံသည် နှစ်ဘက် မိဘ တို့မှရသော အမွေအားဖြင့် ကုဋေရှစ်ဆယ် နှစ်သွယ် ကြွယ်ဝသော ဇနီးမောင်နှံတို့ဖြစ်ခဲ့ကြ၏။ ပထမအရွယ်တွင် လောကီ ချမ်းသာကိုလို၍ အားထုတ်ခဲ့သည်ရှိသော် ဤနေပြည်တွင် ပထမအဆင့် ကြွယ်ဝသော သူဌေးမောင်နှံတို့ ဖြစ်ခဲ့လေရာ၏။ လောကုတ္တရာချမ်းသာကိုလို၍အားထုတ်

http://www.cherrythitsar.org



သည်ရှိသော် လင်သည် အရဟတ္တမဂ်ကိုဆိုက်၍ မယားသည် အနာဂါမိမဂ်ကို ဆိုက်ရာ၏။ ဒုတိယအရွယ်တွင် လောကီစီးပွား ကိုအားထုတ်သော် ဤနေပြည်တွင် ဒုတိယအဆင့် အကြွယ်ဝ ဆုံးသော သူဌေးမောင်နှံ ဖြစ်ရာ၏။ လောကုတ္တရာစီးပွားကို အားထုတ်သော် လင်သည် အနာဂါမိမဂ်၊ မယားသည် သကဒါဂါမိမဂ်ကို ဆိုက်လေရာ၏။ ဒုတိယအရွယ်လွန်စတွင် လောကီစီးပွားကို အားထုတ်သော် တတိယအဆင့် အကြွယ် ဝဆုံးသော သူဌေး မောင်နှံဖြစ်ရာ၏။ လောကုတ္တရာ စီးပွားကို အားထုတ်သော် လင်သည် သကဒါဂါမိမဂ်၊ မယားဖြစ်သူ သည် သောတာပတ္တိမဂ်ကို ဆိုက်လေရာ၏။ ယခုကား အခါလွန်လေပြီ ဖြစ်သောကြောင့် ရေခန်းခြောက်နေသော အိုင်အနီး၌ ငေးမှိုင်နေသော ဗျိုင်းအိုမောင်နှံပမာ ဖြစ်ကြလေပြီ အာနန္ဒာ။

ဤဝတ္ထုကိုသေချာ သုံးသပ်ကြည့်လိုက်မည်ဆိုလျှင် အတိတ်ကပါလာသော ကောင်းမှုကုသိုလ်ကံတို့ကို ပစ္စုပ္ပန်ကံ က 'မြစ်'နိုင်ကြောင်း သိသာလှပါသည်။ သူတို့ မောင်နှံ၏ အတိတ်ကုသိုလ်ကံကြီးမားလိုက်ပုံမှာ အံ့ဩလို့မဆုံးနိုင်အောင် ပင်ဖြစ်သည်။ စဉ်းစားကြည့်ပေါ့. . . လောကုတ္တရာချမ်းသာ လိုချင်လျှင် မဂ်ဖိုလ်ကိုရနိုင်သည်ဆိုတော့ သည်မျှကြီးမြင့်သော ပညာဉာဏ်ပါရမီမှာ မအံ့ဩလောက်ပေဘူးလား။ ပစ္စုပ္ပန်ကံက အဟုတ်မဟုတ်လေတော့ ထိုထိုသော ဘဝပါရမီတို့မှာ သဲရေ သွန်ဖြစ်သွားရလေတော့သည်။

(မဆီမဆိုင်ဟု ဆိုချင်လည်း ဆိုပါတော့) လင်

http://www.cherrythitsar.org



ယောက်ျား အဟုတ်မဟုတ်သောကြောင့် ဇနီးသည်ဘက်က ပါလာသော ပါရမီလေးပင် ပြုတ်ပြုတ်ပြုန်းသွားရှာလေသောကြောင့် လင်ထက်မယားကို ပိုလို့တောင် ကျွန်တော်က သနားနေမိပါသည်။ ထို့ကြောင့် ကျွန်တော့် တပည့်မကလေးများကို လင်ရွေးမကောင်းလျှင် ကိုယ့်မှာပါလာတာလေးတွေ ဟူသမျှ စည်းစိမ်သာမက ပါရမီပါ ပြုတ်ပြုတ်ပြုန်းသွားတတ်သည်ဟု ဤနိပါတ်တော်ကလေးကို သာဓကပြု၍ သတိပေးမိလေ့ရှိပါသည်။

ကျွန်တော်က လူငယ်တွေအတွက် အားကျိုးမာန်တက် ကြိုးစားပမ်းစားရေးနေသည်ကို စာဖတ်သူများ သိနေကြပြီးဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များဘက်သို့ တစ်ချက်လောက် လှည့်ပြီးပြောလိုက်ပါရစေဦး။ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။

ယနေ့ ကျောင်းသားငယ်များ ဆရာကြီး ပီမိုးနင်း၏ 'အတိတ်တွင် အလုပ်လုပ်လို့မရ။ အနာဂတ်တွင်လည်း အလုပ်လုပ်လို့မရ၊ ပစ္စုပ္ပန်မှာသာ အလုပ်လုပ်လို့ရလေသည်" ဟူသောစကားကို မှတ်မိကြလိမ့်မည်ထင်သည်။ ထိုမျှမက ပစ္စုပ္ပန်သည် အတိတ်ကံကိုလည်း ထိုက်သင့်သလောက် ပြုပြင်နိုင်သည် အနာဂတ်ကိုလည်း ပုံလောင်းနိုင်သည်ဟူသောအချက်ကိုလည်း ခိုင်ခိုင်မာမာ ယုံကြည်ထားသင့်သည်။

ဝတ္တုတစ်ပုဒ်၏ ရှေ့ဖြစ်မည့် ဇာတ်လမ်းကို စာမျက်နှာ ကျော်ဖတ်လို့ ရနိုင်သော်လည်း ဘဝတွင် စာမျက်နှာကျော်ဖတ် လို့ ရနိုင်သည်မဟုတ်။ ပစ္စုပ္ပန်သာလျှင်

http://www.cherrythitsar.org



ကိုယ့်လက်ထဲမှာ ရှိသည်။ မိမိဘဝအခြေအနေမှာ ဆင်းရဲနွမ်းပါးကောင်း နွမ်းပါးနေပါလိမ့်မည်။ လူမှုရေးအဆင့် နိမ့်ပါးကောင်း နိမ့်ပါးနေပါလိမ့်မည်။ အတိတ်ကံအရ ဖြစ်လာရသည်။ ကိုယ်ဘာမျှမတတ်နိုင် ဟု သဘောထားလိုက်ပါ။ သို့သော် ကိုယ်တတ်နိုင်သည်က ပစ္စုပ္ပန်ဖြစ်သည်။

ယနေ့ ရယ်ကာမောကာ ပြုမူလိုက်သော ကိစ္စတစ်ခုသည် နောင်သောအခါ ကြေကွဲစရာ၊ သို့မဟုတ် ထိတ်လန့်စိုးရိမ်စရာ ဖြစ်ချင်ဖြစ်လာတတ်သည်။ ယနေ့ ထိတ်လန့်စိုးရွံ့ရသော ပြဿနာတစ်ခုသည် နောင်သောအခါ ဝမ်းမြောက်ရွှင်မြူးရသော အဖြေထွက်ချင် ထွက်နေတတ်သည်။ လွယ်လွယ် ဥပမာ တစ်ခုကိုပေးလိုက်ချင်သည်။ မိန်းကလေးတစ်ယောက် ချစ်သူနှင့်ခိုးရာလိုက်ပြေးမည်ကို မိဘတွေသိသွားသောကြောင့် မလိုက်ဖြစ်၊ ငိုလိုက်ရသည်မှာ နေ့နေ့ညည၊ ဘဝတစ်ခုလုံး သွားပါပြီပေါ့။ နောက် နှစ်အနည်းငယ်ကြာလာလိုက်တော့ ထိုစဉ်က မတော်တဆများ ခိုးရာလိုက်မိသွားခဲ့လျှင်ဟု ပြန်တွေးပြီး 'အမယ်လေး-ဘုရားမပေလို့" ဟုထိတ်လန့်ရင်တုန်မိတာမျိုးတွေ ခဏခဏတွေ့ကြရသည်။ ထို့ကြောင့်အချိန်နှင့်ခေတ်တွေကို လွန်ဆန်ပြီး မရပ်တည်နိုင်သော လူ့ဘဝတွင် အနာဂတ်ကိုဆင်ခြင်ဉာဏ်နှင့်လှမ်းမြော်ပြီး ပစ္စုပ္ပန်ကာလကို အဖိုးတန်အောင် လုပ်နေရန်သာလိုအပ်သည်။

ထို့ကြောင့်အနာဂတ်ကို ကြောက်နေစရာမလို ဂရုတစိုက် တန်ဖိုးထားရမည်မှာ ပစ္စုပ္ပန်သာ ဖြစ်သည်ဟု လူငယ်များအား စကားဆိုလိုက်ရပါသည်။ ။

## နှ န် ပွ င့် စာ ပေ

http://www.cherrythitsar.org



# ကျွန်တော့် ကွန်ပျူတာ

ကျွန်တော်စာရေးလျှင် ကွန်ပျူတာနှင့်ရေး လေ့ရှိသည်။ ပထမကတော့ လက်နှိပ်စက်နှင့်ရေးခဲ့သည်။ အခြားကြောင့်မဟုတ် လက်နှိပ်စက်နှင့် ရေးသောအခါ ကာဗွန်ထိုးပြီး ရိုက်လိုက်လျှင် စာမူလက်ခံကျန်နေရစ်သည်။ နောက်အခါဆောင်းပါးများကိုစု၍ စာအုပ်ထုတ်တော့မည်ဆိုလျှင် ပင်ပင်ပန်းပန်း ပြန်လည်စုဆောင်းနေစရာမလိုတော့ဘဲ ကိုယ့်ဆီမှာ အလွယ်အကူရှိနေသည်။ (တစ်ခါတစ်ရံ မဂ္ဂဇင်းတိုက်တွေကလည်း ပေးလိုက်သော စာမူပျောက်သွားတတ်သေးသည်။ ထိုသို့ဖြစ်သည် ကတော့ အလွန်နည်းပါသည်။ ထိုကဲ့သို့ ပျောက်သွားလျှင် လည်း ကိုယ့်ထံမှာ လက်ခံရှိနေလေတော့ ထိုစာမူကို ထပ်ပေးလိုက်လျှင်ဖြစ်သည်။ ထိုစဉ်က မိတ္တူကူးစက်တွေကလည်း မရှိသေး)။

**ဒွန်ပွင့်စာပေ**

http://www.cherrythitsar.org



လက်နှိပ်စက်နှင့်စာရေးသက် ၁၀နှစ်လောက်ရှိလာသောအခါ ကျွန်တော် ကွန်ပျူတာနှင့်စာရေးချင်လာသည်။ ကွန်ပျူတာနှင့်ရေးချင်သည်မှာ အခြားကြောင့်မဟုတ်၊ စာပိုဒ်ကြီးတစ်ခုလုံးကို နောက်ပို့ ရှေ့ပို့လုပ်ချင်တာလုပ်လို့ရသည်။ ဖြုတ်ချင်လျှင်လည်း ဖြုတ်ပစ်လိုက်လို့ရသည်။ ကြားထဲမှာ စာထိုးရိုက်လို့လည်းရသည် စသည်စသည့်ဖြင့် ကွန်ပျူတာ၏ 'ကောင်းခြောက်ဆယ်လေးရပ်'တွေကိုကြားနေရ၊ စာထဲမှာ ဖတ်နေရသောကြောင့်ဖြစ်သည်။ ကွန်ပျူတာနှင့် စာရေးချင်နေသည်မှာ ဖျပ်ဖျပ်လူးနေသော်လည်း ကွန်ပျူတာကို ကိုင်ကြည့်ဖူးဖို့ဝေးစွ နီးနီးကပ်ကပ်ပင် မမြင်ဖူးခဲ့သေး။ ထိုစဉ်က P.C ဟုအတိုခေါ်ကြသော တစ်ကိုယ်သုံးကွန်ပျူတာဆိုသည်မှာ မြန်မာပြည်တွင် မရှိသလောက်ရှားနေချိန်ဖြစ်သည်။ ထိုသို့သောအချိန်မျိုးတွင် ကျွန်တော်က ကွန်ပျူတာ စိတ်ရူးထနေမိခြင်းဖြစ်သည်။

ကံကောင်းချင်တော့ ထိုစဉ်က ဗြိတိသျှသံအမတ်ကြီးကို မြန်မာစာ၊ မြန်မာစကားသင်ပေးရချိန်ဖြစ်နေသည်။ ကျွန်တော်က မြန်မာငွေအစား အချိုးညီအင်္ဂလိပ်ငွေပေးရန်ပြောတော့ သူကသဘောတူသည်။ ဥပဒေကခွင့်မပြုဘဲ အင်္ဂလိပ်ငွေကို ဘယ်လိုလုပ်မှာလဲဟု သူကမေးသေးသည်။ 'သံအမတ်ကြီးပဲ သိမ်းထားပေးပါ၊ သံအမတ်ကြီး အင်္ဂလန်ကို ပြန်တဲ့အခါ ကျွန်တော် ဖတ်ချင်တဲ့ စာအုပ်ကလေးတွေ ဝယ်လာပေးဖို့ဖြစ်ပါတယ်' ဟု ကျွန်တော်က ပြောလိုက်တော့ သူကလည်း လိုလိုလားလားပင် သိမ်းထားပေးသည်။ ဤသို့အား

http://www.cherrythitsar.org



ဖြင့် ကျွန်တော် စာအုပ်တွေဖတ်နေခဲ့သည် တစ်ခါတွင် တော့ဖြင့် သူကလည်း အင်္ဂလန်မပြန်ဖြစ်သောကြောင့် ကျွန်တော့်မှာ အင်္ဂလိပ်ငွေ အတော်လေးစုမိရက်သား ဖြစ်နေသည်။ ဤတွင် ကွန်ပျူတာ ရောဂါကသိသိသာ သာကြီးတက်လာပါတော့သည်။

ထိုစဉ်က သံအမတ်ကြီးကိုယ်တိုင်ပင်လျှင် ကွန်ပျူ တာမရှိသေး။ ဒီတော့ လန်ဒန်ရှိ ကျွန်တော့်မိတ်ဆွေတစ်ဦးထံ ကွန်ပျူတာရှာဖွေဝယ်ပေးလိုက်ပါရန် မှာရသည်။ ကံဆိုးချင် တော့ သူကိုယ်တိုင်လည်း ကွန်ပျူတာကို ကောင်းကောင်းကိုင် ဖူးသည်မဟုတ်သေး။ ထို့အပြင် တစ်ကိုယ်သုံးကွန်ပျူတာတွေ ကလည်း ခုလိုအဆင့်မမြင့်သေး။ သူဝယ်ပေးလိုက်တာက 'အင်မ်စထရက်'ဆိုပဲ။ ဒီအတိုင်းသုံးလို့မရ၊ System Disk ခေါ် စက်နှိုးသည့်ဓာတ်ပြားလေးရှိမှ လုပ်လို့ရသည်။ နောက်ပြီး မြန်မာစာလည်းရိုက်လို့မရ။ အင်္ဂလိပ်စာပဲရိုက်လို့ရသည်။ ကျွန်တော့်မှာ မျှောက်အုန်းသီးရသလို ကွန်ပျူတာကြီးကို တကိုင်ကိုင် တကြည့်ကြည့်နှင့်ပဲ အာသာဖြေနေရတော့သည်။

ကျွန်တော်ဝယ်ပြီးလို့ ၆လလောက်ပင်မကြာလိုက် ကွန်ပျူတာတွေက တရိပ်ရိပ် အဆင့်မြင့်လာလိုက်သည်မှာ နောက်ထပ် ၆ဆင့်လောက်သို့ ထိုးတက်သွားတော့သည်။ နောက်တော့မြန်မာပြည်မှာလည်း ကွန်ပျူတာတွေ ဒလဟော ဝင်လာတော့သည်။ ကွန်ပျူတာ သင်တန်းတွေကလည်း မှို ပေါက်လိုက်သလို ပေါ်လာသည်။ ကွန်ပျူတာ၊ ကွန်ပျူတာ နေရာတကာ ကွန်ပျူတာတွေဖြစ်လာတော့ ကျွန်တော်လည်း

http://www.cherrythitsar.org



ထိုစဉ်က 586 ဆိုသည့် ကွန်ပျူတာလေးတစ်လုံးလောက်တော့ ဝယ်လိုက်ဦးမည်ဟု အားခဲပြီးပိုက်ဆံစုလိုက်မိသည်။ ကျွန်တော် အားခဲနေစဉ်မှာပင် ကွန်ပျူတာတွေရဲ့ အဆင့်တွေကလည်း ဆင့်ကဲဆင့်ကဲ တက်နေပြန်သည်။

သို့နှင့်ကျွန်တော့်တပည့်မောင်နှံတို့၏ ကွန်ပျူတာ စတိုးသို့သွားကြည့်သည်။ 586 ကလေးတစ်လုံးလောက် ဝယ်ချင်ပါသည်လို့ ပြောလိုက်တော့ တပည့်တွေက "ဆရာ-ကွန်ပျူတာဝယ်ရင် အမြင့်ဆုံးကိုဝယ်ထားပါ။586တွေ ဘာတွေ ကိုပြန် လှည့်ကြည့်မနေနဲ့တော့၊ ဟိုအဝေးကြီးမှာ ကျန်ရစ်ခဲ့ပြီ ခုနေ မှာ ဆရာဝယ်ထားလိုက်ရင် နောက်ပိုင်းမှာ ဆရာစိတ် ညစ်နေရလိမ့်မယ်။ နောက်ထွက်လာတဲ့ဆော့ဖ်ဝဲ (အကူ ပစ္စည်း)တွေကို ဆရာသုံးလို့ရမှာ မဟုတ်တော့ဘူး။ ဒီတော့ အမြင့်ဆုံး Pentium 133 ကိုသာဝယ်ထားလိုက်ပါ။ ကျွန်တော် စေတနာနဲ့ပြောနေတာပါ"တဲ့။ ဈေးကိုမေးကြည့်လိုက်တော့ နှစ်သိန်းတစ်သောင်းတဲ့။ ဒီမှာတင် ကွန်ပျူတာရူး ဒုက္ခရောက် ပါလေတော့သည်။ ကျွန်တော့်မှာ လက်ထဲကိုင်ထားသည်က 586ကလေးဝယ်နိုင်ရုံ တစ်သိန်းခြောက်သောင်းလောက် ပဲရှိသည်။ " ငါမတတ်နိုင်ဘူး ကွ၊ ငါ့မှာ တစ်သိန်းခြောက် သောင်းပဲရှိတာ" လို့ပြောလိုက်တော့ "ဆရာယူသွားလိုက် ကျန်တဲ့ငွေနောက်မှပေး"ဟုပြောပြီး ယူလိုက်တော့ ကိုရွှေတပည့် က စေတနာဒလဟောလိုက်ပြီး "ဆရာ-မထူးဘူး၊ လေဆာပရင် တာ(ပုံနှိပ်စက်)ပါယူသွား၊ ငွေ ကိုနောက်မှရှင်း၊ ရှစ်သောင်းပဲ ကျတယ်၊ ဟော့ကောင်လေးတွေ လာကြစမ်း၊ ကွန်ပျူတာရော

http://www.cherrythitsar.org



ပရင်တာပါယူသွား၊ ဆရာ့အိမ်ကို လိုက်သွားပြီး ဆင်ပေးလိုက်ကြစမ်း”

သည်မှာတင် တပည့်တစ်ယောက်က အားပေးသေးသည်။ “ဆရာရေ ကွန်ပျူတာဆိုတာ ဝယ်ပြီးရင်ရှုံးပြီလို့တွက်ထားရမယ်တဲ့”။ သူပြောတာမှန်သည်။ ဝယ်ပြီးတာနဲ့ နောက်‘မိုဒယ်’အသစ်တွေက ထွက်လာလိုက်တော့ ကိုယ်ပစ္စည်းကပြတိုက်ထဲ ပို့ရတော့မလိုလို ဖြစ်သွားတော့သည်။ ပြန်ရောင်းဖို့မကြိုးစားပါလေနှင့်၊ လက်နှိပ်စက်ဖိုးလောက်တောင်ရတော့မည်မဟုတ်။

ဤသို့နှင့် ကြွေးတစ်သိန်းကျော်နှင့် ကွန်ပျူတာပိုင်ရှင်ကြီးဖြစ်လာတော့သည်။ ကြွေးတစ်သိန်းကျော်နှင့်ပြန်လာသည်ဆိုတော့ အိမ်ကမိန်းမက ရန်ထောင်ပါလေတော့သည်။ ကျွန်တော်က ”ဟေ့-မိန်းမ၊ ငါပြောမယ်၊ သေချာနားထောင်၊ မင်းရောငါရောငယ်ငယ်ကဆင်းရဲခဲ့ဖူးတယ်။ ငါပိုက်ဆံငွေကြေးမမက်မောဘူးဆိုတာကိုလည်း မင်းသိတယ်။ ဒါပေမယ့် ငါ့မြေးတွေကို ကွန်ပျူတာနဲ့ ကြီးပြင်းစေရမယ်၊ မြေးတွေကိုကြည့်ပြီးဝယ်တာ”လို့ပြောလိုက်တော့ မီးကိုရေနဲ့သတ်လိုက်သလိုအဖွားကြီးငြိမ်ကျသွားလေသတည်း။

ကျွန်တော်ကလည်း ကွန်ပျူတာနှင့်ပက်သက်ပြီး ဟိုဟာဝယ်ချင်၊ ဒီဟာလုပ်ချင်ဖြစ်နေတော့ အိမ်ရှင်မနှင့်နှစ်ဦးသဘော တူ ကတိစာချုပ်လုပ်ရသည်။စာအုပ်ထုတ်၍ရငွေကို ၃း၂ခွဲဝေရမည်။ ငွေတစ်ရာရလျှင် သူ ၆၀၊ ကျွန်တော် ၄၀ပေါ့။ ဤသို့အားဖြင့်အဆူအပူရပ်စဲရေးကို ရယူနိုင်ခဲ့သည်။

http://www.cherrythitsar.org



တစ်ကိစ္စပြီးတော့ တစ်ကိစ္စက တက်လာပြန်သည်။ ကွန်ပျူတာကိစ္စပါပဲ။

ကွန်တော့်ကွန်ပျူတာ Pentium 133 ကိုဝယ်ပြီးလို့ သုံးလလောက်ရှိတော့ Pentium 166ပေါ်လာသည်။ အဲဒီနောက်သုံးလလောက်ကြာတော့ Pentium200ဆိုတာပေါ်လာသည်။ နောက်ခြောက်လတစ်နှစ်လောက်ရှိတော့Pentium 2 ဆိုတာပေါ်လာသည်။ သိပ်ကြာလိုက်သည်မထင် Pentium3 ဆိုတာပေါ်လာပြန်သည်။ ယခု ဤစာကိုရေးနေချိန်တွင် ဘာတွေများထပ်ပြီးပေါ်နေပြန်သလဲ ကျွန်တော်မသိတော့။ အဲဒါ ကျွန်တော်တို့ တိုင်းပြည်တွင်းအတွက်သာ ပြောနေခြင်းဖြစ်သည်။ နိုင်ငံတကာက ကွန်ပျူတာတွေ အကြောင်းကိုမပြောသေး။ မပြောတာက ပြောကိုမပြောတတ်လို့ မပြောခြင်းဖြစ်သည်။ ဒီကြားထဲတွင် ကျွန်တော်က Pentium 3ကို C.D. Writer တပ်ပြီးလိုချင်နေသည် ဈေးကိုစနည်းနာကြည့်လိုက်တော့ ၄ သိန်းလောက်ရှိသည်။

ကျွန်တော့်စိတ်တွင် ကွန်ပျူတာပညာရပ်ကို ဖိပြီးလိုက် စားချင်သည်။ လေ့လာချင်သည်။ သင်ယူချင်သည်။ စာရေးရ ဖတ်ရ အလုပ်တွေများလွန်းသောကြောင့် ကွန်ပျူတာ စာအုပ် တွေကို ဖတ်ပြီးလုပ်ကိုင်နေရသည်။ ဒီအရွယ်ကြီးမှာ သင်တန်း တွေကိုပင် သွားတက်လိုက်ချင်သေးသည်။ ကိုယ့်ကိုကိုယ် မနည်းဆုံးမပြီး အောင့်ထားရသည်။

သင်တန်းမတက်ချင်ဘဲနေပါမည်လား။ ကွန်ပျူတာတွေ၊ အင်တာနက်တွေကြောင့် လူ့လောကကြီးတစ်ခုလုံး၏

http://www.cherrythitsar.org



နေနည်းထိုင်ဟန် ဘဝစံတွေ သွက်သွက်ခါအောင် ပြောင်းသွားတော့မည်ဆိုသည့် စကားမျိုးတွေကို ကြားနေရသည်။ ကွန်ပျူတာနှင့်အင်တာနက်ပေါ်လာသောကြောင့် ကျောင်းဆရာမများ၏ အခန်းကဏ္ဍပါးလျားသွားတော့မည်ဆိုသည့် စကားတွေကို နားလျှံအောင်ကြားနေရသည် မဟုတ်လား။

ကျွန်တော်က ကျောင်းဆရာတစ်ယောက်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်တွေနှင့် မပြတ်ဆက်ဆံနေရသည်။ သည်တော့ ကျွန်တော်က ဗဟုသုတအရာတွင် သူတို့ရှေ့ကပြေးမနေနိုင်ရင်တောင်မှ သူတို့နှင့် တန်းတူလိုက်နိုင်ချင်သည်။ ဒီလိုမာနရှိနေသော ကျောင်းဆရာ မောင်အောင်သင်းတစ်ယောက် ဒုက္ခရောက်သွားစေသော စကားတစ်ခွန်းကို ပြောလိုက်ရပါဦးမည်။

ကွန်ပျူတာ 'ဆော့ဖ်ဝဲ'ခေါ် အကူပစ္စည်းတွေ တီထွင်လုပ်ဆောင်နိုင်မှုကြောင့် 'ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီးဖြစ်သွားသည့် မစ္စတာဘီလ်ဂိတ်အကြောင်းကို စာဖတ်သူလည်းကြားဖူးလိမ့်မည်ထင်ပါသည်။ သူကတက္ကသိုလ်ပညာကို ဆုံးခန်းတိုင်အောင်ပင်မသင်။ ကျောင်းထွက်သွားသည်။ ပျင်းလို့မဟုတ် ပေချင် တေချင်လို့မဟုတ်။ မူးယစ်ဆေးစွဲနေလို့မဟုတ်။ ကျောင်းသင်ပညာရေးစနစ်ဟာ အလွန်နှေးလွန်းသည်၊ ဘာမဟုတ်တာလေးတွေကို ၄ နှစ်၅ မိုးလောက်သင်ယူနေလေတော့ ဘဝထဲကအချိန်တွေကို ယူလွန်းသည်။ ထို့ကြောင့်ကိုယ့်ဘာသာကိုယ်လုပ်တော့မည်တဲ့။ အခုတော့ဖြင့်သူက ကမ္ဘာပေါ်တွင် အချမ်းသာဆုံးသူဌေးစာရင်းဝင်ဖြစ်နေလေပြီ။

http://www.cherrythitsar.org



ယခင့်ယခင် သူဌေးများက ကုန်းလားရုန်းလား (ကန်တော့ပါရဲ့)ပြနေအောင် ကြိုးစားခဲ့ရသည်။ သို့မဟုတ်လျှင်လည်း ငွေရင်းငွေးနှီးတွေနှင့် စက်ရုံကြီးတွေနှင့် လုပ်ခဲ့ရသည်။ သူကတော့ ဦးနှောက်ကိုပဲ အားကိုးသည်။ တိုတိုပြောရလျှင် အတတ်ပညာတစ်ခုတည်းနှင့် သူဌေးကျော်ကြီးဖြစ်လာခဲ့ရသည်။ ပညာခေတ်ဆိုတာ ဒါပဲလားဟုလည်း တွေးနေမိသည်။ ဂေါတမမြတ်စွာဘုရားက ပညာဓိကဘုရားဖြစ်သည်။ ထို့ကြောင့် ပညာထွန်းကားလိမ့်မည်ဟူသော စကားကိုလည်း သတိရမိလိုက်သေးသည်။

ပညာခေတ်ကြီးသို့ ရောက်လာပြီ။

ထို့ကြောင့် "အောင်သင်း-မင်းက ကလေးတွေကို ယပင့်ရရစ်သင်ပေးတတ်ရုံကလေးနဲ့ ဆရာလုပ်နေမှာလား" ဟု ကိုယ့်ကိုကိုယ် ပြန်မေးနေရသည့် အဖြစ်သို့ရောက်လာနေပါပြီ။ ကျွန်တော့်ကွန်ပျူတာ Pentium 133 ကြီးကို စိတ်ပျက်လက်ပျက်ကြည့်လိုက်ရင်း ရှေ့မှာ ကျွန်တော် ကျောင်းဆရာလုပ်စားဖို့ စားပေါက်မလွယ်တော့ဘူးထင်ပါရဲ့ဟုလည်း တွေးပူနေမိသည်။

http://www.cherrythitsar.org



# ရှင်ဘုရင်ပါပဲ

'ဝေဒမဂ္ဂဇင်း'က ကျွန်တော့်အား ဆောင်းပါး တစ်စောင်လောက်ပေးပါရန် ပြောလာသည်။ ကျွန်တော်က ဝေဒလို မဂ္ဂဇင်းမျိုးအတွက် ရေးစရာအကြောင်းအရာ ကျွန်တော့်မှာ မရှိကြောင်း ပြောပြသည်။ သူတို့က ဆရာ ရေးချင်တာကိုရေးပါ၊ ဘာကိုပဲ ရေးရေးထည့်ပါမည်ဟု ပြောပြသည်။ အခေါက်ခေါက် လာ၍အခါခါတောင်ပန် ခဲ့သည်။ အထူးသဖြင့် 'ဝေဒသမီးပျို' ကဇွဲကောင်းလှသည်။ ထို့ကြောင့်သာလျှင် ဤဆောင်းပါးကို ရေးဖြစ်ခဲ့ခြင်းဖြစ်သည်။

ဤသို့သော ဗေဒင် မန္တရား သိဒ္ဓိစသော စာစောင်များ တွင် ကျွန်တော် မရေးချင်။ လူငယ်တွေကိုလည်း ထိုစာစောင် မျိုးတွေကိုဖတ်ပြီး 'ဗေဒင်ဟောရာ နားထောင်ကာ ချမ်းသာရာ နိုးနိုး'မဖြစ်စေချင်။ ဗေဒင်ဆရာ ဟောလိုက်တိုင်းလျှောက်လုပ် ၍အမှားမှားအယွင်းယွင်းဖြစ်ခဲ့လျှင်ဗေဒင်ဆရာက သူ့ကြောင့် ဖြစ်ရသည်လို့ ဘယ်တော့မှ တာဝန်ယူလိမ့်မည်မဟုတ်ကြောင်း

http://www.cherrythitsar.org



စသည့်တို့ကိုပင်တစ်ခါက ကျွန်တော်ရေးခဲ့ဖူးသည်။ ထိုဆောင်းပါးကို နာမည်ကြီးဗေဒင်ဆရာတစ်ယောက်က နာမည်ဝှက်နှင့် ခပ်ပြင်းပြင်းတုန့်ပြန်ရေးသားခဲ့ကြောင်း ကြားလိုက်ရသေးသည်။ ကျွန်တော်က အလုပ်ရှုပ်ခံပြီး ရှာဖတ်မနေတော့ပါ။ ပြန်ပြီးရေးနေစရာမလိုဟု ယူဆသောကြောင့်လည်းဖြစ်ပါသည်။

ကျွန်တော်ကိုယ်တိုင် ဗေဒင်မမေးစဖူးမဟုတ်ပါ။ မေးဖူး ရုံမျှမက မတောက်တခေါက်ပင် ဖတ်လိုက်တွက်လိုက် လုပ်ခဲ့ ဖူးပါသေးသည်။ ကွယ်လွန်သူ ဆရာဇဝနက ဗေဒင်အကြောင်း စကားစပ်မိ၍ 'အယ်လင်လီယို' ပြုစုသော စာအုပ်တစ်အုပ် ရှာမရကြောင်းပြောရာ ကျွန်တော့်မှာ ရှိနေသဖြင့် ငှားလိုက်ရဖူးပါသေးသည်။ ထိုနည်းတူလက္ခဏာပညာဆိုင်ရာ စာအုပ်များကိုလည်း ထိုက်သင့်သလောက် ဖတ်ခဲ့ဖူးပါသည်။

ဤသည်ကို အဆန်းဟုမဆိုသင့်ပါ။ ကိုယ့်အကြောင်း ကိုယ်စိတ်မဝင်စားသူ ဘယ်မှာရှိနိုင်ပါမည်နည်း။ လောကကြီးတစ်ခုလုံးတွင် မိမိအကြောင်းလောက် စိတ်ဝင်စားစရာကောင်းသည့်အရာ အဘယ်မှာရှိနိုင်ပါမည်နည်း။ ဗေဒင်စာအုပ် လက္ခဏာစာအုပ်ကိုဖတ်ပြီး ကိုယ့်ဇာတာကိုယ်ပြန်စစ်၊ ကိုယ့်လက်ကိုယ်ပြန်ကြည့် လုပ်မိတတ်ကြသည်။ လူငယ်တွေထဲမှာ လက္ခဏာပညာလိုက်စားသူရှိလျှင် (အထူးသဖြင့် ကျောင်းသူလူငယ်များက) ထိုသူ့ရှေ့တွင် လက်ဝါးလေး တဖြန့်ဖြန့်နှင့် မေးကြမြန်းကြတတ်သည်မှာ အဆန်းမဟုတ်တော့ပါ။ ကိုယ့်အကြောင်းကို သိချင်လို့သာပေါ့။

ဗေဒင်ဆရာရှေ့တွင် ထိုင်လိုက်မိပါပြီဆိုကတည်းက

http://www.cherrythitsar.org



"ဒီဇာတာရှင်ဟာ. . . "လို့ အစချီတဲ့ပြီး ကိုယ့်အကြောင်းကို ချည်း ကြားနေရသည်မဟုတ်လား၊ ဆက်ပြီးနားထောင်လိုက် တော့ "မွေးလဂ်မှ လေးတန့်၊ ရောက်ပြန်လို့ တူစုံ၊ ရွှေခြသေ့် ငှက်ဂဠုန်ငယ်၊ စန်းငွေယုန်ပျော်ပါး၊ မင်းကတော့် ဇာတာမှန် တယ်၊ ဇဝကန် ဟောတော့မမှားဆိုတဲ့အတိုင်း မုချကတော် ဆယ်ပါး တစ်ပါးအပါအဝင် ဖြစ်ရမယ့်ဇာတာရှင်ပါပဲ"လို့ ဆို လိုက်တော့ နားဝင်ချိုပြီး ခါးလေးများတောင် မတ်သွားလိမ့်ဦး မည်။ (ပြီးမှ. . . နတ်ကတော်ပဲဖြစ်နေနေပေ့ါ)

ဆိုခဲ့သည့်အတိုင်း ကျွန်တော်လည်းဗေဒင်ကိုမေးခဲ့ဖူး ပါသည်။ စကားကြုံလာသည်နှင့် သတိရလာသောကြောင့်ပြော လိုက်ရဦးမည်။ သောင်းကျန်းသူများဖမ်းသောကြောင့် ကျွန်တော် သရက်ထောင်ထဲမှာ ရောက်နေတော့ ထုံးစံအတိုင်း ထောင်ကလွတ်ချင်သည့်ပေ့ါ။ အရွယ်ကလည်း ကမန်းကတန်း မိန်းမပိုးချင်သည့်အရွယ်ဆိုတော့ ပိုလို့ဆိုးသည်ဟု ပြောရမည် ထင်သည်။ ထောင်ထဲတွင် ပါလာသူတစ်ယောက်က ပွင့်ဖြူက အလံနီ 'သခင်ဖိုးဘ'။ ကျွန်တော်ကသူ့နာမည်က အလွန်စီးပိုး စီးနင်းရှိသည်ဟုပြောတော့ သူက "ဘာဖြစ်လို့လဲကွ"တဲ့။ "ဟာ ခင်ဗျားကို အဖိုးလဲခေါ်ရသေး၊ အဘလဲခေါ်ရသေး၊ ဒီထက်စီး တဲ့နာမည်ရှိသေးလား"လို့ပြောတော့ သူကရယ်ပြီး"အေး. . . မင်းလိုကောင်မျိုးတွေအတွက် မှည့်ထားတာကွ"တဲ့။ ၁၉၈၄ လောက်က ပွင့်ဖြူကို စာပေဟောပြောပွဲအတွက် ရောက်သွား လိုက်တော့ စက်ဘီးတစ်စီးနှင့် သူ့ကိုတွေ့လိုက်သေးသည်။ "ဟေ့ကောင်. . . အောင်သင်း. . . တို့မြို့ကိုလာပြီး ဘာတွေ

http://www.cherrythitsar.org



တောင်ပြောမြောက်ပြောလုပ်ဦးမလို့လဲ” လို့အော်သွားသေးသည်။

အဲဒီ သခင်ဖိုးဘက ဗေဒင်အတော်လေးတွက်တတ်သည်။ (ကျွန်တော်တွေ့ဖူးသော အလံနီကွန်မြူနစ်အတော်များများသည် ဗေဒင်ဝါသနာပါသည်ကိုတွေ့ရသည်။ ဤကားစကားချပ်)ဒါနှင့် ကျွန်တော် ဘယ်တော့လောက် ထောင်ကလွတ်မလဲဆိုတာကို သခင်ဖိုးဘအား တွက်ပေးစမ်းပါပြောတော့သူကတွက်ပေးမည်ဟုပြောပြီး နေ့ရွှေ့ညရွှေ့နှင့်အတော်လေးကိုကြာသွားသည်။ နောက်တော့ ကျွန်တော်က စိတ်မရှည်တော့သည်နှင့် ဒီနေ့တွက်ပေးဗျာဟု ဇွတ်ခိုင်းမှ ကျောက်သင်ပုန်းလေးမှာ တစ်ချောက်ချောက်နှင့်တွက်ပါလေတော့သည်။ ကျွန်တော်က နားလည်နိုင်တော့ဘဲ. .

“သခင်ဖိုးဘ. . . ကျုပ်ကိုခုနှစ်သက္ကရာဇ်တောင်မမေး ဘဲ ဘယ်လိုလုပ်တွက်နေတာလဲဗျာ”

“မင်းကိုတွက်တာမဟုတ်ဘူးကွ၊ ငါ့ဇာတာ ငါတွက်နေတာ”

သခင်ဖိုးဘရယ်. . . သေလိုက်ပါတော့၊ ကျုပ်ကိုတွက် ပေးစမ်းပါဆိုမှ၊ ခင်ဗျားဘာသာခင်ဗျားနောက်မှတွက်ကျုပ်ကို အရင်တွက်ပေးဦး”

သည်တော့မှ သခင်ဖိုးဘက မှတ်လောက်သားလောက် စကားတစ်ခွန်းကိုပြောသည်။

“ဟေ့ကောင်. . . အောင်သင်း၊ မင်းနားမလည်ဘဲမပြောနဲ့ကွ။ ဗေဒင်ဆရာဇာတာနိမ့်နေတဲ့အခါမှာ ဟောသမျှ

http://www.cherrythitsar.org



လွဲနေတတ်တယ်။ နားလည်လား။ ဗေဒင်ဆရာတွေ ဗေဒင်မဟောဘဲ တစ်နေရာရာမှာ အဓိဌာန်ဝင်နေတယ်ဆိုတာတွေဟာ သူတို့ကိုယ်တိုင်က ဇာတာနိမ့်နေတဲ့အခိုက်မို့ ဟောခန်းကို ရှောင်နေတာကွ၊ မှတ်ထား” တဲ့။

ကျွန်တော့်မှာ အသာလေး ကုပ်နေလိုက်ရသည်။

အဲသည်လိုနှင့် သူ့ဇာတာကို သူကျေနပ်တော့မှ ကျွန်တော့် ခုနှစ်သက္ကရာဇ်တွေကိုမေးပြီး တွက်လေတော့သည်။ အတော်လေးကြာကြာတွက်ပြီးတော့ သူမဟောသေးဘဲ ငိုင်နေပြန်သည်။ ကျွန်တော်က သူ့အဟော စောင့်နေသည်။

“ကဲ. . . ဟောလေဗျာ”

“မဟုတ်ဘူးကွ. . . ငါဇဝေဇဝါဖြစ်နေတယ်”

“ဘာကို ဇဝေဇဝါဖြစ်တာလဲ”

“မင့်ဇာတာအရဆိုရင် လာမယ့် လေးဆယ့်လေးရက်အတွင်းမှာ လွတ်ကိုလွတ်ရမယ်။ အဲဒီထက်ပိုပြီးနေရကိန်း မရှိဘူး”

“ဒါဖြင့်ရင်လဲ ပြီးရောပေါ့. . . ဘာကိုဇဝေဇဝါဖြစ်တာ လဲ”

“ငါ့ဇာတာက မလွတ်နိုင်ဘူး၊ မင်းတို့ငါတို့ကို တစ်ပြိုင်တည်းဖမ်းတာဆိုတော့၊ တစ်ပြိုင်တည်းပဲ လွတ်ရမယ်မဟုတ်လား၊ အဲဒါကြောင့် ဇဝေဇဝါဖြစ်နေတာကွ”

“ဒါများ ဇဝေဇဝါဖြစ်နေရသေးလား၊ ကျုပ်က လေးဆယ့်လေးရက်အတွင်း လွတ်မယ်ဆိုပြီးတာပဲ၊ ခင်ဗျားဘာသာ ထောင်ထဲမှာ တစ်သက်လုံးပဲနေနေ. . . ”

http://www.cherrythitsar.org



သည်တော့ သူကထ ဆဲပါလေတော့သည်။

မေ့မေ့ပျောက်ပျောက်ပဲ နေခဲ့ရာမှ နောက်ပိုင်းမှာ ပြန်စဉ်းစားကြည့်လိုက်တော့ အဲဒီနောက် တစ်လမပြည့်ခင် ကျွန်တော်က ထောင်ဖောက်ပြေးခဲ့လို့ လွတ်လာခဲ့သည်။ သခင်ဖိုးဘ ကျန်ရစ်ခဲ့သည်။ နောက်ထပ် လေးငါးလလောက်ကြာမှ သူတို့လွတ်လာခဲ့ကြသည်။ သခင်ဖိုးဘ ဟောတာမှန်သည်ဟု ဝန်ခံရမည်။

ဤသို့ မှန်သည်ကိုလည်း တွေ့ခဲ့ဖူးပါသည်။ တက်တက် စင်အောင် လွဲတာတွေကိုလည်း တွေ့ခဲ့ဖူးပါသည်။ ကျွန်တော် ပြောချင်သည်က. . .

ကျွန်တော် ကြားနာဖူးတာတစ်ခုကိုပြောပါမည်။

တစ်ခါသော်မြတ်စွာဘုရားသခင်ထံတော်သို့ ပုဏ္ဏား တစ်ယောက်က ရောက်လာပြီး သူ ဘယ်အခါတွင်သေရမည်။ သေပြီးလျှင် ဘယ်ဘဝရောက်မည်ကို လျှောက်ထားမေးမြန်းသည်။ ဘုရားရှင်က သေမည့်ကာလကိုမိန့်သည်၊ သေပြီးနောက် ဤမည်သော တောကြီး၌ မျောက်ဖြစ်လိမ့်မည်ဟု ဟောလိုက်သည်။

ထို့နောက် ကာလအတန်ကြာတော့ ပုဏ္ဏားကြီး ဘုရားရှင်ထံရောက်လာပြီး ဘုရားရှင် ဟောလိုက်သည့်ကာလကိုလွန်လာပြီဖြစ်ကြောင်း၊ ယခုတိုင် မသေသေးကြောင်း လျှောက်ထားသည်။ သည်တော့ ဘုရားရှင်က. . .

"သည်အတောအတွင်းမှာ သင်ပုဏ္ဏား ဘာတွေလုပ်သေးသလဲ"

http://www.cherrythitsar.org



"အရှင်ဘုရားဟောတဲ့အတိုင်း သေရင် ဟိုတောကြီး ထဲမှာ မျောက်သွားဖြစ်ရမှာပါ။ ဒါကြောင့် ကျွန်ုပ်ဟာ မျောက် ဖြစ်တဲ့အခါမှာ ချမ်းသာစွာနေရအောင် အဲဒီတောကြီးထဲမှာ ရေကန်တူးပါတယ်။ ချိုမြိန်တဲ့ သီးပင်စားပင်တွေကိုလဲ စိုက်ပျိုး ပါတယ်။"

"ပုဏ္ဏား. . . အခု အဲဒီတောကြီးဟာ သာယာပါရဲ့ လား"

"အလွန်သာယာပါတယ်ဘုရား သီးပင်စားပင်ဝေဝေ ဆာဆာနဲ့၊ ရေကန်ကြီးကလဲ အေးမြကြည်လင်တာကြောင့် ကျေးငှက်အပေါင်းတို့ ပျော်မွေ့ရာဖြစ်နေပါတယ်ဘုရား"

"ပုဏ္ဏား. . . အဲဒီကောင်းမှုကြောင့် အသင်ဟာ ဤမျှအသက်ရှည်လာရသည်ကို သိလော့"

သေတော့လဲ အဲဒီတောမှာပဲ မျောက်ကြီးသွားဖြစ်ခဲ့ ရတာပါပဲ။

ဤဒေသနာကို ကျွန်တော် မကြာခဏစဉ်းစားကြည့် မိဖူးသည်။ ထို့ပြင် ၁၉၅၀ လောက်တုန်းက ဆရာစန္ဒြထံ လက္ခဏာမေးခဲ့တော့ ဆရာပြောလိုက်သည့်စကားကိုလည်း ကျွန်တော် သတိရမိသည်။ လက္ခဏာကြည့်ပြီးလို့ သူဟောသင့် တာတွေဟောပြီးတော့ မေးချင်တာမေးပါဆိုသည်နှင့်. . .

"ဆရာ. . . ကျွန်တော့်မှာ လူတောသူတော မတိုးနိုင် အောင် လူဖြစ်ရှုံးနိုင်တဲ့ ဝေဒနာဖြစ်နိုင်သလား"

"ခင်ဗျားလက္ခဏာမှာ မပါဘူး။ ဒီနေရာမှာ ခင်ဗျား သိထားရမှာက ကျုပ်တို့ ဗေဒင်လက္ခဏာပညာဆိုတာ အတိတ်

http://www.cherrythitsar.org



ကံကိုသာ ဟောနိုင်တာ ပစ္စုပ္ပန်ကံဆိုတာက ကျုပ်တို့နဲ့မဆိုင်ဘူး။ ခင်ဗျားနဲ့သာဆိုင်တာ၊ အတိတ်ကံမှာ မပါဘူးလို့ ကျုပ်က ဟောလိုက်တာနဲ့ ခင်ဗျားကတွေ့ကရာ လျှောက်လုပ်နေရင် တွေ့ကရာဖြစ်မှာပဲ။ ကံယုံပြီးဆူးပုံနင်းရင် ဆူးစူးမှာပဲ”

ဆရာပြောပုံက ပြတ်သည်၊ ရှင်းလည်းရှင်းသည်။

အထက်ပါပြောခဲ့သော ပုဏ္ဏားကြီး စဉ်းစားပုံကို ကျွန်တော်ထပ်ပြီး စဉ်းစားကြည့်သည်။

သူသေရမည်ကို အေးအေးဆေးဆေးပဲ လက်ခံလိုက်သည်။ သွေးအေးအေးရင်ဆိုင်သည်။ ရှောင်လို့ တိမ်းလို့မရနိုင်တဲ့ကိစ္စဟု လက်ခံလိုက်သည်။

ပြီးမှ-ရောက်ရှိလာမည့် အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြံစည်ဖန်တီးသည်။

ကိုယ်မတတ်နိုင်တာကို လက်ခံလိုက်သည်။ ကိုယ်တတ်နိုင်သည့်အပိုင်းကို အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်သည်။

အကယ်၍. . .

ဘုရားရှင် မိန့်ကြားလိုက်သည်ကို ကြောက်လန့်ချောက်ချားပြီး ပေါက်တတ်ကရလျှောက်လုပ်လျှင် မျောက်လောက်အဆင့်တောင်မှ ရောက်ချင်မှရောက်တော့မည်။ သည်ထက်နိမ့်သော ဘဝသို့ပင် ရောက်ကောင်းရောက်သွားပေလိမ့်ဦးမည်။

ထို့ပြင် အသက်ရှည်ရာရှည်ကြောင်း ရေတွင်းရေကန်တူးခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း စသည့်ယတြာတို့မှာ ဤပုဏ္ဏား

http://www.cherrythitsar.org



ကို အခြေခံခဲ့သည်လောဟုလည်း စဉ်းစားမိသည်။

မည်သို့ပင်ဖြစ်စေ- ဗေဒင်လက္ခဏာဆိုသည်မှာ အတိတ်ကံကိုသာ ဟောနိုင်စွမ်းရှိသည်။ ပစ္စုပ္ပန်ကံဆိုသည်မှာ ကိုယ်နှင့်သာလျှင် ဆိုင်သည်ဟူသော အချက်ကို ကျွန်တော် ခိုင်ခိုင်ကြီးယူထားသည်။

ထို့ပြင် . အတိတ်ကံ၏အရိပ်ကို ပစ္စုပ္ပန်လုပ်ရပ်က ထိုက်သင့်သလောက် ပြုပြင်နိုင်သည်ကိုလည်း သတိပြုမိလိုက်သည်။

ကျွန်တော်လူငယ်တွေကို ဒါကိုပဲ ပြောချင်သည်။

ပုံတစ်ပုံ ပြောလိုက်ရဦးမည်။

တစ်ခါက ဗေဒင်လက္ခဏာကျွမ်းသော ပုဏ္ဏားတစ်ယောက်သည် ခရီးသွားရင်း လမ်းပေါ်တွင်ခြေရာတစ်ခုကို တွေ့လိုက်သည်။ ခြေရာပေါ်နေသော အရေးအကြောင်းလက္ခဏာကိုကြည့်လိုက်တော့ မင်းဧကရာဇ်တို့၏ လက္ခဏာဖြစ်နေသည်။ ပြည်သူလူထု အခြေအနေကို စနည်းနာရန်ထွက်လာသော ပြည့်ရှင်မင်းတစ်ပါး၏ ခြေရာလေလော၊ သို့တည်းမဟုတ်မူ၍ ထီးနန်းကိုစောင့်လင့်နေသော မင်းလောင်း၏ခြေရာလေလော သိလိုစိတ်ပြင်းပြလှသောကြောင့် ခြေရာကိုနောက်ယောင်ခံလိုက်လံမိသည်။ ခြေရာရှင်ယောက်ျားကို တွေ့ပါပြီ။

ထို့ကြောင့် ဆက်ပြီးလိုက်မိသည်။ သို့နှင့် လမ်းခုလတ်လူပြတ်သောနေရာရောက်တော့ ထိုယောက်ျားသည် အပေါ့စွန့်သည်။ ပုဏ္ဏားကြီး ဘဝင်မကျနိုင်တော့။ သူအပေါ့စွန့်ပုံက

http://www.cherrythitsar.org



အောက်တန်းကျလှသည်ဟု ထင်မိသည်။ သို့သော် ခြေရာ အရေးကြောင်းက မုချ မင်းဧကရာဇ်တစ်ပါးဖြစ်ရမည်ဟု ညွှန်းနေသည်။ ထို့ကြောင့် ဆက်ပြီးလိုက်သွားရင်း သူနှင့်ခရီး သွားဖော်ချင်းအဖြစ် မိတ်ဖွဲ့သည်။

"ဒီက မိတ်ဆွေက ဘာအလုပ်လုပ်ပါသလဲ"

"ကျုပ်က ဇာတ်ထဲကပါ၊ ဇာတ်သမားပါ"

"ဇာတ်ထဲမှာတော့ ဘာလုပ်ရပါသလဲ"

"ရှင်ဘုရင် လုပ်ရပါတယ်"

လူငယ်တွေကိုပြောချင်တာက အဲဒါပါပဲ။

အတိတ်ကံအရ ရှင်ဘုရင်ပါပဲ. . .

http://www.cherrythitsar.org



# ကန်ပေါင်ရိုးမှာ

ကောင်လေးတစ်ယောက်က ကန်ပေါင်ရိုးတစ်ခုပေါ်မှာ ထိုင်ပြီး ငါးမျှားနေသည်။ ထိုအခိုက် လေယာဉ်ပျံကြီးတစ်စင်းက သူခေါင်းပေါ်ကပျံသွားသည်။ ကောင်လေးက မော့ကြည့်လိုက်မိပြီး အဲဒီလေယာဉ်ကြီးကို မောင်းရတဲ့ လေယာဉ်မှူးကြီးဖြစ်ရရင် ဘယ်လောက်ကောင်လိုက်မလဲဟု စိတ်ကူးယဉ်မိလိုက်သည်။ နောင် နှစ်ပေါင်းအတော်ကြာတော့ သည်ကောင်လေးက တကယ့်ကို လေယာဉ်မှူးကြီးတစ်ယောက်ဖြစ်လာခဲ့သည်။ ဤသို့နှင့် တစ်နေ့မှာ လေယာဉ်ကြီးကိုမောင်းလာရင်း အောက်ဘက်ဆီကို လှမ်းကြည့်လိုက်တော့ ကန်ပေါင်ရိုးတစ်ခုမှာ ကောင်လေးတစ်ယောက် ဇေလူလူထိုင်ပြီး ငါးမျှားနေသည်ကို လှမ်းမြင်လိုက်မိသည်။ ဒီတော့ လေယာဉ်မှူးကြီးစိတ်ထဲတွင် ဒီကောင်လေးလို ဇေလူလူထိုင်ပြီး ငါးမျှားနေရရင် ဘယ်လောက်ကောင်းလိုက်မလဲဟု အားကျစိတ်ကူးလိုက်မိသည်။

http://www.cherrythitsar.org



ဘယ်မှာဖတ်ခဲ့ဘူးတာလဲ၊ ဘယ်သူပြောလိုက်တာလဲ ကျွန်တော် မမှတ်မိတော့ပြီ။ သည်အကြောင်းအရာလေးကို ပုံပြင်ခေါ်ဖို့လဲ ခပ်ခက်ခက်ပါပဲ။ ဘာပဲခေါ်ခေါ် ကျွန်တော် မကြာခဏသတိရမိသည်။ လေယာဉ်စီးလိုက်တိုင်းလည်း သတိရမိသည်။ မကြာသေးမီက ကျွန်တော် စာပေဟောပြောပွဲအတွက် မြိတ်မြို့သို့ လေယာဉ်ဖြင့် သွားခဲ့ရသည်။ ဒီတော့လည်း ဒါလေးကို သတိရမိလိုက်ပြန်သည်။

မကြာသေးမီက ကျွန်တော့် တပည့်ဟောင်း ဇနီးမောင်နှံကို ပြန်တွေ့လိုက်သည်။ သူတို့က 'သူကြွယ်'ဟု ခေါ်နိုင်သော မောင်နှံတွေဖြစ်နေကြပါပြီ။ ပွားစီးလာသောသားသမီးတွေနှင့်အတူ ကျွန်တော့်ကို ဟိုး. . . ရှေးကအတိုင်း ချစ်ချစ်ခင်ခင် ဧည့်ခံကြသည်။ သူတို့နှစ်ယောက် ချစ်သူဘဝကအတော်လေးကို ရုန်းခဲ့ ကန်ခဲ့ရှာသည်။ ကျွန်တော့် မျက်စိအောက်မှာတင် တွေ့ခဲ့ရတာဆိုတော့ ကျွန်တော်လည်း မမေ့နိုင်၊ သူတို့ကလည်း မမေ့နိုင်ပါပဲ။ ဒီလိုနှင့် ရှေးဟောင်းနှောင်းဖြစ်တွေကို စကားစပ်မိလိုက်တော့ တပည့်မလေး 'သူကြွယ်ကတော်ကြီး'က "ဆရာရယ်. . . ကျွန်မတို့ ချမ်းသာပါတယ်။ အစစပြည့်စုံပါတယ်။ ဒါပေမယ့် ဆရာက ကျွန်မတို့ ငယ်ဘဝကိုအားလုံးသိခဲ့ပြီးသားဖြစ်နေတာကြောင့် ပြောလိုက်ရဦးမယ်။ အဲဒီတုန်းက ရုန်းခဲ့ ကန်ခဲ့ရသလောက် မပျော်တော့ဘူး ဆရာရေ၊ အခုလေ ကျွန်မတို့မှာ ဆရာမြင်တဲ့အတိုင်း အခြွေအရံစသည်အားဖြင့် လိုလေသေးမရှိလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် စိတ်ပင်ပန်းရတာတွေနဲ့ မကာမိဘူးလို့တောင်ထင်ပါတယ်" တဲ့၊

http://www.cherrythitsar.org



သူပြောနေစဉ်အခိုက်မှာပင် ကျွန်တော်ကလေလယာဉ် မှူးကြီးကို သတိရလိုက်မိသေးသည်။

ကျွန်တော်ကိုယ်တိုင်၏ အဖြစ်ကိုလည်း ပြောလိုက်ရပါဦးမည်။ ယခုဆိုလျှင် ကျွန်တော်သည် စာရေးဆရာတစ်ယောက်ဖြစ်နေခဲ့ပြီ။ ဆရာကြီးစာရင်းတွင်ပင်ဝင်နေခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် မဂ္ဂဇင်းများ၊ စာစောင်များကလည်း ကျွန်တော့်စာကို မက်မက်မောမော တောင်းခံကြပါသည်။ ကျွန်တော်ကလည်း တတ်နိုင်သမျှ ကြိုးစားပမ်းစား ရေးပေးမိတတ်ပါသည်။ သည်လိုဖြစ်လာတော့ စာဖတ်ချိန်အတော်ကြီးကိုလျော့နည်းလာပါတော့သည်။ စာရေးဆရာတစ်ယောက်ဖြစ်မလာမီက ကျွန်တော်အလွန်နှံ့ကို စာဖတ်ခဲ့သည်။ ထိုကာလကိုလွမ်းမိသလိုလို မကြာခဏဖြစ်မိသည်။ စာရေးသူတစ်ယောက်မဟုတ်ဘဲ စာဖတ်သူတစ်ယောက်သာဖြစ်လိုက်ချင်မိသည်။ တစ်ပတ်မှာ တစ်ရက်သတ်သတ်လို စာဖတ်ရန်သတ်မှတ်ထားရသည်။ သို့သော် ဧည့်သည်ကိစ္စ၊ လူမှုရေးကိစ္စဆိုတာမျိုးတွေ ဝင်လာလိုက်ပြန်သောအခါ ထိုတစ်ရက်ကလေးကုန်သွားသောကြောင့် နှမြောလိုက်ရမိသည်မှာလည်း မကြာခဏဖြစ်သည်။ နောက်ပြီး စာမဖတ်ဘဲ ရေးလို့ချည်းသာနေလျှင် ခပ်တုံးတုံးစာရေးဆရာဖြစ်သွားမည်ကိုလည်း သိနေပြန်သည်။ ခပ်တုံးတုံးစာရေးဆရာဖြစ်နေရသည်ထက် စာဖတ်သူသက်သက်ဖြစ်နေရသည်က ပိုကောင်းသည် မဟုတ်လား။

သို့ဖြစ်လျှင် နာမည်လေး နေရာလေးရနေသော စာရေးဆရာအဖြစ်ကို စွန့်လွှတ်နိုင်ပါရဲ့လားဟု ကိုယ့်ကိုကိုယ်

http://www.cherrythitsar.org



သချာပြန်ပြီး စစ်မေးကြည့်လိုက်တော့ မစွန့်လွှတ်နိုင်ပြီဟူသော အဖြေကိုရလာပြန်သည်။

လေယာဉ်မှူးကြီး၏ တောင့်တချက်ကို သေချာစဉ်းစားကြည့်လိုက်ပြန်တော့ သူလည်းထိုဘဝမျိုးကို ပြန်မသွားနိုင်တော့ပြီဟုပဲ ထင်မိသည်။ ကျွန်တော့်၏တပည့်သူကြွယ်မလေး ပြောလိုက်သည်ကိုလည်း သေချာစဉ်းစားကြည့်မိသည်။ ပြောမည့်သာပြောနေသည်။ သူလည်းထိုသို့သော ဘဝမျိုးသို့ ဘယ်မှာပြန်လို့ရောက်ချင်ပါမည်နည်း။

လူကြီးတွေပြောလေ့ရှိသော စကားတစ်ခွန်းကိုပြန်ပြီး ကြားယောင်မိလာပြန်သည်။ "ငယ်ငယ်တုန်းက ကန်ပေါင်ရိုးမှာ ငပိဖုတ်နဲ့ထမင်းမြိန်ခဲ့တာကို ပြန်ပြောမနေနဲ့"ဟူသော စကားဖြစ်ပါသည်။ ငယ်ငယ်တုန်းက ငပိဖုတ်နဲ့ထမင်းမြိန်ခဲ့တာ မှန်သော်လည်း ယခုဘယ်မှာမြိန်နိုင်တော့ပါမည်နည်း။ နောက်ပြီး ကျွန်တော်တို့တစ်တွေကလေးဘဝကိုပြန်ပြီး လွမ်းလိုက်မိပြီဆိုလျှင်ပျော်စရာကောင်းသော အကွက်ကလေးတွေလောက်ကိုသာပြန်ပြီး တွေးမိခြင်းဖြစ်သည်။ ကလေးဘဝကိုသေချာ စုံစုံစေ့စေ့ပြန်ကြည့်လိုက်လျှင် ကလေးဘဝအလျှောက်စိတ်ညစ်ခဲ့ရတာလေးတွေ၊ ငိုခဲ့ရတာလေးတွေလည်း တစ်ပုံတစ်ပင်ကြီးရှိခဲ့ဖူးသည်ကို စဉ်းစားမိနိုင်ပါသည်။

ဒီလိုစဉ်းစားကြည့်လိုက်ပြီးတော့လည်း 'ကန်ပေါင်ရိုး' မှာဆိုတာ လွမ်းရုံလောက်သာ ပြန်လွမ်းဖို့ဖြစ်ပြီး 'ပြန်လှမ်း'ဖို့ဆိုတာတော့ မဖြစ်နိုင်မှန်းထင်မိသည်။

http://www.cherrythitsar.org



# ယန္တရား အသစ်

## သိပ္ပံ၏ကျေးဇူး

ဘာသာစကားကို တွေ့လိုက်ခြင်းသည်လူသားတို့၏ လောကကို တစ်ဆင့်မြှင့်လိုက်ခြင်းဖြစ်သည်ဟုဆိုကြသည်။ ထို့အတူ စက်ဝန်းဘီးကိုတွေ့လိုက်ခြင်းသည်လည်း လူ့လောကကြီးကို နောက်တစ်ဆင့် ပြောင်းလဲတိုးတက်လာစေသည်ဟု ဆိုကြပြန်ပါသည်။ ကျွန်တော်တို့ မျက်မှောက်ခေတ်ကိုကြည့်ပြီး ပြောလိုက်ရလျှင်တော့ ကွန်ပျူတာကိုတွေ့လိုက်ခြင်းသည် နောက်တစ်ဆင့်တက်သွားစေပြန်သည်ဟု ပြောရတော့မည်ထင်မိသည်။ ကွန်ပျူတာ၏စွမ်းရည်သည် နောက်ထပ်မည်မျှထိအောင်မြင့်တက်လာဦးမည်၊ ကွန်ပျူတာကြောင့်လူ့လောကကြီးမည်သို့အပြောင်းအလဲတွေဖြစ်လာဦးမည်ကို သိပ္ပံပညာရှင်များပင်မှန်းဆလို့ မရနိုင်အောင်ရှိနေသည်ဟု ပြောကြသည်။ ကွန်ပျူတာဆိုသည်ကလည်း သူ့ဘာသာသူ သန့်သန့်လေးပြောင်းလဲတိုးတက်နေတာမျိုးမဟုတ်။ သူ့ကို အမှီပြုပြီး အခြား

http://www.cherrythitsar.org



ကိစ္စအရပ်ရပ်ကို ပြောင်းလဲတိုးတက်သွားအောင်၊ စွမ်းရည်မြင့်တက်အောင် လုပ်ဆောင်ပေးသောပစ္စည်းဖြစ်လေရာ ကမ္ဘာကြီးတစ်ခုလုံး ရှေ့လျှောက်ဘာတွေပြောင်းလဲကုန်ဦးမည်ကို စိတ်ကူးမြင်ယောင်လို့ပင် မရနိုင်အောင်ဖြစ်နေလေတော့သည်။

## ရှေးလူ ခေတ်လူ

ခက်နေသည်က

လူတွေလုပ်လိုက်သော ပစ္စည်းတွေက တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲတိုးတက်လာသော်လည်း လူတွေရဲ့သဘာဝက ကမ္ဘာဦးကအတိုင်း ကျန်နေရစ်ခဲ့ခြင်းဖြစ်သည်။ ဝိဇ္ဇာ သိပ္ပံစသော ပညာရပ်တွေမှာတော့ ရှေ့လူတွေတွေ့ရှိခဲ့ပြီးကို အခြေခံပြီး နောက်တစ်ဆင့်ထပ်မံတိုးတက်လာအောင် ကြံစည်လို့ဖြစ်နိုင်သည်။

သမိုင်းဘာသာရပ်ကိုလေ့လာပြီဆိုလျှင် ရှေ့သွားသမိုင်းပညာရှင်များ၏ တွေ့ရှိချက်ကိုအခြေခံပြီး နောက်ထပ်သုတေသနပြုလုပ်နိုင်သည်။ ပုဂံခေတ်အကြောင်းကို လေ့လာသုတေသနပြုတော့မည်ဆိုလျှင် စာကြည့်တိုက်သို့သွားပြီး ပုဂံခေတ်ဆိုင်ရာ စာအုပ်စာတမ်းတွေကို အခြေခံအဖြစ် လေ့လာနိုင်သည်။ ပြီးမှ နောက်တစ်ဆင့်တက်ပြီးကြံစည်ပြုစုနိုင်သည်။

ထို့အတူသိပ္ပံပညာဘက်တွင်လည်း အက်ဒီဆင်တွေ့ခဲ့သော လျှပ်စစ်မီးလုံးကို အခြေခံပြီး မီးချောင်းတွေ၊ မီးဝိုင်းတွေ၊ မျက်တောင်ခတ်မီးတွေ စသည်အားဖြင့် အမျိုးမျိုးထွင်လိုက်နိုင်သည်။

http://www.cherrythitsar.org



ခက်နေသည်က လူပဲဖြစ်သည်။ ဘယ်သူ့ဘဝမဆို အစကချည်း ပြန်ပြန်စနေရသည်။ မွေးလာလိုက်ပါပြီဆိုလျှင် ကမ္ဘာဦးက လူအတိုင်းပဲ မွေးလာရတော့သည်။ ဘာမျှထူးထူးခြားခြားပါမလာ။ နောက်မှ ပတ်ဝန်းကျင်အလျှောက် တိုးတက်လာသယောင်ယောင်ဖြစ်လာသည်။ ဒါမှာလည်း နေပုံထိုင်ပုံတွေလောက်ကိုသာ ပြောနေရခြင်းဖြစ်သည်။ မွေးကတည်းက တစ်ထွေးကြီးပါလာသော လောဘ၊ ဒေါသ၊ မောဟဆိုတာတွေကတော့ ကမ္ဘာဦးလူသားနှင့် ဘာမျှမထူးဟုဆိုရတော့မည်ဖြစ်သည်။ လူသားတစ်ဦးက တစ်ဦးကို၊ လူအုပ်စုတစ်စုက နောက်တစ်စုကို လွှမ်းမိုးလိုခြင်း၊ ဗိုလ်ကျလိုခြင်း၊ တစ်ဦးပစ္စည်းကိုတစ်ဦးက အနိုင်အထက်လုယူလိုခြင်း၊ စသည်တို့မှာ ကမ္ဘာဦးကျောက်ခေတ်လူသားနှင့် ဘာမျှမခြားဟုသာ ဆိုလိုက်ချင်မိတော့သည်။ ကမ္ဘာဦးကတော့ တစ်ယောက်နှင့်တစ်ယောက် တိုက်ကြခိုက်ကြပြီဆိုလျှင် ကျောက်ခဲနှင့်ပစ်ကြပေလိမ့်မည်။ အခုတော့ ဒုံးတွေ ဗုန်းတွေနှင့်ပစ်ကြသည်။ လူလုပ်ပစ္စည်းတွေက တိုးတက်လာသလောက် လူကလိုက်ပြီး မတိုးတက်နိုင်လေတော့ ကမ္ဘာကြီးတစ်ခုလုံးတွင် ဝုန်းဒိုင်းကြဲနေသော အသံကို တစ်ရံမပြတ်ကြားနေရတော့သည်။

## လူသားမြှင့်တင်ရေး

တစ်ခါဖတ်ခဲ့ဖူးသော ဟာသကလေးကိုပြန်ပြီးသတိရနေမိသေးသည်။

http://www.cherrythitsar.org



လူသားစား လူရိုင်းတစ်ဦးကို လူသားအချင်းချင်း သတ်စားခြင်းမှာ ရိုင်းလှကြောင်းပြောပြတော့၊ ထိုလူက မင်းတို့ လဲစစ်တွေဘာတွေဖြစ်တော့ တစ်ဦးကိုတစ်ဦးသတ်တာပါပဲ၊ ဘာထူးသလဲ ဟုပြန်ပြောသည်။ ဒီတော့ ငါတို့က သတ်ပေမယ့် အသားကိုမစားဘူးဟုပြောသည်။ ဒီတော့လူရိုင်းက "ဟ-ငါတို့ က အသားစားဖို့လို့သတ်တာ၊ မင်းတို့က အသားလဲစားတာ မဟုတ်ဘဲနဲ့ ဒီအတိုင်းသက်သက်မဲ့လိုက်သတ်နေတာ၊ ဒီထက် ရိုင်းတာ ဘာရှိသေးလဲ"ဟု ချေပလေသည်။ ထိုချေပချက်မှာ ဟာသဟုဆိုလိုက်ရသော်လည်း စဉ်းစားဆင်ခြင်စရာတွေပါနေ ကြောင်း စာဖတ်သူသတိထားမိပါလိမ့်မည်။

သမိုင်းတစ်လျှောက်တွင် လူသားကို တိုးတက်လာ အောင် 'လူသားမြှင့်တင်ရေး'လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ သော ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ပါ၏။ ထင်ထင်ရှားရှားကို ပြော လိုက်ရလျှင်တော့ ဗုဒ္ဓမြတ်ရှင်လို၊ ခရစ်တော်လို သူတော်စင် ဘာသာရေး ခေါင်းဆောင်များပင်ဖြစ်ပါသည်။ ထိုထိုသော ပုဂ္ဂိုလ်တို့သည်ကား ပစ္စည်းတိုးတက်ရေးမဟုတ်၊ တိုးတက်သော လူသားဖြစ်မြောက်ရေးအတွက် မီးကုန်ယမ်းကုန် ဆောင်ရွက် သော သူများဖြစ်ကြပါပေသည်။

သို့သော် ဖြစ်လာခဲ့ရပုံက သိပ္ပံ၏တွေ့ရှိချက်များ သည် ဘာသာရေးဟူသမျှ၏ အခြေကိုလိုက်နှဲ့နေသကဲ့သို့ ဖြစ် လာပြန်လေသည်။ ငရဲပြည်၊ နတ်ပြည်ဆိုတာ အဘဘုရား သခင်၊ ကောင်းကင်ဘုံဆိုတာတွေကို သို့လော သို့လောဖြစ်လာ ကြပြန်သည်။ ဒီကြားထဲတွင် သိပ္ပံဖြင့်ထုတ်သော ပစ္စည်းလက်

http://www.cherrythitsar.org



နက်တွေကို သုံးပြီး ဘာသာရေးစစ်ပွဲကိုတောင် တိုက်ကြခိုက်ကြသေးသည်ဆိုလိုက်တော့ 'ဘယ်လိုတွေဖြစ်ကုန်တာလဲဟ' ဟု မျက်စိလည်စရာပင် ဖြစ်လာပြန်တော့သည်။

သိပ္ပံသိပ္ပံဟု ပြောနေရသော်လည်း၊ သိပ္ပံ၏တွေ့ရှိချက်များကို တန်ဖိုးထားနေရသော်လည်း သိပ္ပံပညာရှင်ကြီးများကိုယ်တိုင်ကပင်လျှင် 'ယနေ့သိပ္ပံပညာ၏တွေ့ရှိချက်များသည် တစ်ဧကလောက်ရှိသော လယ်ကွက်ထဲတွင်ကျနေသည့် ပဲစေ့တစ်စေ့ ပမာဏမျှသာ ရှိသေးသည်'ဟု ဆိုလိုက်ပြန်တော့ ဘာကိုဆက်ပြီး တွေးလိုက်ရမှန်းကိုပင် မသိတော့။

## ယန္တရား အသစ်

တစ်ခုရှိသည်က သိပ္ပံကိုအခြေခံသောအယူဝါဒများက ဘာသာရေးကို လုံးဝပစ်ပယ်လိုက်သော်လည်း ဘာသာရေးကဲ့သို့ ခွန်အားကောင်းသော 'ပုထုဇဉ်ထိန်းသိမ်းရေး' ယန္တရားတစ်ခုခုကို လုပ်မပေးနိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သူတို့၏လူ့အဖွဲ့အစည်းကြီးကြီး ငယ်ငယ်တို့သည်လည်း ဖရိုဖရဲဖြစ်သွားခဲ့ရခြင်းဖြစ်ပေသည်။

လာမည့်ရာစုခေတ်တွင် လူသားအားလုံးသည် သိပ္ပံရှာဖွေမှုများကို အာရုံစိုက်ခြင်းထက် သိပ္ပံကပေးလိုက်သောပစ္စည်းများကို မည်သို့ သုံးစွဲကြမည်ကိုအလေးအနက်စဉ်းစားကြရတော့မည်ဖြစ်သည်။

လူသည် မွေးလာရာတွင် ကမ္ဘာဦးကလူနှင့်မခြား

http://www.cherrythitsar.org



လောဘ၊ ဒေါသ၊ မောဟတွေ တစ်ထွေကြီးပါလာခဲ့သည်ဟု အထက်တွင် ဆိုခဲ့ပါသည်။ ထိုလူကို သိပ္ပံပညာတွေကိုချည်းသာ ဖိသင်ပေးနေလျှင် ကမ္ဘာဦးလူသားကို စွမ်းရည်မြှင့်ပေးနေသကဲ့သို့သာ ဖြစ်နေပေလိမ့်မည်။

ပညာရေးစနစ်ကအစ ပြန်လည်သုံးသပ်ကြရတော့မည်ဟု ထင်မိသည်။ အလှကို ခံစားတတ်အောင်၊ လောကကို ချစ်တတ်အောင်၊ လောဘ ဒေါသကို နှံ့စေမည့် သင်ရိုး ညွှန်းတမ်းများ၊ ဘာသာရပ်များကို အားစိုက်ခွန်စိုက်လုပ်ကြမှသာလျှင် ပျော်စရာကောင်းသော၊ နေချင့်စဖွယ်ရှိသော လူ့လောကကြီးဖြစ်လာပေလိမ့်မည်။

နိဂုံးချုပ်အားဖြင့်ဆိုလျှင် ၂၁ရာစုသည် 'ပုထုဇဉ် ထိန်းသိမ်းရေး ယန္တရား'ကို အပြင်းအထန် တီထွင်ဆောက်လုပ်ရမည့် ရာစုကြီးဟု ထင်နေမိပါသည်။

http://www.cherrythitsar.org



# ကြော်ငြာအတွေး

'ကွန်ပျူတာဆိုတာ ဝယ်လိုက်လို့ လက်ထဲရောက်ပြီးရင် အရှုံးပေါ်နေပြီလို့သာမှတ်လိုက်တော့" တဲ့။

ဤသည်မှာ ကွန်ပျူတာလောက၏ ဆိုရိုးစကားဖြစ်ပါသည်။ တကယ်ကိုလည်း မှန်ပါပေသည်။ ကွန်ပျူတာအဆင့် (၁)ကို တစ်သိန်းပေးပြီးဝယ်လိုက်သည်ဆိုပါစို့၊ ဘာမျှမကြာလိုက် အဆင့်(၂)က ထွက်လာပါလေတော့သည်။ ဘာမျှမကြာလိုက်ဆိုတာကို ရှင်းပြလိုက်ရပါဦးမည်။ တစ်ခါတရံ (၃)လလောက်ပဲကြာလိုက်သည်။ အလွန်ဆုံး(၆)လလောက်ပဲကြာသည်ဟု ကျွန်တော်ထင်မိသည်။ ဈေးကတော့ တစ်သိန်းနှစ်သိန်းလောက်ဖြစ်ကောင်းဖြစ်မည်ပေါ့။ ဆိုလိုသည်ကအဆင့် (၁)ပေါ်စကထက် နည်းနည်း သိသိကလေးပဲများသည်။ သို့သော် စွမ်းရည်ကတော့ မက်လောက်အောင် ပိုပြီးထက်မြက်

http://www.cherrythitsar.org



လာသည်။ဒီအချိန်မှာ မိမိလက်ထဲရောက်နေသော ကွန်ပျူတာ အဆင့်(၁)ကို ပြန်ရောင်းမည်ဆိုပါလျှင် ငါးသောင်းလောက် တောင်ပေးမည့်သူမရှိတော့။

နောက်ထပ်သုံးလလောက်ရှိတော့ အဆင့်(၃)က ထွက်လာပြန်လေတော့သည်။ ဈေးကတော့ တစ်သိန်းခွဲ လောက်ဖြစ်ကောင်းဖြစ်မည်။ စွမ်းရည်ကလည်း ပိုလို့ထက်လာ ပြန်တော့သည်။ အဆင့်(၂)ဝယ်ထားသူလည်း ရှုံးသွားပြန်ပါလေ ပြီ၊ အဆင့်(၁)သမားကိုတော့ စကားထဲထည့်ပြောဖို့တောင် မလို တော့ပြီ။ ဒီလိုနှင့်နောက်သုံးလေးလကြာပြန်တော့ အဆင့်(၄) ကထွက်လာလိုက်ပြန်သည်။ စွမ်းရည်ကလည်း ပိုလို့ကောင်း လာပြန်သည်။ ဈေးကတော့ နှစ်သိန်းနီးပါး ဖြစ်ကောင်းဖြစ် မည်။ သို့မဟုတ် တစ်သိန်းခွဲလောက်သာ ဖြစ်ကောင်းဖြစ်နေ မည်။ ဒီလိုနှင့် အဆင့်(၅)ထွက်လာလိုက်တော့ စွမ်းရည်က ဝုန်းဝုန်းဒိုင်းဒိုင်း ပြောင်းလဲတိုးတက်သွားသည်။ ယခင်အဆင့် တွေနှင့်ဘာမျှမဆိုင်တော့။ ကွန်ပျူတာကိုယ်တိုင်က ပြောင်းလဲ သွားသလို သူနှင့်တွဲဘက်ပစ္စည်းတွေကလည်း ပြောင်းလဲသွား သည်။ ထိုထိုသော အရံပစ္စည်းတွေကို ရှေ့ပိုင်းက အဆင့်တစ် -နှစ်-သုံး-လေး ဆိုတာတွေက ကိုင်တွယ်နိုင်စွမ်းမရှိတော့ပြီ။ ဒီတော့ အဆင့်(၁)ကွန်ပျူတာကိုင်ထားသူက အဆင့်(၅)ကို တက်ဝယ်ရတော့မည်။ မဝယ်လို့လည်း မဖြစ်တော့ သူ့လက် ထဲက ကွန်ပျူတာ လက်နှိပ်စက်သာသာလောက်ပဲဖြစ်နေပြီကိုး။

ဤသို့အားဖြင့် ကွန်ပျူတာလုပ်ငန်း လုပ်နေသူများ မှာ မြစ်ကိုအလျားလိုက်ကူးနေရသကဲ့သို့ ဖြစ်နေတော့သည်။

http://www.cherrythitsar.org



ငွေဝင်လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်နေကြသောသူတို့အဖို့ အကြောင်းမဟုတ်၊ ဝါသနာအရှူးထသူများအတွက်ကတော့ အဂ္ဂိရတ်ဝါသနာအိုးများကဲ့သို့ဖြစ်နေလေတော့သည်။

ဤသို့သောပညာရပ်သစ်များကို ဝါသနာရှူးနေသူများမှာ လူမမြင်၊ သူမမြင် တစ်ပုံတစ်ပင်ကြီးရှိသည်။ ပညာရပ်ဆိုသည်ကလည်း ကွန်ပျူတာပညာတစ်မျိုးထဲမှ မဟုတ်ပါပဲ ကလာ၊ဓာတ်ပုံပညာ၊ ရုပ်ရှင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာ စသည်. . စသည်ဖြင့်ပညာရပ်တွေစုံလင်လှသည်။ ထို့ပြင် နောက်တစ်ခုတိုးလိုလိုက်သည်က ဘယ်ပညာမဆို ကွန်ပျူတာနှင့် ဆက်စပ်လာနေပြန်တော့သည်။ ဒီတော့ အဲဒီပညာတွေကို 'ရှာပေဦးတော့ ထမင်းထုတ်ကြီးနဲ့. . . လူပါမသိုးရုံဖြင့် မှာလိုက်ချင်သည်ဆိုသော မြို့မဆရာငြိမ်း၏ သီချင်းကိုဟစ်လိုက်ရမလိုလိုဖြစ်လာလေတော့သည်။

သူတို့နည်းတူ အသစ် အသစ်ထွင်သမျှနောက်သို့ ကောက်ကောက်ပါအောင် လိုက်နေရရှာသော သူများလည်း ရှိနေသေးသည်။ သို့သော် သူတို့လိုက်နေကြသည်က အသိပညာလမ်း၊ အတတ်ပညာလမ်းမဟုတ်၊ စက္ကန့်မလပ် တရစပ် အသစ် အသစ်တွေ တိုးနေသော လူသုံးပစ္စည်းများနောက်သို့ သာဖြစ်သည်။ အထူးသဖြင့် အဝတ်အစား စသောအသုံးအဆောင်များနောက်သို့ အငမ်းမရလိုက်နေကြသည်။မိန်းကလေးများက ပိုလို့ တပ်မက်ကြသည်ကိုလည်း အထူးပြောစရာမရှိတော့။

ထွက်လိုက်သည့်လစဉ်ထုတ်၊ အပတ်စဉ်ထုတ်စာ

စောင်များကိုလှန်ကြည့်လိုက်လျှင်လည်းကြော်ငြာကတစ်ဝက် ကျော်လိမ့်ဦးမည်။ တစ်ချို့စာစောင်များကတော့ ကြော်ငြာသက် သက်မျှသာဖြစ်သည်။ ထိုကြော်ငြာများကို ကြည့်လိုက်လျှင် လည်းမိန်းကလေး အလှပြင်အသုံးအဆောင်များက ထက်ဝက် ကျော်ကျော် နေရာယူထားသည်ကို တွေ့ရမည်ဖြစ်သည်။ အမှတ်မထင် စတိုးဆိုင်ကြီးတွေကို ရောက်သွားလိုက်လို့ ထိုထို သောပစ္စည်းများ၏ ဈေးနှုန်းကို လှန်ကြည့်လိုက်လျှင် ကြောက် ခမန်းလန့်ခမန်းဟု ဆိုလောက်သည်။ ဒါက ကျွန်တော်တို့လို သာမန်ဝင်ငွေသမားများအတွက် ပြောလိုက်မိခြင်းပါ။ မတရား ချမ်းသာသူများကတော့ ကလေးမုန့်ဖိုးလောက်သာ ဖြစ်ကောင်း ဖြစ်နေမည်ပေါ့။

ဒီလိုအဖိုးတန်လူသုံးကုန် အလှကုန်ပစ္စည်းတွေကို မိန်းကလေးတွေ သုံးချင်စွဲချင်လာအောင်လည်း ကြော်ငြာလိုက် ကြရသေးသည်။ ထိုထိုသောအဝတ်အစားတွေကို ဝတ်ပြလိုက်၊ ပြုံးပြလိုက် ကိုယ်ဟန်ပြလိုက် လုပ်ရသော ကိုယ်ဟန်ပြလုပ်ငန်း သည်ပင် လူငယ်လူရွယ်တို့ တမက်မောမောဖြစ်နေသော လုပ်ငန်းကြီးဖြစ်နေပါလေပြီ။ ကုန်စည်ဟူသမျှ၏ အသက် သည်လည်း ကြော်ငြာပေါ်တွင် တည်လာလေပြီလားမသိ၊ ကျားဝတ်လုံချည်ကြော်ငြာများကိုပင်လျှင် မျက်စိနောက် အောင်မြင်နေပြီး၊ နားညည်းအောင်ကြားနေရသည်။ သည်လို ကြော်ငြာများကိုလည်း အလကားကြော်ငြာချင်လို့ ရနိုင်သည် မဟုတ်၊ ငွေပင်ငွေရင်း သောက်သောက်လဲအကုန်ခံနိုင်မှ ကြော်ငြာကောင်းကောင်းဖြစ်နိုင်သည်။ သည်စရိတ်တွေကို

http://www.cherrythitsar.org



ကုန်စည်ပေါ်တင်လိုက်ပြန်တော့ ဝယ်သူက ကြော်ငြာခကိုပါ ပေးလိုက်ရသည့် သဘောဖြစ်လာပြန်တော့သည်။ သို့သော် မတတ်နိုင်ကြတော့ပြီ။ဒီလိုသံသရာကြီးထဲတွင် လည်လာမိခဲ့လေပြီဖြစ်သောကြောင့် ပြန်ထွက်ချင်လို့မရနိုင်တော့ပြီ။

အထည်စက်ရုံကလည်း တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် အထည်စအဝတ်စတွေကို ထုတ်ရပေလိမ့်မည်။ နောက်တစ်ဆင့် အဆင်ဆန်းဆန်းတွေကို ဒီဇိုင်းထုတ်ရဦးမည်။ နောက်ပြီးတော့ အင်္ကျီပုံဆန်းဆန်းတွေကိုထွင်ရဦးမည်။ နောက်ပြီးတော့ မိန်းကလေးချောချောလှလှတွေကို အဝတ်ခိုင်းပြီး ကြော်ငြာအမျိုးမျိုးကိုလုပ်ရဦးမည်။ သည်တော့မှ ကုန်ပစ္စည်းအရောင်းရတွင်ကျယ်မည် မဟုတ်ပါလား။ ထိုကဲ့သို့မှမရောင်းရလျှင် စက်ရုံကြီးများကို ပိတ်ပစ်လိုက်ဖို့သာ ရှိတော့သည် မဟုတ်ပါလား။ အလုပ်လက်မဲ့တွေပေါ်လာပေဦးတော့မည်။

စာဖတ်သူတစ်ခုစဉ်းစား ကြည့်စေချင်ပါသည်။ယခုခေတ်ပေါ်လာသော အဝတ်စ အထည်စများသည် ရှေးခေတ်က သာမန်ချည်ထည် ပိုးထည်များကဲ့သို့မဟုတ်၊ အလွန်ကို ခိုင်ခံ့သည်။ တက်ထရက်လို အစများဆိုလျှင် အမြင်ကတ်လောက်အောင်ခိုင်သောကြောင့် မုန်းနေအောင်ကို ဝတ်ရသည်။ ထိုသို့သော အဝတ်စမျိုးကို ၅စုံလောက်ချုပ်ထားလိုက်မည်ဆိုလျှင် အနည်းဆုံး၂နှစ်လောက်နောက်ထပ်မဝယ်ဘဲ ဝတ်နိုင်လောက်မည်ဟုထင်မိသည်။ သို့သော်ထိုကဲ့သို့၂နှစ်လောက်မဝယ်ဘဲ နေလိုက်ကြလျှင် ထိုစက်ရုံကြီးများပိတ်ပစ်လိုက်ရတော့မည်သာဖြစ်သည်။ ဒီတော့သူတို့ စက်ရုံတွေက

http://www.cherrythitsar.org


လည်းကိုယ့်မှာအဝတ်အစားတွေရှိပါလျက်နဲ့ ထပ်ကာထပ်ကာ ဝယ်ချင်နေအောင် နည်းအမျိုးမျိုးဖြားယောင်းကြရသည်သာ။ သူတို့က ဖြားယောင်းလိုက်ကြတော့ ကျွန်တော်တို့က လည်း ကောက်ကောက်ပါအောင် လိုက်သွားကြတော့သည်သာ။ ဤသို့ဖြင့် အလုပ်သမားတွေက တကယ်မလိုအပ်သော ပစ္စည်းတွေကို ဆက်လက်ထုတ်လုပ်နေကြရပြန်သည်။

အိမ်တစ်အိမ်၊ မိသားစုတစ်ခုတွင် သမီးတစ်ယောက်က အဝတ်အစားတွေတစ်ပုံကြီးရှိနေပါလျက် အသစ်ပေါ်တိုင်း ဝယ်ချင်နေလျှင် အဝတ်အစားလော်လီသည်ဟု ဆိုကြသည်။ မဟုတ်လား၊ (ကျွန်တော့်ကို အတွေးခေါင်သည်ဟု ဆိုချင်လျှင်လည်း ဆိုကြပါတော့။) ကျွန်တော်တို့ လူသားများသည် အဝတ်အစားမှစ၍ အဘက်ဘက်တွင် လော်လီနေကြပြီဟု ထင်နေမိသည်။ မလိုအပ်သော ဖြုန်းတီးမှုတွေကို အတော်ကြီးလုပ်နေကြသည်ဟု ထင်မိပါသည်။

ကျွန်တော် မကြာခဏ သတိရနေမိတာလေးတစ်ခုကို ပြောလိုက်ရပါဦးမည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀လောက်က ဂျာမန်ကျောင်းသားတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့ဖူးသည်။ တစ်နေ့တွင် ဘတ်စ်ကားစီးပြီးသွားကြတော့ သူက ဘတ်စ်ကား ဒရိုင်ဘာ၏လက်ကို မျက်စိမခွာနိုင်အောင် တအံ့တသြကြည့်နေသည်။ကားက ဗွီအိတ်လို့ခေါ်ကြသည့် စစ်သုံးခေါင်းတို ကားကြီးဖြစ်သည်။ စာဖတ်သူတို့လည်းသတိထားမိပါလိမ့်မည်။ ဂီယာထိုးလိုက်လျှင် ဂီယာပြန်ပြုတ်တက်သောကြောင့် ပျဉ်စလေးနှင့်ထောက်ထားရသည်။ ဂီယာ

ပြောင်းချင်ပြန်လျှင်လည်း ထိုပျဉ်ချပ်ကလေးကို လက်နဲ့ဆွဲဖြုတ် ဂီယာပြောင်း၊ ဒါတွေကို မျက်စေ့ဖြင့် ကြည့်နေသည်မဟုတ်၊ လက်ကအလိုလို ကျွမ်းကျင်စွာပြုလုပ်နေသည်ဆိုတော့ ဇာထိုး ကျွမ်းသော မိန်းကလေးတစ်ယောက်လက်ကို ကြည့်နေရဘိ သကဲ့သို့ သူကအံ့သြနေဟန်ရှိသည်။

ကားပေါ်က ဆင်းလာတော့သူက-

"မင်းတို့မြန်မာဒရိုင်ဘာတွေဟာ သိပ်တော်ကြတာ ပဲ"

"မင်းက ဂီယာထိုးလိုက်၊ ပျဉ်ချပ်နဲ့ ကျွမ်းကျင်စွာ ထောက်ထားလိုက် လုပ်နေတာကို သဘောကျလား"

"အေး-အဲဒါလဲပါတယ်။ ဒီထက်ပိုပြီး အံ့သြတာက၊ သိပ်ပြီးသည်းခံ စိတ်ရှည်တာပဲ"

"ဟုတ်လား. . . ဘယ်လိုစိတ်ရှည်တာလဲ"

"ဒီလိုဖြစ်နေတဲ့ ဂီယာကို စိတ်ရှည်လက်ရှည် သည်းခံပြီးသုံးနေတာကိုပြောတာ"

ကျွန်တော့်အဖို့တော့ဖြင့် ဒီလိုမြင်ကွင်းမှာ ဆန်းလှ သည်မဟုတ်၊ သို့သော် သူ့အဖို့ဆန်းကောင်း ဆန်းနေပေလိမ့် မည်ဟု အောက်မေ့လိုက်ပါသည်။ သို့သော် သူက တွေးတွေး ဆဆ ဆက်ပြောပါသည်။

"ငါတို့တိုင်းပြည်က ကားသမားတွေဟာ ဘယ်တော့ မှ ဒီလောက်သည်းမခံဘူး၊ စိတ်မရှည်ဘူး၊ နည်းနည်းလောက် ကလေးချွတ်ယွင်းသွားလိုက်ရင်၊ အသံကလေးမြည်လာလိုက်

http://www.cherrythitsar.org



ရင် မမောင်းချင်တော့ဘူး၊ အင်ဂျင်အသစ်၊ ပစ္စည်းအသစ်ကို ကောက်တပ်လိုက်တော့တာပဲ။ တကယ်လို့ မင်းတို့တိုင်းပြည်က ကားသမားတွေလိုသာ စိတ်ရှည်သည်းခံလိုက်မယ်ဆိုရင် မင်း စဉ်းစားကြည့်၊ ငါတို့ဗောက်စ်ဝက်ဂွန်တွေ ပြည်ပကိုဘယ် လောက်များပိုပြီး ပို့လိုက်နိုင်မလဲ။ ဒီလိုဆိုရင် ပြည်တွင်းချွေ တာမှုကြောင့် ငါတို့တိုင်းပြည် ဘယ်လောက်ပိုပြီးချမ်းသာလိုက် မလဲ။ ဘာဘဲပြောပြော မင်းတို့တိုင်းပြည်က ကားသမားတွေလို စိတ်ရှည်သည်းခံတာ တကယ်ကို ချီးကျူးဖို့ကောင်းတာ အမှန်ပါ ပဲ”

ကိုင်း-စဉ်းစားသာကြည့်ပါတော့၊ ကျွန်တော်က ဒီလို အမြင်မျိုးဘယ်လိုလုပ်ပြီးရနိုင်ပါမည်နည်း။ တစ်ခါမျှ ငွေရေး ကြေးရေး၊ စီးပွားရေးကို စိတ်မဝင်စားခဲ့မိလေတော့ ဒီလိုအတွေး မျိုးကို ယောင်လို့တောင် မတွေးခဲ့မိစဖူး။

သို့သော်လည်း သူ့ကျေးဇူးကြီးပါပေသည်။

ယခုတော့ဖြင့် ကျွန်တော်တို့ ကမ္ဘာသူကမ္ဘာသားတွေ လုပ်နေတာ အဟုတ်မှ ဟုတ်ကြပါလေရဲ့လားဟု စဉ်းစားမိနေ တော့သည်။(‘ကျွန်တော် အတွေးခေါင်နေလျှင်သည်းခံပါ’ဟု အစောကြီးက စကားခံထားခဲ့သည်ကို သတိရစေချင်ပါသည်) ကျွန်တော်တို့ အားလုံး အဘက်ဘက်တွင် လော်လီနေမိကြပြီ ဟုထင်သည်။ မလိုတာတွေကို အကျယ်ချဲ့ပြီး အလုပ်ကြီးတစ်ခု လုပ်နေကြတာများလွန်းလာနေပြီးဟု ကျွန်တော်ထင်နေမိသည်။ ကမ္ဘာမြေကြီးက ထုတ်ဖော်ပေးလိုက်သည့် ပစ္စည်းတွေကို အလွဲ သုံးစားလုပ်လွန်းတာများနေပြီး၊ အသုံးအစွဲလော်လီလွန်းနေပြီ

http://www.cherrythitsar.org



ဟု ကျွန်တော်ထင်နေမိသည်။ ထို့ပြင်လူတို့၏ လုပ်အားစွမ်းရည်ကိုလည်း အရေးမပါသည့်နေရာတို့တွင် သုံးနေကြသည်မှာ တရားလွန်လာနေပြီဟု ထင်မိသည်။ သားသမီးများ မဟုတ်သည့်နေရာတွင် လော်လီဖန်များလတ်သော် မိဘကအပြစ်ပေး ဒဏ်ခတ်ဆုံးမသကဲ့သို့ သဘာဝကြီးက တစ်နည်းနည်း ဒဏ်ခတ်တော့မည်ဟု ကျွန်တော်ထင်နေမိသည်။ လာမည့်မကြာမီသောကာလတွင် ကျွန်တော်တို့လူသားတွေသည် သဘာဝပစ္စည်းတွေ အလဟဿမဖြစ်ရေး၊ လူတို့စွမ်းရည်လုပ်အားမဖြုန်းတီးရေး စသည့်တို့ကို ဝိုင်းဝန်းစဉ်းစားကြရသော အခြေသို့ရောက်လာကြတော့မည်ဟု ထင်သည်။

ရေးနေရင်း ရှက်လည်းရှက်ပါရဲ့၊ ရေးသာရေးနေရသည် ဆင်ခေါင်းခွေးချီသလို ဖြစ်နေကြောင်း ကျွန်တော်သိနေပါသည်။ သို့သော် ထိုထိုသော လူသုံးအပိုပစ္စည်းကြော်ငြာတွေကိုတွေ့လိုက်တိုင်း ဒီအတွေးက တားမရဆီးမရပေါ်ပေါ်လာနေတတ်သောကြောင့် ရေးလိုက်ရခြင်းဖြစ်ပါသည်။

တခြားလူသားပြဿနာတွေ၊ ကမ္ဘာပြဿနာတွေကို ပညာကြီးသူများက စဉ်းစားကြလိမ့်မည်။ ကျွန်တော်တို့လက်ငင်းစဉ်းစားကြသင့်သည်ကတော့ ကြော်ငြာတွေကောင်းတိုင်း၊ ပစ္စည်းတွေလှတိုင်း အပိုပစ္စည်းတွေကိုတရစပ်ဝယ်ရန်ကြိုးစားနေလျှင်တော့ ပိုက်ဆံရှာလို့ကိုလောက်နိုင်တော့မည်မဟုတ်။ မလောက်နိုင်တော့ မဟုတ်တမ်းတရားနည်းနှင့် ရှာလာမိကြလိမ့်မည်။ ထိုသို့ ဖြစ်လာလိုက်လျှင်တော့ အဝတ်အစားကတောက်ပြောင်ပါ၏၊ အတွင်းစရိုက်က မှောင်မည်းမဲ့တေနေလေ

http://www.cherrythitsar.org



ပြီ။ မိတ်ကပ်ပေါင်ဒါတွေက မွှေးပါ၏၊ အတွင်းစရိုက်က ပုပ်အဲ့နေလေပြီ။ အထူးသဖြင့် အလှမက်သော လုလင်များ လုံမငယ်များသည် ကြော်ငြာအန္တရာယ်ကို သတိကြီးစွာထားနိုင်ကြပါစေသတည်း'ဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

http://www.cherrythitsar.org


# လက်ဆင့်ကမ်းခဲ့သော

## ပညာသင်တယ်ဆိုတာဘာလဲ

'ပညာသင်တယ်ဆိုတာဘာလဲ'

ဤမေးခွန်းကို ကျွန်တော် မကြာခဏ စဉ်းစားကြည့်မိသည်။ နောက်ဆုံးတွင်တော့ 'ပညာသင်တယ်ဆိုတာ အတွေ့အကြုံလက်ဆင့်ကမ်းတာပါပဲ'ဟု ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။

ဝိဇ္ဇာပညာ သင်တာကိုကြည့်မလား၊ သိပ္ပံပညာသင်တာကို ကြည့်မလား။ ဆရာက တပည့်အား အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးနေကြောင်းကိုသာ တွေ့နေရမည်ဖြစ်ပါသည်။ ဆေးပညာသင်ကြားမှုကိုပဲကြည့်ကြည့်၊ ဗိသုကာပညာသင်တာကိုပဲ ကြည့်ကြည့်၊ သမိုင်းသင်တာကိုပဲကြည့်ကြည့်၊ ဘာပညာတွေကိုပဲသင်နေနေ အတွေ့အကြုံလက်ဆင့်ကမ်းနေသည်ဟုပဲ ကျွန်တော်မြင်မိသည်။ ထိုဘာသာရပ်ကို သင်နေသော ဆရာကလည်း ဟိုး ယခင်ဆရာ့ ဆရာကြီးများ၏ အတွေ့

အကြံုကို လက်ဆင့်ကမ်း ဆည်းပူးကာ သူ့အတွေ့အကြံုများ နှင့်ပေါင်းစပ်ပြီး လက်ဆင့်ကမ်းနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါ သည်။

## အတွေ့အကြံုလက်ဆင့်မကမ်းနိုင်လျှင်

ကမ္ဘာဦးလူသားများနှင့် စာလိုက်သော် ကျွန်တော်တို့ လူ့လောကကြီး ဤမျှမြင့်မားတိုးတက်လာခဲ့သည်မှာ လူသားတို့ အတွေ့အကြံုများကို တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းနိုင် ခဲ့သောကြောင့်သာ ဖြစ်ကြောင်းထင်ရှားလှပါသည်။ ဤအချက် ကို တိရစ္ဆာန်လောကနှင့် ယှဉ်ကြည့်လိုက်မှ သိသာထင်ရှားပါ သည်။ တိရစ္ဆာန်များမှာ မိမိတို့အတွေ့အကြံုကိုတစ်ပါးသူအား လက်ဆင့်ကမ်းခြင်း၊ မပြုနိုင်ကြ။ သူတို့တွင် ဘာသာစကား အဆင့်သို့ တိုင်ရောက်သော အသံသင်္ကေတ ပြုနိုင်စွမ်းမရှိ။ တိုတိုပြောရလျှင် သူတို့တွင် ဘာသာစကားမရှိ။ ထို့ကြောင့် မိမိအတွေ့အကြံုကို လက်ဆင့်ကမ်းခြင်း မပြုနိုင်။ သတ္တဝါတစ် ခု၏ တစ်သက်တာ အတွေ့အကြံုသည် ဘယ်မျှ များပြားနိုင် ပါမည်နည်း။ လူမှာသာလျှင် ဘာသာစကား၏ ကျေးဇူးကြောင့် ရှေးရှေးကသောလူတွေ၊ ယခု မိမိပတ်ဝန်းကျင်ရှိလူတွေ၏ အတွေ့အကြံုကို လက်ဆင့်ကမ်းရယူနိုင်နေသည်။

ဤသို့စဉ်းစားကြည့်လိုက်သောအခါ ဘာသာစကား သာမပေါ်ခဲ့လျှင် ကျွန်တော်တို့သည်လည်း တိရစ္ဆာန်အဆင့်က တက်ရောက်စရာအကြောင်း လုံးဝမရှိဟု ဆိုနိုင်သည်။

http://www.cherrythitsar.org



## အသံသင်္ကေတမှအရေးသင်္ကေတသို့

ဘာသာစကား ပေါ်ပေါက်လာနိုင်ခြင်းသည် လူသားတို့၏ အဆင့်ကို တစ်ဟုန်ထိုး မြင့်တက်သွားစေခဲ့သကဲ့သို့ အရေးအသားပေါ်ပေါက်လာလိုက်ခြင်းသည်လည်း နောက်တစ်ဆင့် မြင့်တက်သွားစေပြန်သည်ဟု ဆိုသင့်သည်။ ယနေ့တိုင် အရေးအသားမရှိသေးသော လူမျိုးများသည် တိုးတက်မှု၌ နောက်ကျကျန်ရစ်ခဲ့သည်ကို ထင်ရှားစွာတွေ့နေနိုင်သည်။ အချို့သော လူမျိုးတို့ကား မိမိတို့ ဘာသာစကားအရေးအသားကို အချိန်ကုန်ခံကာ လုံးပမ်းမနေတော့ဘဲ ဖွံ့ဖြိုးပြီးဘာသာစကားကို ယူငင်သုံးစွဲကာ ဖြတ်လမ်းကလိုက်ပြီး တိုးတက်မှုကို ရှာကြံကြလေသည်။ ဤနည်းမှာလည်းကောင်းသော နည်းပင် ဖြစ်ပြန်လေသည်။ တိုးတက်ရန်သာ ပဓာနမဟုတ်ပါလား။

## လူတစ်ဦးချင်းဘဝ

'မေးပါများ စကားရ' 'ပါးစပ်ပါရွာရောက်'ဟူသော စကားများမှာ တစ်ပါးသူ၏ အတွေ့အကြုံကို မေးမြန်းဆည်းပူးခြင်းအားဖြင့် ပညာ သုတ ရယူနိုင်ပုံကိုဖော်ပြနေသည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် တစ်ပါးသူ၏ အတွေ့အကြုံ ပညာသုတများကို မေးမြန်းနားထောင်ခြင်းအားဖြင့် လက်ဆင့်ကမ်းရယူပြီး မိမိအလိုရှိရာ ပန်းတိုင်သို့ အောင်မြင်စွာရောက်နိုင်သည်ဟု ဆိုလိုပါသည်။

နောက်ပိုင်းတွင် အရေးအသားပေါ်ပေါက်လာသော

http://www.cherrythitsar.org



အခါ လူချင်းတိုက်ရိုက်တွေ့နေစရာမလိုဘဲ သူ၏အရေးအသား တို့ကို ဖတ်ရှုလိုက်ခြင်းအားဖြင့် သူ့အတွေ့အကြုံကို ပညာ သုတကို ရယူနိုင်ပြန်လေသည်။

သည်နောက်မှာတော့ဖြင့် ပုံနှိပ်ပညာပေါ်ပေါက်လာ လိုက်သောအခါ လူ့လောကကြီးမှာ အဟုန်ပြင်းစွာ တိုးတက် လာပြန်လေတော့သည်။ ပုံနှိပ်ပညာတွင် နောက်တစ်ဆင့် ပန်းချီ၊ ဓါတ်ပုံတို့ကို ထည့်သွင်းလိုက်နိုင်သောအခါမူကား ဆို ဖွယ်ရာမရှိတော့ပြီ။ 'စာတစ်ပုဒ် အရုပ်တစ်ကွက်' ဟုဆိုသည် မဟုတ်လား။

## တိုးတက်လာသော ဆက်သွယ်ရေးပစ္စည်းများ

သည်နောက်မှာတော့ဖြင့် ရေဒီယိုတွေ၊ ကက်ဆက် တွေ၊ ရုပ်မြင်သံကြားဆိုတာတွေ စသည်စသည်အားဖြင့် ပေါ် ပေါက်လာလိုက်သည်မှာ ကျွန်တော်လည်း အကုန်မသိတော့ ပါ။ သို့သော် တစ်ခုရှိနေသည်က ထိုထိုသော ပစ္စည်းတွေမှာ ပဓာနပစ္စည်းကြီးအပြင် လျှပ်စစ်ဓါတ်အား ဘာညာဆိုတာတွေ မပါလျှင် ဘာမှလုပ်လို့မရ၊ ဟိုမှသည်မှ ရွှေ့ချင်ပြောင်းချင် လို့လည်းမလွယ်။ သည်တော့ ခုထက်တိုင် စာအုပ်ကို လက် လွှတ်လို့မရသေးဘဲရှိနေတော့သည်။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းပြည်လို ဖွံ့ဖြိုးစ နိုင်ငံငယ်လေးများက လူများမှာ စာဖတ် ခြင်းအားဖြင့် လူတန်းစေ့အောင် ကြိုးစားနေကြရလေသည်။ လူထုသုံးစာကြည့်တိုက် စာကြည့်သင်းများ ပေါ်များလာအောင်

http://www.cherrythitsar.org


ကြိုးပမ်းနေကြရလေသည်။ စစ်ကြီးမတိုင်မီကဆိုလျှင် ပညာတတ်လူငယ်များက ကျေးလက်ပြုပြင်ရေးအဖွဲ့များ ဖွဲ့စည်းကြပြီးလျှင် ကျေးလက်ရှိပြည်သူများကို စာဖတ်လာကြအောင် အမြင်ကျယ်လာကြအောင် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်သာမက နယ်လှည့်စာကြည့်တိုက်များပင် တည်ထောင်ခဲ့ကြသည်။ နယ်လှည့်စာကြည့်တိုက်ဆိုသည်မှာ လူငယ်များက စက်ဘီးများပေါ်တွင် စာအုပ်သေတ္တာများကိုတင်ပြီး တစ်ရွာဝင်တစ်ရွာထွက် စာအုပ်များကို ငှားထားခဲ့ခြင်းဖြစ်လေသည်။ ဤသို့အားဖြင့် ခေတ်နောက်ကျန်နေရစ်ခဲ့သော အတွေးအခေါ်များ၊ ပယောဂစွဲ၊ နတ်စွဲ၊ အတိတ်တဘောင်စွဲ စသည့်အတွေးအခေါ်များကို ပပျောက်တန်သမျှပပျောက်လေအောင်၊ ခေတ်မီသိပ္ပံသဘောကို သိတန်သမျှ သိကြရအောင် ပညာတတ်လူငယ်များက ကြိုးပမ်းခဲ့ကြဖူးလေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းကပင် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် မြို့ရောတောပါမကျန် စာတတ်သူ လူဦးရေများသော်လည်း စာဖတ်အားလွန်မင်းစွာ နည်းပါးသည်မှာ ယခုထက်တိုင်ဟု ဆိုရမည်ထင်သည်။ လူဦးရေသန်းပေါင်း လေးဆယ်လောက်ရှိနေသော နိုင်ငံတွင် တစ်လ ၄၀၀၀ လောက်သာထုတ်ဝေရသော မဂ္ဂဇင်းမှာ ဟုတ်လှပြီထင်နေရသည်ဖြစ်ရာ စာဖတ်သူရာနှုန်းအဘယ်မျှနည်းပါးကြောင်း သိသာလှပါသည်။ အထူးသဖြင့် ပညာတတ်လူငယ်များလောက၌ပင်လျှင် စာဖတ်ဝါသနာမပါသည့် လူငယ်တွေ များပြားနေခြင်းမှာ အံ့သြစရာကောင်းလှသည်။ ကမ္ဘာ

http://www.cherrythitsar.org



လှည့်နိုင်ငံခြားသား၊ ညော့သည်လူငယ်များကို သတိထားကြည့်မိသည်။ သူတို့သည် မီးရထားစီးလိုက်ပြီဆိုလျှင် ရှုခင်းများ၊ ကြည့်ဖွယ်မှတ်ဖွယ်များကို သေချာကြည့်ရှုမှတ်သားကြသည်။ ဓာတ်ပုံရိုက်တန်လျှင် ရိုက်ကြသည်။ သို့သော် ညပိုင်းရောက်လို့ပတ်ဝန်းကျင်ကိုကြည့်ခွင့် မသာတော့ပြီဆိုလျှင် စာအုပ်ကလေးတစ်အုပ်ကို ထုတ်ဖတ်လေတော့သည်။ သူတို့တိုင်းပြည်က လူငယ်တွေ တိုးတက်သည်မှာ ဘာမျှအံ့သြစရာမရှိတော့ပေ။

## စာဖတ်ဝါသနာပါသူ

စာဖတ်တော့ ဘာများထူးလာသလဲဟု မေးလျှင် အခြေခံအားဖြင့် စာဖတ်လာတော့ 'လူအ' ဘဝမှလွတ်မြောက်လာသည်ဟုသာ ဖြေလိုက်ချင်ပါသည်။ စာဖတ်ပါများတော့ ကျွန်တော်အထက်တွင် ရေးခဲ့သလို အသိပညာလက်ဆင့်ကမ်းမှုများစွာ ရထားခဲ့နိုင်သည်။ ထို့ကြောင့် မိမိတစ်သက်တာတွင် အခြားသူတို့၏ ဘဝပေါင်းများစွာကို အငှားနေလိုက်နိုင်သကဲ့သို့ ဖြစ်လာရသည်။ ထိုသို့ တစ်ပါးသူများစွာတို့၏ အတွေ့အကြုံများစွာကို ဆည်းပူးလိုက်ရသောကြောင့် 'လူအ'ဘဝမှ လွတ်မြောက်လာရခြင်းဖြစ်သည်။

မှုခင်းစာစောင်များထဲက အလိမ်အညာ ခံရသူများကို သတိထားကြည့်လိုက်လျှင် များသောအားဖြင့် စာနှင့်ပေနှင့်ဝေးကွာသောသူများသာဖြစ်ကြောင်းကို တွေ့နိုင်ပါသည်။ အဆင့်နိမ့်စွာ ဘဝနစ်မွန်းသွားရှာသော မိန်းကလေးများကို

http://www.cherrythitsar.org



ကြည့်လိုက်လျှင်လည်း စာဖတ်လေ့မရှိသော၊ သို့မဟုတ် စာကောင်းကောင်းမဖတ်တတ်သော မိန်းကလေးများသာဖြစ်သည်ကိုတွေ့ကြရမည်သာဖြစ်သည်။ ပြည်သူများကို အဆင့်မြင့်လာစေလိုလျှင် စာဖတ်သော ပြည်သူများဖြစ်လာအောင် လုပ်နည်းသည် အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့်လည်း ဖွံ့ဖြိုးသောနိုင်ငံကြီးများတွင် ပြည်သူတွေစာဖတ်အောင်၊ စာအုပ်စာပေအလွယ်တကူရအောင် နိုင်ငံတော်အစိုးရက အဘက်ဘက်ကကြိုးပမ်းအားထုတ်သည်။

## လုပ်ငန်းဆိုင်ရာစာပေ

ကျွန်တော်တို့ နိုင်ငံတွင် မိမိ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ စာပေကိုပင် ဖတ်ရကောင်းမှန်းမသိသူတွေ အလွန်များသည်။ ယခုခေတ်မှ အတန်အသင့်ဖတ်လာကြသည်။ ရှေးခေတ်ကဆိုလျှင် ထိုလုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်းများရှိကြောင်းကိုပင် မသိကြပေ။

ကျွန်တော့်မိတ်ဆွေ ဓာတ်ပုံဆရာတစ်ယောက်ရှိခဲ့ဖူးသည်။ သူသည် အင်္ဂလိပ်စာကို မြင့်မြင့်မားမားသင်ခဲ့ရဖူးသည်မဟုတ်။ သို့သော် သူသည်ဓာတ်ပုံရိုက် အလွန်ဝါသနာပါသည်။ ထို့ကြောင့် ဓာတ်ပုံပညာရပ်ဆိုင်ရာစာအုပ်တွေကို ကြိုးစားပမ်းစားဖတ်သည်။ ကျွန်တော်က ဓာတ်ပုံရှူးထလိုက်မိလို့သူ့ဆီမှာ တပည့်ခံဆည်းပူးလိုက်မိတော့မှ သူသိနေသောပညာကိုကျွန်တော်တအံ့တသြသိခဲ့ရဖူးပါသည်။ သိသည်မှာ တော်

http://www.cherrythitsar.org



ရုံတန်ရုံသိနည်းမျိုးမဟုတ်။ ဓာတ်ပုံသုံး၊ ဓါတုဗေဒပစ္စည်းများ အကြောင်းကိုပါ ကောင်းစွာသိနေခြင်းမျိုးဖြစ်သည်။ စင်စစ် သူသည် ဓါတုဗေဒကို သင်ယူခဲ့ဖူးသူမဟုတ်သောကြောင့် ကျွန်တော်က ပိုလို့အံ့ဩမိခဲ့ခြင်းဖြစ်သည်။

ဓာတ်ပုံဆိုသည်က ပန်းချီပညာနှင့် ခွဲလို့ရသည် မဟုတ်။ သည်တော့ သူကပန်းချီပညာကိုလည်း ဆည်းပူးလိုက်သေးသည်။ သူလေ့လာခဲ့သည့် ပန်းချီစာအုပ်ကြီးများကို ထုတ်ပြလိုက်တော့ ပိုလို့ပင်အံ့ဩသွားမိသေးသည်။ နောက်တစ်ဖန် သူဆည်းပူးခဲ့သည့် ပန်းချီစာပေးစာယူသင်တန်းစာအုပ်တွေကို ထုတ်ပြလိုက်တော့ ကျွန်တော့်မှာ ပညာဆည်းပူးတယ်ဆိုတာ ဒီလိုလုပ်ရပါလားဟုအလေးအနက်နားလည်သွားမိတော့သည်။ မှတ်မိနေပါသေးသည်။ စာပေးစာယူပန်းချီသင်တန်း ပို့ချသူက 'ဦးလှ'တဲ့။ လိပ်စာက 'အမှတ် ၄၊ ဌာနလမ်း၊ ညောင်လေးပင်မြို့'တဲ့။ တစ်လ ငါးကျပ် မန်နီအော်ဒါနှင့် ငွေပို့ပေးရသည်။ တစ်ပတ်တစ်ခါ ပို့ချချက်လာသည်။ လေ့ကျင့်ခန်းတွေ ရေးပို့ရသည်။ ပြင်ဆင်ချက်၊ သွန်သင်ချက်များနှင့်တကွ ပြန်ပို့ပေးသည်။ လေ့ကျင့်ခန်းတွေက 'စားပွဲပေါ် ချထားသော ဖဲထီးတစ်လက်ပုံကို ဆွဲပို့ပါ' ဆိုတာမျိုးတွေဖြစ်သည်။ သူဆွဲပို့ခဲ့သောပုံကိုလည်းပြသည်။ ဆရာကြီးဦးလှက မှားနေသောနေရာများကို မင်နီဖြင့် ပြင်ပြပေးထားသည်။

အလားတူပင် အင်္ဂလိပ်စာ အခြေခံကောင်းကောင်း သင်ခဲ့ရသည် မဟုတ်ပါဘဲလျက် ဝါသနာပါလှသဖြင့် အင်္ဂလိပ်လိုရေးထားသော အိန္ဒိယဗေဒင်ကျမ်းများကို ကြိုးစားလေ့လာ

http://www.cherrythitsar.org



ရင်း သွက်သွက်ကြီးဖတ်နိုင်နေသော ဗေဒင်ဆရာ မိတ်တွေတစ်ယောက်ကိုလည်း တွေ့ဖူးသည်။

## စာစုံဖတ်သော လူတစ်ယောက်

နောက်တစ်ယောက်ကတော့ စာစုံဖတ်သော လူတစ်ယောက်ဖြစ်သည်။ သူက ကျွန်တော့်ဆရာ။ ဘဝကံမလှသောကြောင့် သူ့လိုတတ်ကြွထက်သန်သည့် လူတစ်ယောက်မှာမှ ကိုယ်ရေရောဂါစွဲကပ်ခြင်းခံလိုက်ရရှာသည်။ အပြင်သို့ ထွက်ခွင့်မသာသောကြောင့် နဂိုက ဝါသနာရင်းရှိသည့်အတိုင်း စာကိုသာလှိမ့်ဖတ်နေတော့သည်။ သူကတော့ စစ်မတိုင်မီ တက္ကသိုလ်ပင် ဒုတိယနှစ်လောက်အထိရောက်ခဲ့သေးသူမို့ အင်္ဂလိပ်စာ အဖတ်များသည်။ 'ရီးဒါးစ်ဒိုင်ဂျက်စ်'တို့'တိုင်းမ်' တို့လိုစာစောင်တွေကိုနှစ်ကြေးသွင်းပြီးဖတ်ရုံမျှမက သူ့မှာ မစုံမလင်ရှိနေသည့်'ဘရစ်တနီးကား'စွယ်စုံကျမ်းကြီးတွေကိုပါ အစအဆုံး လျှောက်ဖတ်နေတတ်သူဖြစ်သည်။

ကျွန်တော့် တစ်သက်နှင့်တစ်ကိုယ် သူလောက် ဗဟုသုတပြည့်စုံသော ဘာအကြောင်းအရာကိုမဆို ဆွေးနွေးနိုင်သော သူ့လိုလူမျိုး တစ်ခါမျှမတွေ့ဖူးသေးပါ။

ကိုယ်ရောဂါနှင့်ပက်သက်ပြီး အဘယ်မျှ ဖတ်ထားလိုက်လေသည်မသိ စကားစပ်မိ၍ပြောပြနေလိုက်သည်မှာ သာမန်ဆရာဝန်တစ်ယောက်ပင် သူ့လောက်သိလိမ့်မည်မဟုတ်ဟုအောက်မေ့ခဲ့မိဖူးပါသည်။

http://www.cherrythitsar.org



တစ်ခါမှာသော် အရှေ့တောင်အာရှတွင် ဗုဒ္ဓဘာသာ ပျံ့နှံ့ခဲ့ပုံကို စကားစပ်မိသွားလေရာ ဆရာပြောပြနေလိုက်သည်မှာ စာတမ်းကြီးတစ်စောင်ကို ဖတ်နေသကဲ့သို့ပင်ဖြစ်သွားသည်ကို ကျွန်တော်ခုထက်ထိ သတိရနေမိသေးသည်။ ထိုအခါတွင် ကျွန်တော်က တက္ကသိုလ်က ဆရာဖြစ်စမို့ သူကိုကြည့်ပြီး မိမိကိုယ်တိုင်အတွက်လည်း စိတ်အားငယ်မိခြင်း၊ သူ့ဘာဝအတွက်ကိုလည်း ရင်နာမိခြင်း၊ သူ့လိုလူမျိုးတွေ တက္ကသိုလ်ဆရာဖြစ်ခဲ့လေသော်ကောင်းလေစွဟု တောင့်တမိခြင်း စသည်တို့ကို ရင်မဆံ့အောင်ခံစားခဲ့မိသည်ကိုလည်း သတိရနေမိပါသည်။

ယခုတော့ဖြင့် သူ့လိုလူမျိုးကို ဦးစီးစေပြီး စာစောင်ကြီးတစ်ခုလောက် ထုတ်လိုက်ရလျှင် အဘယ်မျှကောင်းချေမည်နည်း ဟူသော အတွေးမျိုး မကြာခဏပေါ်မိပါသည်။

## ရသစာပေဖန်တီးသူများ

ကဗျာ၊ ဝတ္ထုစသောရသစာပေဖန်တီးသူများအဖို့ မိမိတို့၏ခံစားမှုကိုသာ ဦးစားပေးကြရပါသည်။ 'ရသစာပေကိုဖန်တီးသူသည် မိမိ၏နှလုံးသားအပေါ် သစ္စာရှိရမည်၊ သုတစာပေကို ဖန်တီးသူသည် မိမိဦးနှောက်အပေါ် သစ္စာရှိရမည်'ဟူသော စကားကို ကျွန်တော်ကိုယ်တိုင်ပင် မကြာခဏပြောခဲ့ဖူးပါသည်။ ရသစာပေကို နှလုံးသားခံစားမှုဖြင့်ဖန်တီးကြရသည်မှန်သော်လည်း အကြားအမြင်အတွေးအခေါ် နက်နဲကျယ်ပြန့်မှုမရှိလျှင် နက်နဲကျယ်ပြန့်သော ဘဝ

http://www.cherrythitsar.org



အသိ၊ ဘဝအမြင်ခံစားမှုကို ရနိုင်ရန် ခက်ခဲ့ပါလိမ့်မည်။ 'လှ'သော်လည်း'တိမ်သော'ကဗျာဝတ္ထုမျိုးသာ ထွက်လာစရာ အကြောင်းရှိပါလိမ့်မည်။ ဂန္ထဝင် ကဗျာဆရာများအနက် လူသူလေးပါး စာဖတ်ပရိသတ်က ရှိသေနေကြသော ကဗျာ ဆရာများကို ပြန်ကြည့်လိုက်လျှင် စာပေကျမ်းဂန် နှံ့စပ်လှသော သူများသာဖြစ်နေသည်ကို တွေ့ရ မည်ဖြစ်ပါသည်။

## အတွေးအမြင် သဘောထားကြီးမှု

စာဖတ်ရာတွင် သဘောထားကြီးဖို့လည်း လိုသည်ဟု ကျွန်တော်ထင်မိသည်။ မိမိ၏အယူအဆနှင့် မတိုက်ဆိုင်လျှင် ရုတ်တရက်ကောက်ကာ ငင်ကာပယ်ချလိုက်တာမျိုးသည် အတွေးအမြင်သဘောထားကျဉ်းမြောင်းမှုပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် နိုင်ငံရေး ဂိုဏ်းဂဏအစွဲ ဘာသာ ရေးဂိုဏ်းဂဏအစွဲတို့သည် ထိုအဖြစ်မျိုးသို့ ဆိုက်ရောက်သွား စေတတ်သည်ဟု ကျွန်တော်ထင်မိပါသည်။

ကျွန်တော်မှတ်မိသလောက် ကျွန်တော်တို့ ငယ်စဉ် ကာလ 'မက်စ်ဝါဒ' လှိုင်းထနေစဉ်အခါက 'မက်စ်ဝါဒ'ကို ထိပါးဝေဖန်လိုက်သည့်စာမျိုးဆိုလျှင် ဘာဘာညာညာပြောမ နေတော့ ဖောက်ပြန်သော သွေဖည်သော စသည့် 'သောတစ် ရာ့ခြောက်ဆယ်'နှင့် ဝိုင်းဆဲပြီး ပယ်ချလိုက်ခဲ့ဖူးသည်တို့ကို ကျွန်တော်မမေ့။ ယခုတော့ဖြင့် ထိုသို့သော သဘောထားကျဉ်း မြောင်းမှုတို့၏ အမှားသင်ခန်းစာကို ကျွန်တော်တို့ ကောင်း ကောင်းကြီးသိလာကြပြီဟုထင်သည်။

http://www.cherrythitsar.org



## အချုပ်ကိုဆိုရသော်

လက်ဆင့်ကမ်းပညာကို မယူသော (တစ်နည်းအားဖြင့်)စာဖတ်သူနည်းသော တိုင်းပြည်သည် တိုင်းကြီးပြည်ကြီးအဆင့်သို့ ရောက်နိုင်ရန်ခဲယဉ်းသကဲ့သို့ လူတစ်ယောက်ချင်း၏ ဘဝတွင်လည်း စာမဖတ်လျှင် လူတစ်လုံးသူတစ်လုံး ဘဝသို့ ရောက်နိုင်ရန် ခက်သည်ဟု ဆိုချင်ပါသတည်း။

http://www.cherrythitsar.org



# မြင်းရိုင်းစီးခြင်း

'ရာစုသစ်'ဟူသောစကားလုံး'ဝိုင်တူးကေ'ဟူသော စကားလုံးကို ယခုတလော ထပ်ဖန်တလဲလဲကြားနေကြရ သည်။ ဒီလိုကိစ္စမျိုးမှာ အရှုးအမူးစိတ်ဝင်စားလေ့ရှိကြသော အနောက်နိုင်ငံမှာတော့ဖြင့် ဘယ်လိုဖြစ်နေမည်မသိ ကျွန်တော် တို့ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာပင်လျှင် ထိုနှစ်သစ်ကူးမည့် ညတွင် တစ်ညလုံးမအိပ်ဘဲ စားကြပျော်ကြပြီးနောက် လှလှ ပပမြင်သာလောက်သော နေရာကစောင့်၍ နေထွက်သည်ကို ကြည့်ကြဦးမည်ဆိုပဲ။ "ဘာများထူးမှာလဲဟယ်"ဟု ကျွန်တော် က ပြောလိုက်တော့ "ထူးတာပေါ့ဆရာရဲ့-ဒါကနှစ်ဆယ့် တစ်ရာစု ဝင်မှာ ထွက်တဲ့ နေမဟုတ်လား"တဲ့။ ကျွန်တော်က ဘာမျှ မပြောတော့ပါ။ ကိုယ့်စိတ်က ထူးသည်ထင်တော့လဲ ထူးသွား သည်ပဲပေါ့။

ပြောမည့်သာ ပြောနေရသည်၊ ကျွန်တော်ကိုယ်တိုင် ကလည်း နှစ်ဆယ့်တစ်ရာစုသစ်တွင် လူ့လောကကြီးဘာတွေ

http://www.cherrythitsar.org



ဖြစ်မည်လဲဆိုသည်ကို လှမ်းပြီးမှန်းမကြည့်ဘဲ မနေနိုင်။ ကယောင်ကတမ်းလှမ်းပြီး စိတ်ကူးကြည့်မိသည်မှာ မကြာခဏ ဖြစ်သည်။ နောက်တွင် ကျန်ရစ်ခဲ့တော့မည့် ရာစုဟောင်း နှစ်ပေါင်း တစ်ထောင်ကို ပြန်ကြည့်လိုက်တော့ လူသားတို့ တိုးတက်လာလိုက်သည်မှာ ကြောက်ခမန်း လန့်ခမန်းဖြစ်သည်။ အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာ အတတ်ပညာ၊ သိပ္ပံပညာတွေ တိုးတက်လာလိုက်ပုံမှာ စာဖွဲ့လို့ပင်ကုန်နိုင်မည်မဟုတ်။

ရှေးအခါက ခေတ်စားခဲ့သော အင်း၊ အိုင်၊ ဂါထာ မန္တရားစသည့် ဂမ္ဘီရပညာများကို ပညာရှင်ကြီးများက လူမိုက် လူယုတ်မာများလက်သို့ ရောက်သွားလိုက်လျှင် လူကောင်းသူ ကောင်းတွေကို ဒုက္ခပေးမည်စိုးသောကြောင့် ထိုပညာများကို လျှို့ဝှက်ထားခဲ့သည်။ သို့မဟုတ် နက်နဲစွာလိုက်စားသော သူ တော်ကောင်းများသာ သိနိုင်ဖော်နိုင်လေအောင် လေးနက်ခက် ခဲသောနည်းများဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ ထိုနည်းများကို ရယူလိုလျှင် နှစ်ရှည်လများဥပုဒ်သီတင်းဆောက်တည်ခြင်း စသော သူတော်ကောင်းကျင့်စဉ်များကို ကျင့်သုံးရသေးသည်။ သူတော်ကောင်းစင်စစ်ဖြစ်မှသာ ထိုဂမ္ဘီရပညာများကို ရနိုင် အောင် စီရင်ခဲ့သည်ပေ့ါ။

ထိုထိုသော ဂမ္ဘီရပညာများကို ယုံသည် မယုံသည် အပထား သူတို့ထားခဲ့သည့်စေတနာအမြော်အမြင်ကိုတော့ လွန်စွာ ကြည်ညိုအပ်သည်ဟု ကျွန်တော်ထင်မိသည်။ ယနေ့ သိပ္ပံနည်းပညာများအကြောင်းကို သုံးသပ်ကြည့်လိုက်သောအခါ တွင်မှ ထိုအမြော်အမြင်ကို ရိုသေအပ်ကြောင်း ထင်ရှား

http://www.cherrythitsar.org



လာတော့သည်။ သိပ္ပံနည်းပညာဆိုသည်ကတော့ ဘာသူတော် ကောင်းကျင့်စဉ်ကိုမျှ လိုက်နာကျင့်သုံးစရာမလိုတော့ပြီ။ ဘယ် လိုလူမျိုးပဲဖြစ်ဖြစ်လိုက်စားလျှင် တတ်မြောက်နိုင်တော့သည် သာ။ ဒီတော့ လူဆိုးသူဆိုးတွေက'အီလက်ထရောနစ်'စသော အဆင့်မြင့်ဂမ္ဘီရသိပ္ပံပညာရပ်တွေကို အသုံးပြုပြီး လူကောင်း သူကောင်းတွေကို နှိပ်စက်လိုက်ကြသည်မှာ ထောင်းထောင်း လမောင်း ကျေပါလေရောဟု ဆိုရတော့မည်။

သိပ္ပံပညာအားကိုးနှင့် လောကဓာတ် သဘာဝကြီးကို လူတွေကဇက်ခွံစီးလိုက်ကြသည်မှာ အံ့ပြီးရင်းသြရင်းဖြစ် လောက်ပါပေသည်။ သေချာစဉ်စားကြည့်လိုက်တော့ လောက ဓာတ်မြင်းရိုင်းကြီးကလည်း မလွယ်သာလို့ ကျောပေါ်အခွခံနေရ သော်လည်း ငြိမ်ခံနေသည်မဟုတ်။ ခုန်လိုက်ပေါက်လိုက် ပတပ်ရပ်လိုက်နှင့် ကော့ကော်ကန်ကားမပြတ်လုပ်နေသည်ဟု ထင်မိသည်။

ကြည့်လေ-သူက လောကမြေပြင်ကြီးပေါ်တွင် လူ တွေပြည့်နေသည်ကို မကြိုက်၊ ဒါကြောင့်လူတွေများလာပြည့် လာလျှင် ကပ်ရောဂါကြီး တစ်မျိုးမျိုးကိုဖန်တီး၍ လူဦးရေ လျှော့ပစ်လိုက်သည်။ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ကျောက်ရော ဂါဆိုသည့် ရောဂန္တရကပ်ကြီးမှာ လူဦးရေလျှော့သည့်လုပ်ငန်း တွင် အထိရောက်ဆုံးလက်နက်များဖြစ်ခဲ့လေသည်။ လူတွေ ကလည်း ဒါကို ငြိမ်ခံမနေ။ ထိုထိုသော ကပ်ရောဂါများကို နိုင်အောင်ကိုတိုက်ခဲ့သည်။ ကာကွယ်ဆေး အမျိုးမျိုးကို ရှာဖွေ တီထွင်ခဲ့သည်။ ယခုဆိုလျှင် ထိုရောဂါများကို ကပ်ရောဂါဟု

http://www.cherrythitsar.org


ပင် မခေါ်နိုင်တော့ပြီ။ လောကဓာတ် မြင်းရိုင်းကြီး ဘာများ
တတ်နိုင်ပါသေးသနည်း။ သူကလည်း ကြည့်ကြသေးတာပေါ့
“တတ်နိုင်သေးသပ”ဟုပြောနေသည့်အလားထင်ရသည်။

“ကင်ဆာ”တဲ့ ”အေအိုင်ဒီအက်စ်”တဲ့ဘာတွေမှန်း
ကိုမသိနိုင်အောင် ဖြစ်လာတော့သည်။ ကင်ဆာတစ်မျိုးတည်း
မှာတောင် မျိုးစိတ်တွေဟုခေါ်ရမည်လားမသိသော ရောဂါတွေ
က တစ်ပုံတစ်ပင်ကြီးဖြစ်နေတော့သည်။ ဒီလိုရောဂါတွေထဲက
ဘယ်တစ်ခုခုက ဘယ်နေ့များ ကိုယ့်ဆီရောက်လာမလဲ တထိတ်
ထိတ်ဖြစ်နေရသည်။ ဒီလောက်နဲ့တောင် အားမရနိုင်သေးတော့
လောကဓာတ်မြင်းရိုင်းကြီးက “ငါသတ်လို့မနိုင်လောက်အောင်
မင်းတို့က စွမ်းနေပြီ၊ ကဲ-ဒီလောက်တောင်ရှိလှတာ မင်းတို့ချင်း
သတ်ကြစမ်း၊ ငါလက်ညှောင်းနေပြီ”ဟု ပြောလိုက်ဘိသကဲ့သို့
လူသားအချင်းချင်း ပျော်ပျော်ကြီး သတ်နေလိုက်ကြသည်မှာ
တဝုန်းဝုန်းဖြစ်နေတော့သည်။

လူသားတွေက ရုပ်ပစ္စည်းတွေကို စိတ်ဝင်တစား
အနိုင်ယူနေချင်ကြသည်။ နိုင်သင့်သလောက်လည်း နိုင်ပါ၏။
သို့သော် အဇ္ဈတ္တဟုခေါ်သည့် အတွင်းရန်သူ လောဘ၊ ဒေါသ
မောဟ စသည်တို့ကို မေ့နေကြသည်။ရုပ်တရားကို စိတ်ဝင်
စားနေသည်။ နာမ်တရားကိုမေ့နေကြသည်။ ရုပ်ကိုအနိုင်ယူ
ခြင်း၌ မွေ့လျော်နေကြသည်။ စိတ်ကိုအောင်နိုင်ရန် မေ့လျော့
နေကြသည်။

စိတ်ကူးယဉ်လှသည် ဟုဆိုရလျှင်လည်း ခံရပါတော့
မည်။ လာမည့် ရာစုသစ်တွင် လူသားသတ္တဝါတို့သည် ရုပ်ပိုင်း

http://www.cherrythitsar.org



လေ့လာရေးကို ငြီးငွေ့ကြလျက် စိတ်ပိုင်းဆိုင်ရာတို့ကို ပိုမိုလေ့လာကြလိမ့်မည်ဟုထင်မိသည်။ တစ်နည်းအားဖြင့် “အပြင်” ထက် “အတွင်း”ကို စိတ်ဝင်စားလာကြလိမ့်မည်ဟု ထင်နေမိပါသည်။

http://www.cherrythitsar.org



# စမ်းကြည့်ဖူးသလား

ကျွန်တော်၏ဆရာ တောင်တွင်းကြီးသခင်ကျော်စိန် ပြောဖူးသည့်စကားလေးတွေ၊ အကြောင်းအရာလေးတွေကို ကျွန်တော်မကြာခဏသတိရမိတတ်သည်။ သခင်ကျော်စိန်သည် လူပေါင်းစုံနှင့်ပေါင်းသည်။ သူ့အပေါင်းအသင်းများထဲတွင် အရက်သမားလည်းပါသည်၊ ဖဲသမားလည်းပါသည်၊ ဘိန်းစားလည်းပါသည်၊ ဘုရားဒကာလည်းပါသည်၊ ကုန်သည်ပွဲစားလည်းပါသည်၊ တကယ့်ကို လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံနှင့်ပေါင်းသူဖြစ်သည်။ သို့ပါလျှက်နှင့်ပင် သူက ဘိန်းစသည်တို့ကိုမပြောနှင့်အရက်ကိုပင် အနံ့ခံသူတစ်ယောက်မဟုတ်ချေ။ ပျက်စီးနေသူတွေနှင့် ဖက်လှဲတကင်းပေါင်းနေပါလျက် မပျက်စီးခဲ့သော သူ့စိတ်ဓာတ်ကို နောင်အခါကျမှ တစိမ့်စိမ့်တွေးပြီး အံ့သြမိသည်။

ယခု ကျွန်တော်ရေးချင်သည်က သူပြောပြခဲ့ဖူးသော ထိုခေတ်ကသူ့ပတ်ဝန်းကျင်က ဘိန်းစားတွေ၏ သဘာဝဖြစ်ပါ

http://www.cherrythitsar.org



သည်။ သူ့သူငယ်ချင်းတွေအကြောင်းပဲဖြစ်သည်။

'အောင်သင်းရေ-ဒီကောင်တွေဟာ စိတ်ကူးစိတ်သန်း အကြံအစည် အလွန်ကောင်းကြတယ်။ ငါက သူတို့နဲ့ အတူသွား၊ အတူစား အတူအိပ်ကိုနေခဲ့ဖူးတယ်။ ညပိုင်းမှာ ဘိန်းရှူလာခဲ့ရင် တော်တော်နဲ့ အိပ်ကြတာ မဟုတ်ဘူး၊ တုံးလုံးလှဲပြီး သူတို့ချင်း ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာ တိုင်ပင်နေကြတာ။ မျက်စိကတော့ မှိန်းနေတာပေါ့လေ။ တစ်ယောက်ကို တစ်ယောက်များ အကြံပေးပြီးပြောနေလိုက်ကြတာ နားထောင်လို့တောင် ကောင်းသေးတယ်။ ငါက တစ်ရေးနိုးနေပြီ သူတို့က စကားလေးတဧနဲ့ ပြောကောင်းနေတုန်းပဲ။ ဥပမာဆိုပါတော့ စိန်မောင်နဲ့ဘသွင်ကို မင်းသိသားပဲ။ စိန်မောင်က သစ်လုပ်ငန်းလုပ်နေတာ၊ ဘသွင်က ရုပ်ရှင်ရုံမှာ ပတ္တလားတီးတယ်ကွာ။ ရုပ်ရှင်ပြတ်နေရင် သူလဲ ပြတ်နေပြန်တာပေါ့။ ဒီတော့ စိန်မောင်ကပြောတယ် "ဘသွင် မင်းလဲ ဘိန်းဖြတ်တော့၊ ငါလဲဖြတ်တော့မယ်၊ မင်း ရုပ်ရှင်ရုံက တီးဝိုင်းကိုလည်း သံယောဇဉ်ထားမနေနဲ့တော့၊ ငါနဲ့ ကုက္ကိုကုန်းကိုသာလိုက်ခဲ့ပေတော့၊ ငါလည်းသစ်လုပ်ငန်းကို အာရုံစိုက်ပြီး ကြိုးစားလုပ်တော့မယ်" အဲဒီတော့ ဘသွင်ကလည်း "ဟုတ်တယ်ကွ-ငါလဲဖြတ်ချင်ပြီ တီးဝိုင်းကလည်း မက်လောက်စရာမရှိပါဘူး၊ ဝါသနာလည်းပါလို့၊ တစ်ခြားလုပ်စရာလဲ ဘာမှမရှိလို့သာ လုပ်နေရတာ၊ မင်းနဲ့ လိုက်ခဲ့မယ်" "လိုက်ခဲ့ကွာ-မင်းလိုက်လာမယ်ဆိုရင် ငါ့မှာလဲ အဖော်ရတာပေါ့။ ဟိုမှာက တောထဲမှာ ဆင်သမားတွေနဲ့ချည်းနေနေရတာ၊ သိပ်ကိုစိတ်ပျက်စရာ ငြီးငွေ့စရာကောင်းတာပဲ။

http://www.cherrythitsar.org



သွားဆို နက်ဖန်သွားကြရအောင်ကွာ၊ ဟိုမှာ ဆင်လုပ်ငန်းက စရတော့မှာ” “အေးလေ-သွားလေကွာ၊ ငါလိုက်ခဲ့မှာပေါ့” အဲဒီလိုကွ အောင်သင်းရဲ အပေးအယူကို ကိုက်နေတာပဲ။ ဒီလို စကားပြောလိုက်ကြတာ နာရီပြန်နှစ်ချက် သုံးနာရီလောက်ထိ အောင် ရောက်သွားတတ်တာ။ အဲဒီကျတော့မှ အိပ်ကြပါလေ ရော။ မနက်ကျတော့ မထကြတော့ဘူး။ ဆယ်နာရီဆယ့်တစ် နာရီလောက်ကျမှ အိပ်ရာထ၊ မျက်နှာသစ်၊ လက်ဘက်ရည် သွားသောက်၊ အတော်လေးကြာတော့ ထမင်းစား၊ နေ့လည်မှာ တစ်ရေးတမော အိပ်ပြန်ရော၊ ညနေပိုင်းလည်းရောက်ရော ဘိန်း ရှူဖို့ ပိုက်ဆံရှာကြပြန်တော့တာပဲ။ နောက်ကျတော့ အဲဒီ စောစောက ပြောခဲ့တဲ့ သံသရာကိုပြန်လည်ပြန်တော့တာပဲ။ မင်းလည်းသိသားပဲ-ငါကလည်း သူတို့ကိုနောက်ချင်စချင်တတ် လေတော့ သူတို့ညက တိုင်ပင်ထားတာတွေကို ကြားနေတာမို့ “ဟိတ်ကောင်စိန်မောင် ထတော့၊ ဟိုမှာ သစ်ဆွဲဖို့တဲ့ ဆင်တွေ လာနေပြီ”လို့နှိုးရင် သိပ်စိတ်ဆိုးတာပဲ။ ဘသွင်ကလည်း ဒီလို ပဲ “ဘသွင်-ထတော့လေ၊ မင်း-ကုက္ကိုကုန်းကိုလိုက်မှာ မဟုတ် လား၊ မီးရထားမမီဘဲနေလိမ့်မယ်” လို့နှိုးရင် ”ဟေ့ကောင်- ကျော်စိန်၊ သွားစမ်းကွာ”နဲ့မျက်လုံးမဖွင့်ဘဲ အော်တော့တာပဲ။ သူတို့ စိတ်ကူးကကောင်းပေမယ့် မနက်ကျတော့ ပြန်ပျောက် သွားတာပဲ၊ ဒီလိုနဲ့ပဲ ဘဝတစ်ခုလုံးပတ်ချာလည်သွားကြတော့ တာ”

ကျွန်တော် အချို့လူငယ်လေးတွေကို မြင်လျှင် သခင် ကျော်စိန် ပြောခဲ့သော ဘိန်းသမားတို့၏ ဘဝသံသရာကိုပြန်

http://www.cherrythitsar.org



ပြန်သတိရမိသည်။ သူတို့သည် မကြီးပွားချင်ကြသည်မဟုတ်၊ ကြီးပွားချင်ကြသည်။ ဘဝတွင် တိုးတက်မြင့်မားအောင်မြင်လိုကြသည်သာဖြစ်သည်။ သူတို့သည် စိတ်ကူးကြံစည်မိတတ်ကြသည်။ ဤနေရာတွင် 'ငါသာ သိန်း ၅၀၀ထီဆုကို ပေါက်ခဲ့ရင်' ဟူသော စိတ်ကူးယဉ်နည်းမျိုးကို ပြောလိုခြင်း မဟုတ်ပါ။ တကယ်လက်တွေ့ အကောင်အထည်ဖော်လျှင် တကယ်ဖြစ်နိုင်သော စိတ်ကူးမျိုး သူတို့မှာ ရှိနေတတ်ကြောင်းကိုသာ ပြောလိုခြင်းဖြစ်ပါသည်။

တစ်ခါမျှစမ်းမကြည့်ဖူးဘဲ မဖြစ်နိုင်ဟု ထင်နေမိတတ်ကြသည်မှာ လူငယ်တိုင်းမှာလိုလို ဖြစ်နေတတ်လားဟုပင် ထင်နေမိတတ်ပါသည်။ ဆိုလိုသည်က သူတို့မှာ စိတ်ကူးကောင်းတွေရှိတတ်သည်။ အကြံဉာဏ်ကောင်းတွေ ရှိတတ်သည်။ သို့သော် လက်တွေ့ အကောင်အထည်ဖော်ရာတွင် ဖြစ်ပါ့မလားဟူသော သံသယဝင်နေပြန်လေတော့ အကောင်အထည်ဖော်ဖို့ လုပ်ငန်းကိုမစဝံ့။ သည်တော့ ဘိန်းသမားကိုစိန်မောင်နှင့်ကိုဘသွင်တို့ စိတ်ကူးတွေလို ပျောက်ပျက်သွားပြန်လေတော့သည်။ ထိုကဲ့သို့ ဖြစ်သွားသည်မှာ စင်စစ်အလွန်နှမြောစရာကောင်းသည်ဟု ထင်မိသည်။ ဤသည်မှာ လူငယ်တွေကိုဆုံးမနေခြင်းမဟုတ်၊ ကျွန်တော်ကိုယ်တိုင်လည်း ငယ်ငယ်က ဖြစ်ခဲ့ဖူးသောကြောင့် ပြောနေခြင်းဖြစ်ပါသည်။ တကယ်ဆိုတော့ ကျွန်တော်ငယ်ငယ် ကတည်းက စာရေးတာကိုဝါသနာပါသည်။ စာရေးဆရာဖြစ်ချင်သည်။ သို့သော် ကိုယ့်စာမျိုးကို မဂ္ဂဇင်းတွေ စာစောင်တွေက ထည့်မှာမဟုတ်ပါ

http://www.cherrythitsar.org



ဘူးဟူသော စိတ်မျိုးဝင်နေခဲ့သည်။ တစ်ခါမျှလည်း မပို့ဖူးဘဲ ထိုစိတ်မျိုးဝင်နေခဲ့မိသည်ကို ယခု ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ "ငါတော်တော်ညံ့ခဲ့ပါလား"ဟုပင် အောက်မေ့မိပါသည်။

ကြီးပွားအောင်မြင်လာသည့် လူငယ်လေးတွေကို ကျွန်တော်သတိထား လေ့လာကြည့်မိဖူးသည်။ သူတို့နှင့်စကားစမြည်ပြောကြည့်ဖူးသည်။ သူတို့သည် 'ငါ-ကြီးပွားအောင်မြင်ရမည်'ဟူသော အဓိဋ္ဌာန်ကို ပထမချမှတ်လိုက်သည်။ ထို့နောက် သူ့ငွေကြေး အရင်းအနှီး၊ သူ့ပညာအရည်အချင်းနှင့် လုပ်နိုင်ကိုင်နိုင်လောက်သည့် လုပ်ငန်းကို စူးစမ်းရှာဖွေသည်။ ဤမျှလောက်ဆိုလျှင်ပင် သူသည် ဘိန်းသမားတွေ အိပ်မက်ထဲမှာသာ မျောနေသကဲ့သို့ မဟုတ်တော့ကြောင်း ထင်ရှားလာသည်။ ထိုကဲ့သို့ တကယ်လက်တွေ့ စူးစမ်းကြည့်လိုက်တော့ ကိုယ်တကယ်မလုပ်နိုင်တာတွေ လုပ်နိုင်တာတွေကိုလည်း တွေ့လာကြပြန်သည်။ ဒီတော့မှ ကိုယ်တကယ်လုပ်နိုင်လောက်သည့် နယ်ပယ်ကို စနစ်တကျစူးစမ်းမိလာသည်။ ဆိုလိုက်ကြပါစို့-ဒိန်ချဉ်ရောင်းတာလောက်ကိုသာ တတ်နိုင်သည့် လူငယ်ကလည်း ဒိန်ချဉ်လောကကို လေ့လာကြည့်သည်။ ဘယ်မှာဝယ်ရသည်၊ ဘယ်နေရာမှာ ရောင်းလျှင်အဆင်ပြေမည်၊ ပန်းကန်အိုးခွက်အတွက် အရင်းအနှီးဘယ်လောက်လိုအပ်မည်၊ စသည်တို့ကို စူးစမ်းသည်။ ထိုသို့စူးစမ်းနေရင်း ဒိန်ချဉ်ထက် ကွမ်းရာကပိုပြီး တွက်ချေကိုက်နိုင်သည်ကို သွားပြီးတွေ့ချင်လည်းတွေ့တတ်သည်။ ဒီလိုမှမဟုတ်လျှင် အရောင်းတွင်လို သောကုမ္ပဏီကြီးများက ကုန်စည်များကို စပ်ဟပ်ဖြန့်ချိပေး

http://www.cherrythitsar.org



သောလုပ်ငန်းမျိုးကို စူးစမ်းတာမျိုးဖြစ်ချင်လည်းဖြစ်လာနိုင်သည်။

အရေးကြီးသည်က ဘိန်းသမားများလို အစွမ်းကုန်စိတ်ကူးပြီး သူတို့လို ပြီးပြီးပျောက်ပျောက် မဖြစ်စေဘဲ လက်တွေ့လောကထဲသို့ မကြောက်မရွံ့ရဲဝံ့တက်ကြွစွာ ဝင်ကြည့်ဖို့ပဲဖြစ်သည်။ မိမိကိုယ်ကိုပြန်ပြီး စစ်ဆေးကြည့်လိုက်လျှင် ကြောက်သလိုလိုရွံ့သလိုလို ဖြစ်နေသောကြောင့် လက်တွေ့အကောင်အထည် မဖော်ဝံ့ခဲ့သော စိတ်ကူးတွေ တစ်ပုံတစ်ပင်ကြီးရှိနေလိမ့်မည်။ တစ်ခါမျှ စမ်းမကြည့်ဖူးပါဘဲ ဖြစ်နိုင်မှာမဟုတ်ပါဘူးဟု လက်လျှော့ထားသော ရည်မှန်းချက်တွေမှုချရှိနေပါလိမ့်မည်။

ထိုထိုသော ရည်မှန်းချက်တွေ၊ စိတ်ကူးတွေကို ပြန်လည်ဆန်းစစ်ကြည့်လိုက်လျှင် တကယ်လက်တွေ့လုပ်နိုင်လောက်သော အကြံအစည်ကို အကောင်ထည်ဖော်နိုင်အောင် ကြိုးစားကြည့်သင့်ပါသည်။

ကျွန်တော်ကြားဖူးတာလေးတစ်ခုကို ပြောလိုက်ရဦးမည်။

အမျိုးသမီးတစ်ယောက်က လက်တစ်ဘက် လုံးဝလှုပ်ရှားလို့မရသောကြောင့် ဆရာဝန်ကိုလာပြသည်။ ဆရာဝန်က အကြောအချဉ်စသည်တို့ကို တတ်သိနားလည်သမျှ စူးစမ်းကြည့်သည်။ ရောဂါဟူ၍ ဘာမျှမည်မည်ရရ မတွေ့ရ။ ဒီတော့ဆရာဝန်က စားပွဲပေါ်တွင် အသင့်ရှိနေသော ကြွေကရားတစ်လုံးကို လှုပ်ရှားနိုင်သောလက်ဖြင့် ကိုင်ထားစေသည်။ ကြွေ

http://www.cherrythitsar.org



ကရား၏တန်ဖိုးကကြီးလှသောကြောင့် မြဲမြဲကိုင်ထားရန်၊ လွတ်မကျစေရန်ကိုလည်း သတိပေးထားသည်။ အမျိုးသမီး၏ ခါးကထမီကို ဆက်ကနဲဆွဲချလိုက်သည်။ ထဘီပြုတ်သွားလိုက်တော့ အမျိုးသမီးကလန့်ပြီး ကျန်လက်တစ်ဘက်နှင့် လှမ်းထိန်းလိုက်သည်။ လက်ကလျှပ်ရှားနိုင်သွားပြီ။ ဤနည်းအားဖြင့် ဆက်ပြီးကုလိုက်တော့ လုံးဝပျောက်ကင်းသွားသည်။

ဘာလုပ်ရမှန်းမသိအောင် ယောင်ချာချာဖြစ်နေကြသည့် လူငယ်များတွင် ချစ်သူမိန်းကလေးကို ခိုးပြေးပြီးကာမှ အလုပ်အကိုင်နှင့်ဟန်ကျပန်ကျ ဖြစ်သွားသော လူငယ်တွေကိုမကြာခဏတွေ့ဖူးသည်။ တကယ်လက်တွေ့စမ်းမကြည့်ဘူးဘဲ လက်လျှော့ထားသော အကြံအစည်တွေလူတိုင်းတွင်ရှိနေတတ်သည်ဟူသော အချက်ကို သိထားလျှင် မိမိတွင်လည်း ထိုကဲ့သို့ သော အမှတ်မထင်လက်လျှော့ထားသော အကြံအစည်များ ရှိ မရှိ ပြန်လည်စစ်ဆေးကြည့်သင့်ပါသည်။ ထို့နောက် လက်တွေ့စစ်ကြည့်ကြရန် ဖြစ်ပါသည်။ ထိုသို့စမ်းလိုစိတ်လုံးဝမပေါ်တော့ပါဘူးဆိုလျှင်တော့ ဘိန်းသမားစိတ်ကူးမျိုးသာလျှင်ဖြစ်နေသောကြောင့် ဘိန်းမစွဲဘဲနှင့် ဘိန်းစားဖြစ်နေပြီဟုသာ ဆိုရပါတော့မည်။ ။

http://www.cherrythitsar.org



# သူတို့အတွက်အားတက်မိသည်

ကျွန်တော်၏ တပည့်တပန်းများ တစ်နိုင်ငံမြိုင်ယံခြားမှ ပြန်ရောက်လာလိုက်လျှင် ကျွန်တော့်ထံသို့ အနည်းဆုံး တစ်ခေါက်တော့ ရောက်အောင်လာတတ်ကြသည်။ ကျွန်တော့်အဖို့ အသုံးဝင်မည်ထင်သော လက်ဆောင်ပစ္စည်း တိုလီမိုလီကလေးတွေလည်း ပါလာတတ်သည်။ နိုင်ငံခြားတွင်ကျန်ရစ်ခဲ့သေးသော တပည့်တပန်းများနှင့် စာဖတ်ပရိတ်သတ်လူငယ်လေးတွေဆီကလည်း လူကြုံလက်ဆောင်ကလေးတွေ ပါးလိုက်ပါသေးသည်။ စာဖတ်ပရိသတ်လူငယ်ကလေးများကကျွန်တော့်စာများ၏ ကျေးဇူးကို တုန့်ပြန်ပါသည်ဟုဆိုကြပါသည်။ ကျွန်တော်ဝမ်းသာမိသည်။ စင်စစ်သူတို့နှင့် ကျွန်တော်တရံတစ်ဆစ်မျှ တွေ့ဖူးကြသည်မဟုတ်။ စကားစမြည် ဆိုခဲ့ဖူးသည်မဟုတ်။ ကျွန်တော့်စာကိုသာ ဖတ်ဖူးကြခြင်းဖြစ်သည်။ (သို့မဟုတ်) ကျွန်တော့်ဟောပြောပွဲ တိတ်ခွေကိုသာ နားထောင်ဖူးကြခြင်းဖြစ်သည်။ သို့ပါလျှက်နှင့်ပင် သူတို့က

http://www.cherrythitsar.org



ကျွန်တော့်ကျေးဇူးကိုတုန့်ပြန်ကြသေးသည်။ ဤသို့သောလူငယ်လေးတွေကို 'ရိုင်း'သည်ဟုဆိုနိုင်ကြပါမည်လား။ "ဒီခေတ်လူငယ်တွေဟာ သိပ်ရိုင်းတာပဲ"ဟုပြောသောသူများတွင် ကျွန်တော်မပါဝင်နိုင်ပါ။ ရိုင်းသောလူငယ်လေးများမရှိဟု ကျွန်တော်မဆိုနိုင်ပါ။ ရှိနိုင်ပါသည်။ သို့သော် လူငယ်အများစုမှာ မရိုင်းကြဟုဆိုချင်ပါသည်။

ထိုသို့သော တိုင်းတစ်ပါးပြန် လူငယ်လေးတွေနှင့် စကားစမြည်ပြောရခြင်းကို ကျွန်တော်နှစ်သက်သည်။ သူတို့ဘဝကိုသုံးသပ်ကြည့်လိုက်လျှင် ကျွန်တော်တို့ငယ်စဉ်ကလူငယ်ဘဝထက်ရှင်သန်ထက်မြက်သည်။ အမြင်ကျယ်သည်။ လက်တွေ့ဆန်သည်။ ကျွန်တော်တို့ငယ်စဉ်ဘဝကို ပြန်လည်သုံးသပ်လိုက်သောအခါ လွတ်လပ်ရေးတိုက်ပွဲအတွက် လှုပ်ရှားခဲ့ရသည်၊ ဟိုဝါဒ ဒီဝါဒ စသည်တို့တွင် မေ့မောမိန်းမူးခဲ့ကြသည်။ ဤသည်ကိုပင် တိုးတက်သည်ဟု အထင်ရောက်ခဲ့ကြသည်။ စင်စစ် ယခုလူငယ်လေးတွေလောက် အမြင်ကျယ်ခဲ့ကြသည် မဟုတ်။ အတွေ့အကြုံများကြသည်မဟုတ်။ ရေတွင်းထဲကဖားသူငယ်လောက်သာ ဖြစ်နေခဲ့ကြသည်။ သူတစ်ပါးကိုတွေ့ဖူးမြင်ဖူးမှ မိမိကိုယ်ကိုအကဲဖြတ်နိုင်သည်မှာ ဓမ္မတာဖြစ်သည်။ ဒီကောင်လေးတွေက တိုင်းတစ်ပါးသို့ ကာလရှည်ကြာရောက်နေရလေတော့ ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုး၏ အားသာချက်ကိုလည်း သတိထားမိသည်။ အားနည်းချက်ကိုလည်း ထောက်ပြတတ်သည်။ ထို့ကြောင့် သူတို့နှင့်စကားပြောလျှင် ကျွန်တော့်မှာ ဗဟုသုတတွေ၊ စဉ်းစားစရာတွေ တိုးပြီးရင်းတိုး

http://www.cherrythitsar.org



ရင်းဖြစ်နေတော့သည်။

တိုင်းတစ်ပါးတွင် အလုပ်လုပ်၍ ငွေထုပ်ကိုပိုက်ပြီး ပြန်လာတာကိုသာ မြင်ကြသည်။ ထိုငွေထုပ်ကလေးကို ပိုက်လာနိုင်အောင် မျက်နှာအောက်ချ ချွေးမြေကျခဲ့ရသည်ကို လူတွေကကောင်းကောင်းမသိကြ။ သူတို့ကလေးတွေပြန်လည် ပြောပြမှသာ စုပ်သတ်မိတော့သည်။ တစ်ချို့ဆိုလျှင် သူတို့ မိဘသားချင်းများကိုပင် (စိတ်မကောင်းဖြစ်မည်စိုးသော ကြောင့်) ထိုကဲ့သို့ အောက်ကျနောက်ကျဘဝကြုံခဲ့ရကြောင်း ပြန်လည်ပြောပြခြင်းမပြုကြ။ ကျွန်တော့်ကိုသာ သူတို့ဘဝကို စာနာတတ်မှန်းသိ၍ ရင်ဖွင့်ကြခြင်းဖြစ်သည်။

ထိုကဲ့သို့ ဖွဲ့သတ္တိခိုင်ခိုင်မာမာနှင့် ထိုက်သင့်သ လောက် အောင်မြင်မှုရသည့်တိုင်အောင် ချီတက်နိုင်ခဲ့သော လူငယ်များရှိသကဲ့သို့ လမ်းခုလတ်တွင်ကျဆုံးသွားသော၊ သို့မဟုတ် ပျက်စီးသွားသော လူငယ်များလည်း ရှိနေသေးသည် ပင်ဖြစ်သည်။ သူတို့အတွက်ကိုတော့ဖြင့် စိတ်မကောင်းဖြစ်ရုံ မှအပ ဘာမျှမတတ်နိုင်တော့ပြီ။ ဘဝတိုက်ပွဲဆိုသည်မှာ စိတ် ကူးယဉ်ဇာတ်လမ်းတစ်ခုမဟုတ်ကြောင်းကို စောစောစီးစီး စူး စမ်းသိရှိလျှက် အဆိုးဆုံးကိုရင်ဆိုင်မည်ဟု နှလုံးသားကို ကြိုတင်ပြင်ဆင်မထားကြသူများ ဤသို့နှင်နှင် ကျဆုံးရမည် သာဖြစ်သည်။ သူတို့အတွက် ရင်းနှီးပြင်ဆင်ပေးလိုက်သော ကြွေးတွေမြီတွေကို ကုန်းဆပ်နေရသည့် မိဘသားချင်းများကို သာ သနားနေမိတော့သည်။ ထိုသို့သော လူငယ်မျိုးသည် မည် သည့်လုပ်ငန်းကိုပင်လုပ်သည်ဖြစ်စေ အောင်မြင်ရန်ခဲယဉ်း

http://www.cherrythitsar.org



လှပေသည်။ မိမိရင်ဆိုင်ရမည့် ဖြစ်နိုင်ဖွယ်ရာ အခက်အခဲများကိုစေ့စေ့စပ်စပ် လေ့လာခြင်းမပြု။ ထိုထိုသောအခက်အခဲများကို ရင်ဆိုင်ရန် နှလုံးသားကို ပြင်ဆင်ထားခြင်းလည်းမရှိ။ ထိုသို့သော လူငယ်များသည် ဘဝအောင်မြင်မှုရရန် အခွင့်အလမ်းနည်းလှပေသည်။

အချို့သောလူငယ်များတို့မှာ ဘဝသတ္တိနည်းပါးသောကြောင့်လည်းကောင်း၊ စိတ်ကူးလေးတယဉ်ယဉ်နှင့် တိုင်းတစ်ပါးသို့ထွက်လာခဲ့မိသောကြောင့်တစ်ကြောင်း၊ မရှုမလှဘဝဆုံးသွားကြရသည်တို့ကို ကြားလိုက်ရသောအခါ သူတို့အကြောင်းကိုပင် စာဖွဲ့ပြီးရေးလိုက်ချင်မိသည်။ အခြားအခြားသော လူငယ်များ သင်္ခန်းစာယူစေလိုသောကြောင့်ဖြစ်ပါသည်။

ထိုသို့မရှုမလှ ကျဆုံးသွားရသော လူငယ်တွေအကြောင်းကိုကြားလိုက်ရသော် ရင်နာခြင်းဖြစ်လိုက်ရသကဲ့သို့ ထိုက်သင့်သလောက် အောင်ပွဲဆင်နိုင်ခဲ့သော လူငယ်တို့၏ ရင်ဆိုင်ကျော်လွှားခဲ့ရသော အတွေ့အကြုံများအကြောင်းကို ကြားလိုက်ရသောအခါ ကျွန်တော့်စိတ်ထဲတွင် သူတို့ကိုအလွန်လေးစားမိသည်။ တိုင်းပြည်အတွက်လည်း အားတက်ခြင်းဖြစ်မိသည်။ မျိုးဆက်သစ်အတွက်လည်း မျှော်လင့်ချက်ပိုပြီး ကြီးလာမိသည်။

သူတို့ပြောပုံဆိုပုံကို သတိထားနားထောင်ကြည့်လိုက်တော့ တိုင်းတစ်ပါးရောက်သွားမှ ပိုပြီးမျိုးချစ်စိတ်ကြီးလာသည်။ ပိုပြီး ဇာတိသွေး၊ ဇာတိမာန်တက်လာသည်ဟု ထင်လိုက်မိသည်။ တိုင်းတစ်ပါးလူမျိုးတွေက သူတို့အကြောင်းကိုပြောနေ

http://www.cherrythitsar.org



မှန်းမသိအောင် သူတို့ထွင်ထားလိုက်သည့် ဗန်းစကားတွေကို နားထောင်ကြည့်ပါ။ 'ယပက်လက်'တဲ့။'စ,လုံး' တဲ့ 'ဘကုန်း'တဲ့။ (သူတို့ကိုယ်သူတို့) မြန်မာလူမျိုးကျတော့ 'ရွှေ'တဲ့။ ရုတ်တရက်ကြည့်လိုက်လျှင်တော့ ဟာသကလေးလိုဖြစ်နေသည်။ သို့သော်ဇာတိမာန်ပါနေကြောင်းကိုတော့ အထင်းသားမြင်နေရသည်။ ဤသို့ဖြစ်လာရသည်ကိုလည်း အဆန်းဟုမဆိုသာ။ ဦးမင်းနိုင်ပြုစုသော'တိုင်းရင်းသားစကားပုံများ'ဟူသော စာအုပ်ကလေးထဲက ကချင်စကားပုံကလေးတစ်ခုကိုသွားပြီးသတိရမိသည်။ 'အနင်းခံရသော စပါးပင်သည် ပို၍သန်၏'တဲ့။တိုင်းတစ်ပါးသားတို့ အလယ်ကိုရောက်သွားခြင်းဖြစ်လေတော့ တစ်နည်းမဟုတ်တစ်နည်းတော့ 'အနင်းခံ'ရတော့မည်သာဖြစ်သည်။လှီသောညှံ့သောစပါးပင်ကတော့ ပြုတ်သွားမည်သာဖြစ်သည်။ သန်သောထန်သော စပါးပင်များကတော့ မီးခံရေခံ ဒေါင်ဒေါင်လန်များဖြစ်လာကြတော့သည်။

တိုင်းတစ်ပါးရောက်သွားသောကြောင့် တိုင်းတစ်ပါး၏ယဉ်ကျေးမှုတွေကို အထင်ကြီးပြီး မိမိတို့ ရိုးရာယဉ်ကျေးမှုကို မေ့လျော့သွားလိမ့်မည်ဟုထင်လိုက်လျှင် တကယ်တက်စင်အောင်မှားပေရော့မည်။ ဟိုကိုရောက်သွားမှ မြန်မာသီချင်းတွေကိုပိုလို့နားထောင်ချင်လာသည်။ ကျွန်တော့်တပည့်တစ်ယောက်ကပြောသည်ကို ပြန်ပြောလိုက်ရဦးမည်။ 'ဆရာရယ်ဟိုကိုရောက်သွားလို့ အတော်ကြာတော့မှ ကောင်မလေးတစ်ယောက်ဆီက မြန်မာသီချင်းခွေတွေကို ယူပြီးနားထောင်ကြည့်တာ အပို့တော်နတ်သံပစ်တာက တော်တော့်ကိုကောင်းတာပဲဆရာရဲ့။

http://www.cherrythitsar.org



နောက်ပြီးဆရာ့ဆောင်းပါးတစ်ခုထဲမှာ ဖတ်လိုက်ရတဲ့ ပန်းမြိုင်လယ် ယိုးဒယားကလည်း တကယ်ကောင်းတာကိုး။ ကျွန်တော်လေ ပန်းမြိုင်လယ်ကို နားထောင်လိုက်ရင် ကိုယ့်တိုင်းကိုယ့်ပြည်ကို သိပ်လွမ်းမိတာပဲဆရာ။ တစ်ခါတစ်လေ မျက်ရည်တောင်လည်မိပါတယ်။ခုတော့ အဲဒီအပျိုတော်နတ်သံနဲ့ ပန်းမြိုင်လယ်ကို ကျွန်တော်ကောင်းကောင်းဆိုနိုင်နေပြီ”တဲ့ ဒီတပည့်ဟာ မြန်မာပြည်မှာနေစဉ်က ဂစ်တာလောက်ကိုသာ ဂီတထင်နေပြီး ကော်ပီလေးတွေလောက်ကိုသာ သီချင်းထင်နေသူဖြစ်သည်။

ဂီတမှာသာဒီလိုဖြစ်သလားဆိုတော့ မဟုတ်သေး။ စာပေမှာလည်း ထိုနည်းတူပင်ဖြစ်သည်။ နာမည်ရပြီးသော စာရေးဆရာဟူသမျှ၏ စာအုပ်တွေသူတို့ဆီမှာ အားလုံးဝယ်လို့ရသည်။ ဝင်ငွေအတန်အသင့်ကောင်းသူတစ်ယောက်က သူဝယ်ထားသည့် မြန်မာစာအုပ်တွေကို ငှားလှည့်၊ ဖတ်လှည့်ဟု ဖိတ်ခေါ်လိုက်သေးသည်။ သူတို့သည် မြန်မာပြည်က စာဝါသနာအိုးများနောက်တွင် ကျန်မနေရစ်ခဲ့။ ဘယ်စာရေးဆရာရဲ့ဘယ်ဝတ္ထုကိုဘယ်လိုကြိုက်ကြောင်း၊ ဘယ်စာရေးဆရာမရဲ့ နောက်ပိုင်းရေးတဲ့ ဝတ္ထုတွေဟာဖြင့် ရှေ့ပိုင်းဝတ္ထုတွေကို မမီတော့ကြောင်း စသည်ဖြင့် ဝေဖန်ပြောဆိုနေကြသည်ကိုကြားလိုက်ရတော့ကျွန်တော့်မှာ ပါးစပ်အဟောင်းသားနှင့် ငြိမ်ပြီး နာထောင်နေရတော့သည်။ ငြိမ်မနေလို့လည်းမဖြစ်။ ကျွန်တော်ကိုယ်တိုင်က သူတို့ပြောနေသည့်ဝတ္ထုစာအုပ်တွေကို ဖတ်မှ မဖတ်ဖူးသေးတာကို။

http://www.cherrythitsar.org



တစ်ချို့တိုင်းပြည်တွေမှာတော့ ခေတ္တရောက်အလုပ်လုပ် ပညာသင်နေသူများသာမက၊ မိသားစုလိုက် အတည်တကျနီးပါး အလုပ်လုပ်နေသူများလည်းရှိသည်။ သူတို့ကျတော့ လပြည့်လကွယ် သီတင်းနေ့များတွင် စုပေါင်းဝတ်အသင်းကလေးများပင် ဖွဲ့ထားလိုက်ကြသေးသည်ဟုသိရသည်။ ကျွန်တော့်ဟောပြောပွဲအခွေတွေကိုလည်း သူတို့ကနားထောင်ကြပြီးဖြစ်နေကြသည်။

မနေ့တစ်နေ့ကပင် ကျွန်တော့် တပည့်တစ်ယောက်ကပြန်ပြောပြသည်။ ဟိုမှာရောက်နေသည့် အညာသားတစ်ယောက်က ကျွန်တော်၏' အမွေ' စာအုပ်ကိုဖတ်ပြီး ရှိုက်ကြီးတငင်ငိုမိသည်လို့ပြောသတဲ့။ ကျွန်တော်က အံ့အားသင့်သွားပြီး"ဟာ. . အမွေစာအုပ်မှာဖြင့်ငိုစရာအကြောင်းပါတယ်မထင်ပါဘူး။ ဘယ်နေရာမှာငိုမိလဲမသိဘူး" ဟုပြောလိုက်တော့ ဘေးတွင်နေသည့် "ကံထွန်းသစ်"က"အမှာစာမှာ ဆရာထည့်ပေးလိုက်တဲ့ အင်္ဂလိပ်ကဗျာလေးနှစ်ပုဒ်နဲ့ ဆရာ့ဘာသာပြန်လေးကြောင့် ဖြစ်မယ်ထင်တယ်"ဟုပြောပါသည်။

သူတို့သည် ကျွန်တော်တို့ထင်မှန်းထားသည်ထက်တိုင်းချစ်ပြည်ချစ်စိတ်ပိုလို့ကြီးလာသည်။ဇာတိသွေး၊ ဇာတိမာန်ပိုလို့တက်ကြွလာသည်။

ထိုထိုသောအရာတွေအားလုံးထက် ကျွန်တော်ပိုလို့အားတက်လာမိသည်မှာ သူတို့သည် ပညာ၏တန်ဖိုးကိုအသည်းလှိုက် အူလှိုက် လေးလေးနက်နက်ကြီးသိလာကြခြင်းဖြစ်သည်။

http://www.cherrythitsar.org



အနာဂတ်မျိုးဆက်သစ်အတွက် ကျွန်တော်တကယ့်ကိုအားတက်နေမိသည်။

http://www.cherrythitsar.org


# သိချင်စိတ်

မကြာသေးမီက စာအုပ်ဟောင်းသမား ဖိုးသင်းနိုင်၏ စာအုပ်စင်တွင် စစ်ကဲတော်မင်း မောင်ရွှေနော် စုဆောင်းရေး စီအပ်သော"မွန်ရာဇာနှင့် စေတီတော်သမိုင်းပေါင်းချုပ်" ဟူသော စာအုပ်ကိုတွေ့လိုက်မိသည်။ ယခင်ကလည်း ထို စာအုပ်ကို တွေ့ဖူးပါသည်။ ယခုအမှတ်မထင် ကောက်လှန် လိုက်ရင်း ရန်ကုန်မြို့၊ ဟံသာဝတီသတင်းစာတိုက်တွင် ၁၈၉၉ ခုနှစ်၌ ပုံနှိပ်ကြောင်းကို သတိပြုမိလိုက်ပြန်ရာ သီပေါမင်း ပါတော်မူပြီး၁၄ နှစ်အကြာဆိုတော့ ဒီစာအုပ်ရဲ့ သက်တမ်းဟာ နှစ် ၁၀၀ တောင်ပြည့်တော့မှာပါကလားဟု အောက်မေ့ကာ ရှိသေစိတ်ကလေးပေါ်လာမိသည်။

သို့နှင့် ကျမ်းပြုသူ၏အမှာစာကို ဖတ်ကြည့်လိုက် တော့ အတော်ကြီးကို အပင်ပန်းခံပြုစုထားကြောင်း သိသာ လှသည်။ သို့သော် ဤဆောင်ပါးတွင်မူကား အခြားသော အကြောင်းများထက် ထိုစာအုပ်ကိုရေးသားစီရင်ခဲ့ရသည့်

http://www.cherrythitsar.org



အကြောင်းကိုသာ ပဓာနထားပြီး တင်ပြလိုခြင်းဖြစ်ပါသည်။ ထုတ်နုတ်ပြပါရစေ-

“ရန်ကုန်မြို့ ပထမမူလရင်း မဟာဝန်ရှင်တော်မင်းကြီး မေဇယ်ဖွယ်ရာသခင်သည် ကောဇာသက္ကရာဇ် ၁၂၁၁ ခုနှစ် မော်လမြိုင်မြို့မှာ အရှေ့ပိုင်မင်းဖြစ်နေစဉ်အခါ ရာမည တိုင်း မွန်တို့ရာဇဝင် သမိုင်းစာဟောင်းကျမ်းဂန်များ ရှာဖွေပေး ပါဟု စစ်ကဲတော်ကြီးဦးထော်လေး၊ အခွန်ဝန်မင်းဦးပြော့တို့ကို အမိန့်ရှိရာ ၊ ၎င်းစစ်ကဲတော်ကြီး၊ အခွန်ဝန်မင်းတို့ မော်လမြိုင်၊ မုတ္တမ၊ ဟံသာဝတီမြို့ရွာနယ်ပယ်မှာ လိုက်လံမေးမြန်းရှာဖွေ သည်တွင် စာမှန်၊ စာကောင်း၊ စာဟောင်း၊ ကျမ်းဂန် များကို မတွေ့ရ။ ယိုးဒယားသို့စာ၊ လူစေလွှတ်ရှာဖွေစေမှဝလင်းခုတ် မွန်ဆရာတော်ဘုရား၊ သံခပိုင် မွန်ဆရာတော် ဘုရားတို့က ရာမညတိုင်းရာဇဝင် ၉ကြောင်း ပေမွန်စာဟောင်း စာမှန် ၅၈ အင်္ဂါ၊ ဘုရားသမိုင်းစာဟောင်းစာမှန် အင်္ဂါ၂၀ ကျော်ပေးလိုက် သဖြင့် ရခဲ့ပါသည်။ ရခဲ့ပြီးနောက် အရေးပိုင်မင်းက မြို့အုပ် ဦးရွှေကြာကို တစ်လလျှင် အခငွေ ၄၀ ပေး၍ မြန်မာဘာသာ ပြန်စေပါသည်။ ကျွန်ုပ်စစ်ကဲတော်မင်း မောင်နော်၊ ပြည်မြို့ အခွန်ဝန်မင်း မောင်ထတွက်တို့ကိုလည်း တစ်လ ၂၅ ကျပ်စီ ပေး၍ ရေးပါစေသည်။ တစ်နှစ်ခွဲ နှစ်နှစ်လောက်ကြာမှ အပြီး ရောက်ပါသည်။

‘မေဇင်ဖွယ်ရာဆိုသည်ကတော့ မေဂျာ ဖယ်ရာ (Major Phayre) ဖြစ်ကြောင်း ပြောစရာမလိုပါ။ ၁၂၁၁ခုနှစ် ဆိုတော့ အင်္ဂလိပ်မြန်မာ ပထမစစ်အပြီး ပုဂံမင်းလက်ထက်

http://www.cherrythitsar.org



ဖြစ်ပါသည်။ အခငွေ တစ်လ ၄၀ ပေးသည်ဆိုတော့ (ထိုခေတ်က) ရွှေဥကျပ်သားလောက် တန်ဖိုးရှိသောငွေပဲဟု ထင်မိပါသည်။

သို့နှင့် ကျွန်တော်ဆက်ပြီး စဉ်းစာမိသည်က ဒီအင်္ဂလိပ်ကြီးဟာဘာကြောင့် မွန်ရာဇဝင်ကို အရှာခိုင်းသလဲ ဒီလောက် အခကြေးငွေပေးပြီး ဘာကြောင့် မြန်မာပြန်ခိုင်းသလဲ သူ့ရည်ရွယ်ချက်တွေကို အသာထား၊ 'သိချင်စိတ်'ကြီးမားလွန်းလို့ဆိုသည်ကတော့ အသေအချာပဲ။ သူတို့ခေတ် သူတို့အဖြစ်ကို လှမ်းပြီးတွေးကြည့်လိုက်မယ်ဆိုလျှင်၊ သူတို့သည် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ စွန့်စွန့်စားစား လာရောက်အမှုထမ်းကြသူများဖြစ်ကြသည်။ ထို့ကြောင့် ဘာမဆို သိချင်စိတ်ကြီးမားစွာနှင့် စူးစမ်းကြသည်။ လေ့လာကြသည်။ ဆည်းပူးကြသည်။ လူတစ်ယောက်အတွက်ဖြစ်စေ၊ လူမျိုးတစ်မျိုးအတွက်ဖြစ်စေ 'သိချင်စိတ်'ကြီးမားခြင်းကား တိုးတက်ကြီးပွားခြင်း၏ အကြောင်းခံကြီးတစ်ခုဖြစ်သည်ဟု ထင်မိပါသည်။

ဒါတွေကိုဘာကြောင့်ရေးနေရသလဲဟု မေးစရာရှိပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဒီကနေ့ လူငယ်များသည် 'သိချင်စိတ်' ထက်ထက်သန်သန်မရှိကြတော့ဘူးလားလို့ ထင်နေမိတာကြောင့် ရေးနေမိခြင်းဖြစ်ပါသည်။(ကျွန်တော့် ထင်မြင်ချက်မှားကောင်းမှားနိုင်ပါသည်။ သို့သော်လည်း ဆက်ပြောရပါရစေဦး) အကြောင်းအားလျော်စွာ ကျွန်တော့်ဘဝမှာ လူငယ်များနှင့်အတော်လေး ထိထိတွေ့တွေ့ဆက်ဆံနေရသည့် ဘဝမျိုးဖြစ်ပါသည်။ သူတို့နှင့်နေရသည်ကိုလည်း အလွန်နှစ်နှစ်သက်

http://www.cherrythitsar.org



သက်ဖြစ်မိသည်မှာလည်း အမှန်ပါ။ သို့တိုင် သူတို့ကို ကျွန်တော် အားမလိုအားမရဖြစ်မိသည်မှာလည်း အမှန်ပါပဲ။

ရုတ်တရက် ကြည့်လိုက်လျှင်တော့ ကွန်ပျူတာ၊ စာရင်းကိုင်၊ အင်္ဂလိပ်စကားပြော စသည့်သင်တန်းများ၌ တက်တက်ကြွကြွ တက်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ သို့သော်လည်းသူတို့သည် အလုပ်အကိုင်တစ်ခုအတွက်၊ သို့မဟုတ် အချိန်တွေပိုနေလို့(အလကားနေရင်း)ဆိုပြီးတက်နေကြသော သူတွေသာများသည်။တကယ်တမ်း**'သိချင်စိတ်'** ကြောင့် မဟုတ်ဟုထင်နေမိသည်။ သင်တန်းကပေးလိုက်သော ပညာကို ဆက်လက်ပြီးတိုးတက်နေအောင် ကိုယ့်ဘာသာကိုယ် နှေ့နှေ့ညည စူးစူးစိုက်စိုက် လုပ်နေတာမျိုး မတွေ့မိသလောက်ပါဘဲဟု ပင်ပြောလိုက်ချင်သည်။ တစ်ဦးစ၊ နှစ်ဦးစ ဆိုတာမျိုးလောက်တော့ ရှိကောင်းရှိလိမ့်မည်။ သို့သော်ယေဘုယျကိုပြောကြပြီဆိုလျှင် ဒါမျိုးလောက်ကို စာရင်းထိုးလို့ဖြစ်နိုင်သည်မဟုတ်ပါ။

ကျွန်တော်ကတော့ လူငယ်တွေဘာကြောင့် ဒီလိုဖြစ်သွာရသလဲ။ ငါထင်တာ ဟုတ်ကောဟုတ်ရဲ့လား။ မိဘများက ကိုယ့်သားသမီး ဘယ်လောက်ပဲကြိုးစားနေနေ အားမရနိုင်သလိုဖြစ်နေသလားဟုလည်း တစ်ဘက်က လှည့်တွေးမိပြန်ပါသည်။

မည်သို့ပင်ဖြစ်စေ လူငယ်များ 'သိချင်စိတ်' အားကြီးလာမှသာ ကျွန်တော်တို့၏ မျိုးဆက်သစ် တိုးတက်လာပါလိမ့်မည်။ နိုင်ငံတော်ကြီးလည်း တိုးတက်လာနိုင်ပါလိမ့်မည်။

အဖေခိုင်းလို့မဟုတ်၊ အမေခိုင်းလို့မဟုတ်၊ ဆရာကို

http://www.cherrythitsar.org



ကြောက်ရလို့မဟုတ် ၊ စာမေးပွဲအောင်ချင်လို့မဟုတ်၊ အလုပ်ရချင်လို့မဟုတ်၊ ကိုယ့်ဘာသာ သိကိုသိချင်လို့ ဆည်းပူးသော စူးစမ်းသော လူငယ်တွေဖြစ်လာစေချင်သည်။ ကလေးဘဝမှာတော့ဖြင့်ဘာရယ်မဟုတ်လူကြီးတွေကြောင့်၊ ပတ်ဝန်းကျင်ကြောင့် ကျောင်းတက်ရသည်။ စာသင်ကြရသည်မှာ မှန်ပါသည်။ သို့သော် တက္ကသိုလ်ရောက်သည့် အချိန်အထိ၊ ရည်းစားသနာထားတတ်ပြီး မိန်းမလိုချင်သည်အထိ'သိချင်စိတ်' နှင့် မလှုပ်ရှားဘဲဝတ္တရားသဘောနှင့် လုပ်ကိုင်နေကြခြင်းမျိုးကို အားမလို အားမရဖြစ်မိကြောင်းဆိုလိုပါသည်။

'ဘာဖြစ်လို့လဲ' 'ဘာကြောင့်လဲ' 'ဘယ်လိုဖြစ်လာ တာလဲ' စသည့်မေးခွန်းများဖြင့် လူတွေစူးစမ်းခဲ့သောကြောင့်သာလျှင်လောကကြီးတိုးတက်လာခဲ့သည်ကို အထူးပြောနေစရာ မလိုတော့ပါ။ ထို့အတူ ယနေ့ကမ္ဘာကြီးရှိ နိုင်ငံများကိုကြည့်လိုက်မည်ဆိုလျှင်လည်း'သိချင်စိတ်' များသောသူတို့ကြောင့်သာ အလျဉ်မပြတ် တိုးတက်နေသည်ကိုသာ တွေ့ကြရမည်ဖြစ်ပါသည်။ သတင်းစာ၊ ရုပ်မြင်သံကြား စသည်တို့တွင် စွန့်စွန့်စားစားကြိုးကြိုးပမ်းပမ်း လေ့လာကြပုံ၊ စူးစမ်းကြပုံတို့ကို ဖတ်ရတိုင်း၊ မြင်ရတိုင်း၊ ကျွန်တော့်မှာ ရင်ထဲကအောင့်သလိုလို၊ မကြည့်ချင်တော့သလိုလို၊ သတင်းစာကိုပဲ လွှတ်ပစ်လိုက်ချင်သလိုလို၊ တီဗွီကိုပဲ ပိတ်ပစ်လိုက်ချင်သလိုလို ဖြစ်ဖြစ်နေမိပါသည်။

ထိုကဲ့သို့ ကြည့်နေရင်းကပင်(ကျွန်တော်က ဗုဒ္ဓဘာသာဝင်ဖြစ်လေတော့) သိဒ္ဓတ္ထမင်းသားတောထွက်သွားသည်မှာ

http://www.cherrythitsar.org



ယသော်ရောကို စိတ်ကုန်သောကြောင့် ၊ လူ့လောကကြီးကိုစိတ်နာသောကြောင့်၊ ဘဝတွင် အရေးနိမ့်ပြီး ထင်တိုင်းမပေါက်သောကြောင့် တောထဲသို့ထွက်ပြေးခြင်းမဟုတ်၊ မသေသော 'အမတ'သဘောကို'သိချင်စိတ်'၊ သစ္စာတရားကို'သိချင်စိတ်'၊ မဂ်တရားကိုသိချင်စိတ် စသည်အားဖြင့် တဟုန်းဟုန်းတောက်နေသော'သိချင်စိတ်' များကြောင့်သာ တောထွက်သွားခြင်းပေတကားဟု သူ၏ 'သိချင်စိတ်ကိုကြည်ညိုခြင်း အသစ်ဖြစ်မိတတ်ပြန်ပါသည်။

သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်သွားရောက်ပြီး တကယ်တမ်း တရားရှာသူတို့ကို ရုတ်တရက်ကြည့်လိုက်မည်ဆိုလျှင် လူ့လောကမှာ လွတ်ရာလွတ်ကြောင်း အေးရာအေးကြောင်းအားထုတ်နေသည်ဟု ထင်စရာရှိပါသည်။ 'တရားရှာ' သည်ဟု ဆိုမှဖြင့် ဘယ်မှာ သက်သာပါလိမ့်မည်နည်း။သူတို့သည်လည်း'သိချင်စိတ်ကြီးမားစွာနှင့်'ရှာ' နေရခြင်းဖြစ်သည်။ ငွေကိစ္စ၊ စီးပွားကိစ္စ၊ သားရေး၊ သမီးရေးတို့ကို ခဏလောက်မေ့မေ့ပျောက်ပျောက်ထားပြီး ဥပုသ်စောင့်ခြင်းနှင့်တူသည်မှမဟုတ်ဘဲ။ လောကီအရေးတွင် ထင်တိုင်းမပေါက်သောကြောင့်စိတ်ညစ်ညစ်နှင့်အညောင်းခံပြီး ထိုင်နေသူတို့သည်ဘယ်တော့ မှတရားကို မတွေ့နိုင်။ တွေ့နိုင်ပါမည်လား။ ရှာမှမရှာဘဲ။'သိချင်စိတ်'ကြီးမားစွာနှင့် တရားကိုရှာသောကြောင့်သာလျှင် 'တရားထူး'ကိုတွေ့ကြရသည်။

လောကုတ္တရာ ကိစ္စများကို ထားလိုက်ပါတော့၊ ကျွန်တော်တို့၏ မြန်မာလူငယ်တို့သည်လည်း ဘာကိုပဲသင်သင်

http://www.cherrythitsar.org



ဘယ်ကျောင်းကိုပဲတက်တက်‘သိချင်စိတ်’ထက်ထက်မြက်မြက်နှင့် စူးစမ်းလေ့လာကြစေချင်သောကြောင့်သာ ရေးလိုက်ရပါသည်။ အထူးသဖြင့်‘နွေရာသီကျောင်းပိတ်ရက်’များတွင် ‘ဦးခေါင်း,  ကိုပိတ်မထားကြရန် အားမလိုအားမရ စိတ်နှင့် အားနာပါးနာ ရေးလိုက်ရပါသည်။ ။

http://www.cherrythitsar.org



# အဖော်လေးတွေ

မနေ့တစ်နေ့က ညနေခင်းတွင် မိုးလေးစဲပြီးစ နေက လည်းသာလာသည်နှင့် လမ်းလျှောက်ထွက်လာမိခဲ့သည်။ ကတ္တရာလမ်းသစ်လေးတွေကလည်း ပြောင်စင်ချောမွတ်နေသည် ဆိုတော့ ကလေးတွေလည်း ကစားကြသည်။ လူငယ်လူရွယ် ကလေးတွေကလည်း ဘောလုံးစသည်အားဖြင့် ကစားကြသည်။ လူရွယ်တွေဘောလုံးကစားကြသည်ကိုတော့ ကျွန်တော်စိတ် မဝင်စားလှ၊ သူတို့ကစားကြတာကို ရှောင်ကာတိမ်းကာ ကျော်လွန်လာခဲ့သည်။ တစ်နေရာရောက်တော့ သုံးနှစ်သာသာ လောက်မိန်းကလေးတစ်ယောက် ဂေါ်လီရိုက်နေသည်ကို ခဏ လောက်ရပ် ကြည့်နေမိသည်။ ကျောက်ဂေါ်လီလေးတစ်လုံးကို သုံးတောင်လောက်အကွာအဝေးတွင်ထားပြီး နောက်တစ်လုံးနှင့် လှမ်းပြီး မှန်အောင်ပစ်ကစားနေခြင်းဖြစ်သည်။ သူ့ကိုသူလည်း မနိုင့်တနိုင်၊ ခြေကလေးမခိုင့်တခိုင်၊ ယိုးတိုးယိုင်တိုင်ပစ်ကစား နေသည်မှာ အလွန်ကို ချစ်စရာကောင်းသည်ဟု ထင်နေမိ

သည်။ ထို့ကြောင့်လည်း အသာရပ်ပြီးကြည့်နေခြင်းဖြစ်သည်။ ကျွန်တော့်စိတ်တွင် အလွန်ကိုချမ်းသာကြည်နူးနေသည်မှာ အမှန်ဖြစ်သည်။

အဲသည်လိုအရွယ်လေးတွေကို ကျွန်တော်အလွန်ချစ်သည်။

ကျွန်တော့်မှာ မြေးတွေလည်းရှိနေပြီ၊ သမီးအကြီး ဆုံးက သုံးယောက်၊ သားအငယ်ဆုံးကတစ်ယောက်ဆိုတော့ အခုဆိုလျှင် ၄ ယောက်တောင်ရှိနေပြီ။ သားငယ်၏ သမီးကတော့ ခုမှ သုံးလသမီးပဲရှိသေးသည်။ သမီးအကြီးဆုံးကမွေးသော သားငယ်နှစ်ကောင်အနက် အငယ်ဆုံးကောင်က မူကြိုက သူငယ်တန်းတက်စပဲရှိသေးသည်။ ဒီကောင်က ကျွန်တော်နှင့်ရင်းနှီးသည်။ သူကျွန်တော့်အိမ်ကို ရောက်လာလိုက်လျှင် ကျွန်တော့်အခန်းထဲ အသာတိတ်တိတ်ကလေးဝင်လာတတ်သည်။ပြီးမှ ဝါးကနဲခြောက်တတ်သည်။ကျွန်တော်က လန့်သွားလိုက်ရသည်။ 'ဟာကွာ လန့်လိုက်တာ မင်းတော်တော်ဆိုးတဲ့အကောင်ကွာ'ဟုပြောလိုက်လျှင် သူအလွန်သဘောကျ သည်။ အဖိုးထုံးစံအတိုင်း သူဝင်လာတာသိလျှင်လည်း မသိချင်ယောင်ဆောင်၊ သူခြောက်လိုက်လျှင် လန့်ပြရသည်ပေါ့။

ကျွန်တော့်ကို စကားတွေလာပြော ၊ ကိုယ်ကစာထဲစိတ်ဝင်စားနေလို့ သူ့ကို ဂရုမစိုက်လျှင် မေးစေ့ကိုဆွဲပြီး သူ့ဘက်ကိုအလှည့်ခိုင်း၊ အဲဒါကိုမရသေးလျှင် နားရွက်ကိုဆွဲ၊ အဲဒါနဲ့မှ မရသေးလျှင် ဆံပင်တောင်ဆွဲချင်ဆွဲတဲ့အကောင်။ သူပြောချင်တာကို နားထောင်လိုက်မှ ကျေနပ်သည်။ သို့သော်

http://www.cherrythitsar.org


သူနှင့်နေရသည်ကို ကျွန်တော်လည်းကျေနပ်သည်။ ပျော်မွေ့ကြည်နူးသည်။

ပြောရဦးမည်။

ကျွန်တော်နှင့် အတော်အတန်ရင်းနှီးသည့် ဆရာတော်ကြီးတစ်ပါးက ကျွန်တော့်ကို မေးဖူးသည်။

“အောင်သင်း သားသမီးအချစ် မြေးအနှစ်လို့ဆိုတယ်ကွ၊ အသက်ကြီးလာတော့ မြေးတွေကိုပိုပြီးချစ်လာတတ်တယ်။ အဲဒါဘာကြောင့်လဲ သိလား”တဲ့။ ကျွန်တော်က အိုးတိုးအတဖြစ်နေတော့ ဆရာတော်ကြီးက ဆက်ပြောပါသည်။

“အရင်းအမြစ်ကိုစစ်လိုက်တော့ ‘တဏှာ’ပဲဟ အောင်သင်းရ။ အသက်ကြီးလာတော့ ကိုယ့်ကိုရင်းရင်းနှီးနှီးဆက်ဆံတဲ့ အပေါင်းအသင်း နည်းလာတာလဲပါတာပေါ့ကွာ။ အဖော်လုပ်နိုင်တဲ့သူနည်းလာတာကိုး။ ပုထုဇဉ်ဆိုတာတဏှာက မကင်းသေးတာပဲကိုးကွ။ သားသမီးတွေ ငယ်စဉ်ကတော့ ပွေ့ကာပိုက်ကာ ယုယုယယ နေနိုင်ခဲ့တာပေါ့။ ဒါပေမယ့် သားသမီးတွေက ကြီးလာပြန်ရော။ သူတို့ကို ပွေ့ကာပိုက်ကာ နေချင်လို့မရတော့ဘူး။ အရွယ်အားဖြင့် မတင့်တယ်ဘူး။ သူတို့ကလည်း အဲဒီလိုယုယတာမျိုးကို မခံချင်တော့ဘူး။ ဒါပေမယ့် မိဘတွေကိုယ်တိုင်က အဲဒီလိုနေချင်စိတ်က ရှိနေသေးတာပဲ။ ဟော မြေးတွေရောက်လာလိုက်တော့မှ အဲဒီလို နေချင်တိုင်းနေလို့ ရလာပြန်လေရော။ ဒီတော့မှ အာသာက ပြေလာပြန်တာကိုး။

“စကားစပ်လို့ပြောလိုက်ရဦးမယ်။ တို့များငယ်

http://www.cherrythitsar.org



ငယ်ကဆရာတော်ကြီးတစ်ပါးဆီမှာ နေခဲ့ဖူးတယ်။ ဣန္ဒြေ သိက္ခာကလည်း ကြီးလိုက်ပါဘိနဲ့။ တို့တတွေဆိုတာ သူ့ရှေ့မှာ ဆိုရင် တစ်စက်မှမနေချင်ဘူး။ ခဏလောက်နေရတာတောင် စိတ်ကျဉ်းကျပ်နေတယ်။ ကြောက်လိုက်ရတာသေးဖျန်းဖျန်း ပါအောင်ကြောက်ရတယ်ဆိုတာမျိုးပေါ့။ အဲဗျား ကလေး ပေါက်စတွေကျတော့ အလိုလိုက်သလားမမေးနဲ့ သူကိုများဗျာ ဝမ်းလျားထိုးနေတုန်းမှာ ကျောပေါ်တက်ခွပြီး မြင်းစီးလို့စီး၊ နား ရွက်ဆွဲလို့ဆွဲ လုပ်နေတာ။ အဲဒါကို 'ဟဲ့ကောင် မလုပ်နဲ့ကွ၊ နာတယ်ကွ' ပါးစပ်ကပြောနေရင်း ထွေးလားလုံးလားနဲ့ကျေ နပ်နေတာပဲဗျား။ သူကအလွန်သြဇာတိက္ကမကြီးတဲ့ ဆရာတော် ကြီးဖြစ်လေတော့ တော်ရုံတန်ရုံလူကလည်း သူ့နားကိုမကပ်ဝံ့ တော့ဘူး၊ ဒီတော့ အဖော်မရှိတာလဲပါတာပေါ့။

နောက်ပြီး ခုနက ငါပြောခဲ့သလို ယုယုယယပွေ့ပွေ့ ပိုက်ပိုက်နေချင်တာလည်းပါသေးတာပေါ့။ ကျမ်းတတ်စာတတ် ဆရာတော်ကြီးပင်ဖြစ်သော်လည်း ပုထုဇဉ်ပေကိုးကွ။ တဏှာ ကမကင်းသေးဘူးမဟုတ်လား။ ငါတို့လည်းခုမှပြန်ပြီး သဘော ပေါက်လာရတာပေါ့။ 'မြေးအနှစ်' ဆိုတာအဲဒါပဲကွ အောင်သင်းရ"တဲ့။

ဆရာတော်ကြီးပြောခဲ့ဖူးသည့်စကားကို မကြာခဏ ပြန်ပြီးသတိရမိသည်။ 'တဏှာ' သဘောဆိုတာလည်း ဟုတ်ပါ ပေလိမ့်မည်။ သေချာတာကတော့ အဖော်ဖြစ်နေသည် ကတော့ အမှန်ပါပဲ။ နောက်ပြီး သူတို့ရဲ့ ပျိုမျစ်သောအရွယ် တင်းတင်းရင်းရင်း ကျစ်ကျစ်လျစ်လျစ်ရှိလှသော အသားအရေ

http://www.cherrythitsar.org



လေးများကို ကိုင်တွယ်ပွတ်သတ်နေရသည်မှာလည်းနှစ်လိုဖွယ် ဖြစ်သည်။ ထိုဖြစ်ခြင်းကို ပြန်လည်တောင့်တနေမိပြန်သည်လား ဟုလည်းစဉ်းစားမိသည်။ ။

http://www.cherrythitsar.org



# ပုံပြင်လက်ဆောင်

ကျွန်တော်မကြာခဏ သတိရတတ်သည့် ပုံပြင်ကလေးတစ်ခုရှိသည်။ ထိုပုံပြင်ကို ကျွန်တော်တို့သက်ရွယ်လူကြီးများကတော့ ဖတ်ဖူးကြမှာ အမှန်ဖြစ်သည်။ ယခုခေတ်လူငယ်များကတော့ ဖတ်ဖူးရန်ဝေးစွ ကြားပင်မကြားဖူးကြကြောင်း တွေ့ရသည်။ "ချွေတာခြင်း" ဆိုသောစာအုပ်ထဲတွင် ထိုပုံပြင်ကလေးကို ဖတ်ဖူးခြင်းဖြစ်သည်။ ကျွန်တော်တို့ခေတ်မတိုင်မီက"ချွေတာခြင်း"စာအုပ်ကို ကျောင်းသုံးပင်ပြဋ္ဌာန်းခဲ့ဖူးသောကြောင့် ကျွန်တော်တို့ငယ်စဉ်က ဟိုနားတွေ့ဒီနားတွေ့တွေ့ခဲ့ရသော်လည်း ယခုတော့ဖြင့် မတွေ့ရတော့ပြီ။ စာကြည့်တိုက်ကြီးများမှာသာ ရှိကောင်းရှိတော့မည်ထင်သည်။

ပုံပြင်ကဤသို့ဖြစ်သည်။

တစ်ခါကရှင်ဘုရင်တစ်ပါးနှင့် သူ၏မိဖုရားကြီးတို့အတူစံမြန်းနေကြစဉ် လမ်းပေါ်တွင် ပင်ပန်းကြီးစွာ ထင်းထမ်းပြီးလှည့်လည်ရောင်းချနေသော အဖိုးတစ်ယောက်ကို မြင်

http://www.cherrythitsar.org



သည်။ ရှင်ဘုရင်က ကရုဏာသက်လှသည့်ပြင် စိတ်ဝင်စားသောကြောင့် ခေါ်ငင်မေးမြန်းသည်။ ပင်ပန်းလွန်းသောကြောင့် အိုစာလှသည်မှန်သော်လည်း အသက်မှာ ရှင်ဘုရင်နှင့် သက်တူဖြစ်ကြောင်းသိလိုက်ရသည်။ ဆက်လက်ပြီး မေးမြန်းလိုက်သောအခါ အသက်တူရုံမျှသာမက မွေးနေ့မွေးရက်မှစ၍ အားလုံးတူနေကြောင်း သိလိုက်ရသဖြင့် အံ့အားသင့်မိသည်။ ဤသို့ မွေးနေ့၊ ခုနှစ်၊ သက္ကရာဇ်ပါတူနေပါလျက် တစ်ဦးက ရှင်ဘုင်တစ်ဦးမှာ ဘာကြောင့် ဤမျှဆင်းရဲနေရသည်ကို အံ့ဩမိကြောင်း ရှင်ဘုရင်က ပြောလိုက်သောအခါ မိဖုရားကြီးက အသက်အရွယ်ငယ်သေးသည့် အားလျော်စွာ ဇနီးဖြစ်သူ လိမ်လိမ်မာမာမရှိသောကြောင့်လည်းဤမျှဆင်းရဲဟန်ရှိကြောင်း မှတ်ချက်ချလိုက်မိသည်။

ဤသည်တွင် ရှင်ဘုရင်က ပြင်းစွာအမျက်ထွက်သွားသည်။ ဤကဲ့သို့ မင်းစည်းစိမ်ခံစားနေနိုင်ခြင်းသည်ပင်လျှင် မိဖုရားလိမ္မာသောကြောင့်ဟု ယူလိုကယူနိုင်သည့် စကားဖြစ်နေသည်ကိုး။ ထို့ကြောင့် မယားကောင်းကြောင့် လင်ဖြစ်သူ ချမ်းသာကြီးပွားနိုင်ပါသည်ဆိုလျှင် သင်မိဖုရားအား ယခုပင် ထင်းထမ်းအဖိုးအိုနှင့်ပေးစားလိုက်ပြီး အဖိုးအိုနှင့် လိုက်သွားပေရော့ဟု နန်းတော်မှနှင်ထုတ်လိုက်သည်။

မိဖုရားလည်း မနေသာတော့ပြီ။ ထင်းထမ်းအဖိုးအိုနောက်ကလိုက်သွားရသည်။ ထင်းထမ်းအဖိုးအို၏ အိမ်သို့ရောက်သော်အခါ ဇနီးသည် အဖွားအိုကပါ မိဖုရားကြီးအားသနားလှသောကြောင့် (သူတို့မှာလည်း သားသမီးမရှိကြသည်

http://www.cherrythitsar.org



နှင့်) သမီးအဖြစ်သဘောထားကြောင်း၊ စိတ်ချမ်းသာစွာနေဖို့ အကြောင်းအားပေးစကားပြောကြသည်။

မိဖုရားလည်း အဖိုးအိုနှင့်အဖွားအိုကို မိအိုဖအို သဖွယ် သဘောထားလိုက်သည်။ သူတို့မောင်နှံနေထိုင်စား သောက်ပုံတို့ကိုသေချာလေ့လာကြည့်လိုက်သောအခါ ဟင်းသီး ဟင်းရွက်ကအစ ဝယ်ယူစားသောက်နေကြကြောင်းကိုတွေ့လာ ရသည်။ ထို့ကြောင့် မိဖုရားက အိမ်နောက်ဖေးဈေးဆိုင်တည် ဆိုသလို ခြံထဲတွင် ဗူး၊ ဖရုံ၊ သခွား စသည်အားဖြင့် ဟင်းသီး ဟင်းရွက်တို့ကို အဖိုးအို၏အကူအညီနှင့် စိုက်ပျိုးသည်။ နီးနား ဝန်းကျင်တွင်ရှိသော ကလေးငယ်များအား ခေါ်ငင်ပြီးစာသင် ပေးသည်။ ဤသို့အားဖြင့် ကလေးငယ်များက စိုက်ခင်းကို ရေလောင်းပေါင်းသင်လုပ်ပေးကြသည်။

အိမ်တွက်စားရန်လုံလောက်သည့်ပြင် ပိုမိုလာသော ဟင်းသီးဟင်းရွက်များကိုသေချာပြင်ဆင်၍ အဖွားအိုအား ဈေး သို့သွားပြီး ရောင်းစေသည်။ ထို့ကြောင့်ရရှိလာသော ငွေကြေး လေးများကို ကျစ်ကျစ်ပါအောင်စုဆောင်းစေသည်။ အစစတွင် စနစ်တကျ စီမံခန့်ခွဲလုပ်ဆောင်လေရာ အတန်ကြာသော် လှည်းနွားတို့ကို ဝယ်ယူနိုင်လာသည်။ ထိုအခါတွင်မူကား ထင်း ကိုပိုမိုများပြားစွာ ရောင်းနိုင်သောကြောင့် ပိုပြီး စီးပွားဖြစ်လာ သည်။ ထင်းကိုရောင်းခြင်းထက် မီးသွေးဖုတ်ပြီးရောင်းနိုင်လျှင် ပိုပြီးအကျိုးအမြတ်ဖြစ်ထွန်းကြောင်းကို သိလာသောအခါ အဖိုးအို အား မီးသွေးဖုတ်ပြီးရောင်းပြန်စေသည်။

ဤသို့နှင့်ပင် တစ်နေ့သော် တောင်စောင်းတစ်ခု၌

http://www.cherrythitsar.org



ထင်းများကို မီးသွေးဖုတ်ပြီး မီးသွေးကောက်သောအခါ ပြောင်ပြောင်လက်လက် အတုံးအခဲကလေးများကိုတွေ့ရသည်နှင့် အဖိုးအိုယူလာပြီး သမီးဖြစ်သူ မိဖုရားအားပြသည်။ မိဖုရားက ရွှေဖြစ်ကြောင်းကိုသိသည်နှင့် ထိုတောင်စောင်းကို အထပ်ထပ်မီးတိုက်စေသည်။ ဤသို့အားဖြင့် ရွှေတုံးအတော်များလာသည့်အခါ လှည်းနှင့်တိုက်ပြီး ဘုရင်မင်းမြတ်အား သွားရောက်ဆက်သစေသည်။ အဖိုးအို၏ လျှောက်ထားချက်အရ အကြောင်းစုံကိုသိရသောအခါ ဘုရင်မင်းမြတ်လည်း မိဖုရား၏အလိမ်မာတရားကို နှစ်သက်မိသည်ဖြစ်၍ မိဖုရားကြီးအဖြစ် ရှေးကအတိုင်း မြှောက်စားတော်မူလေသည်။

ဤပုံပြင်ကို ကျွန်တော် မကြာခဏသတိရမိပါသည်။ စကားစပ်မိလာလျှင်လည်း တပည့်များအား ပြောမိဆိုမိတတ်ပါသည်။

သူတို့ကိုပြောပြသည့်အကြောင်းများက (ပထမ) မိဖုရား၏သတ္တိပင်ဖြစ်သည်။ မိမိကြုံလိုက်ရသည့် လောကဓံကြီးမှာ ကြောက်ခမန်းလန့်ခမန်းဖြစ်ပါသည်။ အတော်အတန်မိန်းမ မျိုးဆိုလျှင် ရူးသွားလောက်သည့် အပြောင်းအလဲဖြစ်ပါသည်။ ဖြစ်လာသည့် အခြေအနေကို မတုန်မလှုပ်လက်ခံပြီး ရင်ဆိုင် လိုက်နိုင်ခြင်းဖြစ်သည်။ တိမ်းရှောင်လို့မရနိုင်သည့် လောကဓံကို သွေးအေးအေးနှင့်လက်ခံတတ်ဖို့ သတ္တိမှာ လွယ်လှသည်တော့မဟုတ်၊ သို့သော် မိမိစိတ်ကို ကိုးစားအားတင်းရမည်သာဖြစ်ပါသည်။

(ဒုတိယ) အဖိုးအဖွားလင်မယားတို့၏ ယိုကွက်ဟာ

http://www.cherrythitsar.org



ကွက်များကို သေချာလေ့လာပြီး ယိုပေါက်ဟာပေါက် မရှိရအောင် ပြုပြင်လိုက်ခြင်းဖြစ်သည်။

(တတိယ) ယိုပေါက်ဟာပေါက်များကို ပိတ်ဆို့ပြီးသည်နှင့် နောက်တစ်ဆင့်ပြီး တစ်ဆင့် တက်လမ်းကို ရှာနိုင်ခြင်းဖြစ်သည်။

(စတုတ္ထ) ရွှေကိုတွေ့လိုက်ခြင်းမှာ ကံလို့ပဲဆိုဆို၊ တိုက်ဆိုင်မှုလို့ပဲဆိုဆို။ ဘဝအတွက် ကြီးမားသော အပြောင်းအလဲဖြစ်သွားစေသည်။ ပုံပြင်မို့ ရွှေကိုတွေ့အောင် ဖန်တီးလိုက်သည်ဟုဆိုချင်ဆိုကြပေမည်။ သို့သော် တကယ့်ကျွန်တော်တို့ဘဝတွင်လည်း ဤပုံပြင်ထဲက ရွှေတောင်ကိုတွေ့နည်းမျိုးကြုံကြရတတ်ပါသည်။ ဆိုလိုသည်မှာ အခွင့်အရေးကောင်းတစ်ခုကို လူတိုင်းကြုံနိုင်ပါသည်။ ကြုံလာလိုက်သည့် အခွင့်အရေးကို ဖမ်းပြီးအသုံးချလိုက်နိုင်သော စွမ်းရည်ကတော့ လူတိုင်းမှာ ရှိချင်မှရှိပါလိမ့်မည်။

ကျွန်တော်တို့ မျက်စိအောက်၌ပင်လျှင် ရွှေတောင်ကြီးကိုတွေ့လိုက်သလို နေ့ချင်းညချင်း၊ ကြီးပွားချမ်းသာသွားသူတွေ အများကြီးရှိပါသည်။ အခွင့်အရေးကောင်းကို ဖမ်းပြီးယူနိုင်ရန်၊ အသုံးချလိုက်နိုင်ရန် အသင့်ရှိနေသူများဖြစ်ပါသည်။ ထိုသူများကြီးပွားသွားလိုက်ပုံမှာလည်း ပုံပြင်ထဲက ရွှေတောင်ကြီးကိုတွေ့လိုက်သည်နှင့်မခြားလှကြောင်း သတိပြုမိကြပါလိမ့်မည်။ ကျွန်တော်တို့က သူတို့နေ့ချင်းညချင်း (ပုံပြင်ထဲကလို) ကြီးပွားသွားသည်ကိုသာ သတိပြုလိုက်မိကြသည်။ မိဖုရားကြီးသစ်ပင်စိုက်သလို၊ မိဖုရားကြီးစီမံခန့်ခွဲသလို သူတို့တတွေလုပ်

http://www.cherrythitsar.org



ခဲ့ကြသည်ကို ကျွန်တော်တို့ မသိကြ။

ကျွန်တော်ကတော့ ကျောင်းဆရာတစ်ယောက်ဖြစ်နေသည့်အတိုင်း ကျောင်းသားငယ်များကိုသာ ပြောရသည်ဖြစ်သောကြောင့် မိမိတို့ပညာသင်နေခိုက်တွင် ကြိုးစားကြခြင်းမှာ အခွင့်အရေးကောင်းတစ်ခုကို (ရွှေတောင်ကြီးတွေ့သလို) တစ်နေ့တွင် မုချတွေ့ကြရမည်ဖြစ်ကြောင်း၊ ထိုအခါမျိုးတွင် မိမိကပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ကြရန် ကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း၊ ပညာသင်ခြင်းဆိုသည်မှာ ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သတိပေးဆုံးမမိပါသည်။

ဤပုံပြင်ကို ကျွန်တော့်ထက် ဉာဏ်ခံကြီးသူများက ပိုပြီး ချဲ့ထွင်နားလည်နိုင်ကြပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် မကြာခဏ သတိရမိသော ပုံပြင်ကလေးကို လူငယ်များအား လက်ဆင့်ကမ်းလိုက်ရပါသည်။ အသုံးဝင်ကောင်းပါရဲ့။

http://www.cherrythitsar.org



# ကိုးကားကျမ်းများမှရသ

စွယ်စုံကျမ်း၊ သတ်ပုံကျမ်း၊ အဘိဓာန် စသည်တို့မှာ ကိုးကားကျမ်းများသာဖြစ်ပါသည်။ ကျွန်တော်တို့သည် ထိုကျမ်းများကို တစ်စုံတစ်ရာကို ကိုးကားလိုမှ၊ အတည်ပြုလိုမှ အထောက်အထားအဖြစ်သာ ကောက်ပြီးလှန်လှော့ရှုပါသည်။ အမှန်ကလည်း ထိုသို့အသုံးချရန်သာလျှင် ပေါ်ပေါက်လာသော ကျမ်းများသာဖြစ်သည်။ ကျမ်းပြုသူများကိုယ်တိုင်ကလည်း ထိုသဘောမျိုးအဖြစ်သာ ရည်ရွယ်သည်ဟု ဆိုနိုင်ပါသည်။

ကျွန်တော်၏ ငယ်ဘဝ စာပေဝန်းကျင်ကိုပြန်လည်သုံးသပ်ကြည့်လိုက်သောအခါ ကျွန်တော့်အရွယ်လက်လှမ်းမီသည့်၊ စိတ်ဝင်စားစေနိုင်သည့် စာအုပ်စာတမ်း နည်းပါးသည်ဟုထင်ပါသည်။ ထို့ကြောင့် အားအားရှိလျှင် ဖတ်ပြီးသားစာအုပ်များကိုပင်လည်း ပြန်လည်ကောက်လှန်ပြီး မပျင်းမရိ ဖတ်နေမိတတ်ပါသည်။

http://www.cherrythitsar.org



ထိုအကျင့်ကြောင့်လားမသိ ကျွန်တော်သည် ယခု ထက်တိုင် 'မြန်မာအဘိဓာန်'လို၊ 'သတ်ညွှန်းကျမ်း'တို့လို စာအုပ် မျိုးတွေကို မကြာခဏ ကောက်လှန်ပြီး ဘာရယ်မဟုတ် လျှောက်ဖတ်နေမိတတ်ပါသည်။ ကျွန်တော့်မှာသာသည် အကျင့်မျိုး ရှိသလားအောက်မေ့သည်၊ နောက်တော့သိလာရ သည်မှာ အခြားစာသမားများမှာလည်း သည်အကျင့်မျိုးရှိတတ် သည်ကို တွေ့လာရပါသည်။ ဥပမာ မြသန်းတင့်ဆိုလျှင် သူ လည်း မြန်မာအဘိဓာန်ကိုဖြစ်စေ၊ အင်္ဂလိပ်အဘိဓာန်ကိုဖြစ် စေ အိပ်ရာနားထားပြီး တစ်နေ့တစ်ခါလောက်တော့ ကောက် ကိုင်မိတတ်ကြောင်း ပြောပြလေမှ 'အင်း သူက ငါ့ထက်တောင် ဆိုးပါသေးလား"ဟု အောက်မေ့လိုက်ရပါသည်။

ယခု ကျွန်တော်ရေးသားတင်ပြလိုသည်က 'မောင် သုတ'အမည်ခံ 'ဗိုလ်ကြီးဘသောင်း၊ မဟာဝိဇ္ဇာ (ရွှေတံဆိပ်ရ)' ရေးသားပြုစုသည့် 'စာဆိုတော်များအတ္ထုပ္ပတ္တိ'စာအုပ် အကြောင်းဖြစ်ပါသည်။ ဆရာကြီးဦးဖေမောင်တင်အမှူးပြုသော မဟာဝိဇ္ဇာစိစစ်ရေးအဖွဲ့တွင် တင်သွင်းခဲ့ရသော ကျမ်းဖြစ်၍ ဆရာကြီးကိုယ်တိုင် အမှာစာရေးသားချီးမြှင့်ပေးခဲ့ပါသည်။ ၁၉၅၇ ခုတွင် တင်သွင်းအောင်မြင်ခဲ့သည်မှန်သော်လည်း ၁၉၆၂ ခုတွင် စာအုပ်အဖြစ် ထုတ်ဝေခဲ့ရာ ထိုနှစ် 'စာပေ ဗိမာန်၊ စာပဒေသာ ပထမဆု'ချီးမြှင့်ခြင်းခံခဲ့ရသည်။

အကြောင်းတိုက်ဆိုင်လာ၍ ပြောလိုက်ရဦးမည်။ မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းတင်သွင်းကြရာတွင် ဂုဏ်ထူးစွဲ ခြင်း၊ အားလုံးတွင်ပထမစွဲခြင်းတို့ကို ဆန်းလှသည်ဟုမဆိုနိုင်

http://www.cherrythitsar.org



ပါ။ ကျွန်တော်ကိုယ်တိုင်ပင်လျှင်လည်း ဂုဏ်ထူးစွဲခဲ့ပါသည်။ ပထမလည်းရခဲ့ပါသည်။ သို့သော် အမှန်အတိုင်းပြောရမည်ဆိုပါလျှင် မောင်သုတ၏ ကျမ်းကိုကောက်ကိုင်လိုက်မိတိုင်း’လိပ်ပြာငယ်’သွားခြင်းဖြစ်မိပါသည်။ နောက်ဆုံး အထပ်ထပ်စဉ်းစားပြီးအဖြေကိုထုတ်ကြည့်လိုက်တော့ ကျွန်တော်တို့က အကောင်းဆုံးကျောင်းသား၊ အတော်ဆုံးကျောင်းသားဖြစ်အောင် ကြိုးစားခဲ့ခြင်းမျှသာဖြစ်သည်ပဲ။ မောင်သုတကတော့ သည်လိုမှမဟုတ်ပါဘဲကလား၊ ‘မြန်မာ့စာပေလောကတွင် အရေးတကြီးလိုအပ်နေသော ဟာကွက်ကြီးတစ်ခုကို ငါဖြည့်မည်’ဟုသောကျားစိတ်ကျားမာန်ဖြင့် ဤကျမ်းကိုပြုစုခဲ့ခြင်းဖြစ်ပေသည်။ ရည်မှန်းချက်ချင်းကိုက ကွာနေလေပြီဖြစ်တော့ အကျိုးသက်ရောက်မှုကလည်း ကွာလေပြီပေ့ါ။

သူ့ခမျာ ဤကျမ်းကို အေးအေးသက်သာပြုစုနိုင်ခဲ့ရှာသည်မဟုတ်၊ ရောင်စုံသူပုန်များ အနှံ့အပြားပေါ်လာလိုက်တော့ အရေးပေါ် တပ်မတော်အရာရှိအဖြစ် ဝင်ပြီးတိုက်လိုက် ခိုက်လိုက်ရသေးသည်။ ဤသို့လျှင် ပြေးရင်းလွှားရင်းနှင့်ပင် တွေ့သမျှကိုဖတ်၊ ရသမျှကိုမှတ် ဆိုသလိုလုပ်ပြီး ကျမ်းကိုပြုစုခဲ့ရရှာသည်။ သည်ကြားထဲက သည်လိုကျမ်းကြီးမျိုးကို ပြုစုလိုက်သေးသည်ဆိုတော့ ကျွန်တော် သူ့ပါရမီစွမ်းရည်ကို မနာလိုခြင်းတောင်ဖြစ်လိုက်ချင်မိသည်။

ကျွန်တော်က စစ်တက္ကသိုလ်မှာ အတော်ကြာကြီး အမှုထမ်းခဲ့ဖူးသူဖြစ်လေတော့ သူနှင့်မဆုံလိုက်ရစေကာမူ သူ့အလေ့သူ့စရိုက်တွေကို တော်တော်များများကြီးကို သိခဲ့ရသည်။

http://www.cherrythitsar.org



သို့သော် ယခုဤဆောင်းပါး၏ ရည်ရွယ်ချက်မှာ မောင်သုတ၏စိတ်နေစရိုက်ကိုလေ့လာနေခြင်းမဟုတ်ဘဲ သူ၏ကျမ်း ‘စာဆိုတော်များအတ္ထုပ္ပတ္တိ’တွင် တွေ့လိုက်ရသော ရသများကိုဖော်ပြလိုသောကြောင့်သာ ရေးနေခြင်းဖြစ်လေရာ ကျွန်တော်ခံစားရသောရသများကိုသာ ဖော်ပြလိုက်ပါတော့မည်။

## ဆင်ဖြူကျွန်းဆရာသင်

‘ဆင်ဖြူကျွန်းဆရာသင်’ဟူသောအမည်ကို ယခုခေတ်စာပေသမားလူငယ်များပင် ကြားဖူးကြလေရဲ့လားဟု ကျွန်တော်သံသယဖြစ်မိသည်။ သူတို့ကို အပြစ်မတင်ပါ။ ကျွန်တော်ကိုယ်တိုင်ပင်လျှင်လည်း သူ့နာမည်ကို ကြားရုံသာ ကြားဖူးပါသည်။ သူ့စာတွေကို ဟုတ်တိပတ်တိမဖတ်ဖူးခဲ့ပါ။ သို့သော် ခပ်ငယ်ငယ်ကတော့ သူ့နာမည်မှာ ကျွန်တော့်အဖို့ ယဉ်ပါးနေခဲ့ပါသည်။ မောင်သုတ၏ သုတေသနပြုချက်ကို ဖတ်ကြည့်လိုက်တော့-

ဆရာသင်၏ ဘဝတာကို မြန်မာသက္ကရာဇ် (၁၂၂၀-၁၂၉၆)ဟု မောင်သုတက ခန့်မှန်းသည်။ ဆင်ဖြူကျွန်းဇာတိပင်ဖြစ်သည်။ မန္တလေးနေပြည်တော်သို့ တက်ရောက်ပြီး ပညာဆည်းပူးသည်။ ယောအတွင်းဝန်ထံပင် ရင်းရင်းနှီးနှီး တပည့်ခံလိုက်သေးသည်။ ဝါသနာလည်းပါ၊ ဝီရိယကလည်းကောင်းလေရကား စာအရေးအဖွဲ့မှာသတိပြုမိလောက်အောင်ကောင်းမွန်ပြောင်မြောက်လာသည်။ သည်တော့ မင်းညီမင်းသားများ

http://www.cherrythitsar.org



က သူ့တို့ရေးချင်သမျှကို ဟိုဟာခိုင်း၊ သည်ဟာခိုင်းလုပ်လာသည်။ ဆရာသင်ကတော့ ခိုင်းသမျှရေးပေးလိုက်သည်ပါပဲ။ ရေးပေးလိုက်သည်ကကိစ္စမရှိ။ ကိစ္စရှိသည်က ဆရာသင်ဟာဖြင့် သူ့ဘက်သားပဲ ကိုယ့်ဘက်သားပဲ စသည်ဖြင့် စွပ်စွဲသတ်မှတ် ခြင်းခံလာရမှုပင်ဖြစ်သည်။ မောင်သုတ (ဗိုလ်မှူးဗသောင်း) ရေးထားပုံကလေးကိုကြည့်ပါ-

"ထိုကြောင့်ပေလားမသိ သီပေါမင်းအရေးတော်ပုံအတွင်း တစ်နေ့သောအခါတွင် မည်သူမည်ဝါဟုမသိရသောလူလေးငါးယောက်အိမ်ပေါ်သို့ ရုတ်တရက်တက်လာကြကာနှစ်ယောက်က ဆရာသင်အား ဖိထား၍လက်ကို အတင်းချုပ်ကိုင်ပြီးလျှင် အခြားတစ်ယောက်က ဓားငယ်တစ်ခုဖြင့် ဆရာသင်၏မျက်လုံးနှစ်ဖက်ကို ခြစ်ပြီးနောက် ဆင်းသွားကြကုန်၏။ ထိုနေ့မှစ၍ ဆရာသင်မှာ မျက်စိအလင်းမရဘဲရှိရှာချေသည်။

"မျက်စိ အလင်းမရသည်ထက် အသက်ကို ရန်ရှာလာဦးမည်ကိုလည်း အထူးစိုးရိမ်ရပြန်သောကြောင့် ဆရာသင်သည် ဦးစွာ မြေလတ်သို့ပြေးခဲ့၏။ မြေလတ်မှ အောက်ပြည်ရွာသို့ပြေးလာရပြန်ကာ ခနေဖြူ ကျုံယု ဆရာဘုန်းကြီးအထံတော်တွင် မျက်စိအလင်းမရသည့်ကြားက နက္ခတ်၊ ဗေဒင်၊ ဆေးကျမ်းများကို သင်ယူနေခဲ့၏။ ယိမ်း၊ ဇာတ်၊ ရုပ်သေးစသောသဘင်သည်များကို သင်ပြကူညီပေးလျက် သီချင်းကြီး၊ ကာလပေါ် ဇာတ်ကွက်၊ ဇာတ်လမ်းများကိုရေးသည့်ပြင် အခါအခွင့်အားလျော်စွာလည်း ကွက်စိပ်၊ နိပါတ်များကိုရေး၍ ကိုယ်တိုင်လည်းဟောပြောလေသည်။

http://www.cherrythitsar.org



အထက်ပါစာပိုဒ်များကိုဖတ်လိုက်ရတော့ ကျွန်တော့် စိတ်ထဲတွင် နန်းတွင်း၊ နိုင်ငံရေးအရှုပ်အထွေးကြောင့် ဘုမသိ ဘမသိ မျက်လုံးအဖျက်ခံလိုက်ရရှာသည့် ဆရာသင်ကို သနား ခြင်းကြီးစွာဖြစ်မိပါသည်။ မင်းသားတွေက ခိုင်းသည်ဆိုလိုက် တော့ ရေးမပေးလို့ကောဖြစ်မည်လား၊ ရေးပေးလိုက်ပြန်တော့ လည်း အပြစ်ကတစ်မျိုး၊ မျက်လုံးထိုးဖောက်ပြန်သည်။ ဘယ်မင်းသားရဲ့လူတွေက လာပြီးလုပ်လိုက်သည်ကိုလည်း ဆရာသင်ကိုယ်တိုင်ပင် မှန်းနိုင်ချင်မှ မှန်းနိုင်မိပါလိမ့်မည်။ မောင်ဖေငယ်တို့ဘဝကတော့ သီပေါမင်းကတိတိကျကျ မြှောက်စားလိုက်သည်မို့ ဖြေသာသေးသည်ဟုပင် ဆိုလိုက်ချင် သည်။ ဆရာသင် ခမျာမှာတော့ မင်းတုန်းမင်းကြီး၏များလှစွာ သော သားတော်များအနက် ဘယ်သားတော်၏ လက်ချက်ပါ လိမ့်ဟု သိလိုက်ပုံမရ။ ကျွန်တော်၏ စိတ်မျက်စိတွင် လူနှစ် ယောက်ကချုပ်ကိုင်ပြီး တစ်ယောက်က မျက်စိကိုဓားငယ်နှင့် ခြစ်ဆွဲလိုက်သောကြောင့် မျက်စိနှစ်ဖက်လုံး သွေးသံ ရဲရဲ ကျန်နေရစ်ခဲ့သည့် ဆရာသင်ကိုသာ မြင်ယောင်နေမိသည်။ ပဒေသရာဇ် အာဏာရှင်တို့၏ လက်အောက်တွင် လူဖြစ်ခဲ့ရရှာသော စာပေပညာရှင် ဆရာသင်ကို ကျွန်တော် သနားမိသည်။

သနားမိသည့်ကြားထဲကပင် ဆရာသင်ကို အံ့သြချီး ကျူးခြင်းဖြစ်မိပြန်သည်။ ကြည့်စမ်းပါဦး မျက်စိမမြင်သည့် ကြားထဲက နက္ခတ်ဗေဒင်ကိုလည်း လေ့လာလိုက်သေးသည်။ သဘင်ဂီတဘက်ဆိုင်ရာကိုလည်း ဦးဆောင်မှု ပေးလိုက်ပြန်

http://www.cherrythitsar.org



သေးသည်။ ထိုမျှလောက်ဆိုလျှင် ထားလိုက်ပါဦးတော့။ မျက်စိမမြင်သည့်ဘဝက ကျောင်းဆရာလုပ်လိုက်သေးသည်။ ကျောင်းဆရာလုပ်လို့မှ မကြာသေးမီ ဆရာဖြစ်လက်မှတ်ရမှ ကျောင်းဆရာလုပ်ခွင့်ရှိသည်ဟူသော ဥပဒေပေါ် လာလိုက်တော့ ဒုက္ခရောက်ပြန်လေသည်။ အလျှော့ပေးသည်ထင်သလား။ ကျောင်းဆရာဖြစ်သင်လက်မှတ်ကို ရအောင်လုပ်ပြန်သည်။ ရသည်။

စာဖတ်သူအများ ကျွန်တော့်ကိုသတိထားမိကြပါသည်။ ကျွန်တော်သည် လူငယ်ပရိသတ်ကိုသာလျှင် စူးစူးစိုက်စိုက် အာရုံပြုပြီးရေးသားနေမိပါသည်။ ယခုလည်း စာပေသက်သက် ဆောင်းပါးရေးမည်ဟု ရည်စူးခဲ့မိရိုး အမှန်ဖြစ်ပါသည်။ သို့သော်လည်း ဆရာသင်၏ ဖွဲ့သတ္တိကိုတွေ့လိုက်ရသောအခါ လူငယ်တွေအား ထိုရှုထောင့်ကိုမပြောဘဲမနေနိုင်အောင်ဖြစ်လာမိပြန်သည်။

ဆရာသင်၏ အတ္ထုပ္ပတ္တိကို အပြည့်အစုံသိလိုပါလျှင် မောင်သုတ အမည်ခံ ဗိုလ်မှူးဘသောင်း၏ စာအုပ်ကိုသာရှာပြီး ဖတ်ကြည့်ကြပါတော့။ လူငယ်စာပေဝါသနာရှင်များအား တစ်ခုသတိပေးလိုက်ချင်သည်ကတော့ ကိုးကားစာအုပ်များ၌ ပင်လျှင် ရသသဘောဆန်သည့်ခံစားမှုများကို ရနိုင်ပါသည် ဟူသောအချက်ပင် ဖြစ်ပါသည်။

http://www.cherrythitsar.org



# ဦးဘသန်း၏ မြန်မာရာဇဝင်

'အောင်သင်း'ဟူသောနာမည်မှာ စာပေလောကတွင် အတော်လေး ထင်ရှားနေပါပြီ။ မြန်မာနိုင်ငံအရပ်ရပ်သွားလေရာတွင် လေးလေးစားစားရှိကြလေသောကြောင့် ဘဝင်ကလေးများပင် မြင့်ချင်သလိုလိုရှိပါ၏။

ဆယ်တန်းတွင် သမိုင်းယူခဲ့ဖူးသည်သာမက တက္ကသိုလ် ကျောင်းသားဘဝတွင်လည်း ဥပစာတန်းတွင် သမိုင်းဘာသာ ရပ်ကိုယူခဲ့သေးသောကြောင့် ဦးဘသန်း၏ ကျောင်းသုံးမြန်မာ ရာဇဝင်ကို အများသူငါ နည်းတူ ကျွန်တော်လည်းဖတ်ဖူးပါသည်။ သို့သော် သိကြသည့်အတိုင်း ကျောင်းသားဆိုသည်မှာစာမေးပွဲတွင်ပါလောက်သည်တို့ကိုသာ ရွေးပြီးဖတ်တတ်ကြ မြဲဖြစ်လေသောကြောင့် ထိုစာအုပ်ကို တကယ်ဖတ်ခဲ့သည်ဟု မဆိုနိုင်ပါချေ။ နောက်ပိုင်းတွင် အခါအားလျော်စွာ ဖတ်ကြည့် လိုက်သောအခါတွင်မှ ဆရာကြီးဦးဘသန်း၏ ကြိုးပမ်းမှုကို အလွန်ချီးကျူး

http://www.cherrythitsar.org



ကျေးဇူးတင်ခြင်းလည်းဖြစ်မိသည်။ သူ၏စာပေနှံ့စပ်မှုကိုလည်း အားကျခြင်းဖြစ်မိပါသည်။

မြန်မာ့ပညာရေးလောကတွင် ကျောင်းသုံးသမိုင်းစာအုပ်ကိုပထမဆုံးပြုစုခဲ့သူဟု ဆိုလိုက်လျှင် ဆရာကြီး၏ဂုဏ်ကို အပြည့်အဝဖော်ကျူးသည်ဟု မဆိုနိုင်ပါ။ အကြောင်းမှာ ဆရာကြီးသည် ကျောင်းသုံးသမိုင်းသက်သက်မျှသာမဟုတ်ဘဲ သုတေသနလုပ်ငန်းကိုပါ ကြိုးကြိုးပမ်းပမ်း လုပ်ဆောင်ထားသောကြောင့်ဖြစ်ပါသည်။ ယခုကျောင်းပိတ်ရက် အားလပ်ချိန်များတွင် ဆရာကြီး၏စာအုပ်ကို အနားမှာအလွယ်တွေ့သည်နှင့် စိတ်လိုလက်ရ နားနားနေနေ ကောက်ဖတ်မိနေရာမှ ကြည်ညို စိတ်တဖွားဖွားပေါ်လာသည်နှင့် ဤဆောင်းပါးကို ရေးလိုက်ရခြင်းဖြစ်ပါသည်။

ဆရာကြီး၏နိဒါန်းလက်မှတ်တွင် (၁၂-၅-၂၉)ဟု ရေးထိုးထားခဲ့လေရာ ယခုဆိုလျှင်နှစ်ပေါင်း (၇၀)နီးပါးရှိပြီဟု ဆိုရပါမည်။

ထိုအချိန်မတိုင်မီက ဘာသာရပ်အားလုံးကို အင်္ဂလိပ်ဘာသာနှင့်ဖြေဆိုကြရသည်။ နောက်ပိုင်းတွင်မှ (၁၀)တန်းတွင် ပါဠိနှင့်ရာဇဝင်ကို မြန်မာဘာသာနှင့်ဖြေဆိုခွင့်ပြုသည်။ သို့သော် မြန်မာဘာသာနှင့်ရေးထားသော ရာဇဝင်စာအုပ်ဆိုလျှင် ထင်ထင်ရှားရှား ဦးကုလားရာဇဝင်တော်ကြီး၊ မှန်နန်းရာဇဝင်တော်ကြီး စသည်တို့သာလျှင်ရှိသည်။ ထိုခေတ်အခါက ထိုထိုသော ရာဇဝင်တော်ကြီးများမှာ ခန့်ချုပ် သားရေဖုံးများသာဖြစ်သောကြောင့် ဈေးကလည်းကြီးလှသည်။ ကျောင်းသား

http://www.cherrythitsar.org



တို့ အဖို့ ခက်ခဲလှသည်။ ထို့ကြောင့် ကျောင်းသားများလွယ်ကူ သက်သာစွာဝယ်ယူသုံးစွဲနိုင်စေရန် ဤစာအုပ်ကိုပြုစုခဲ့ခြင်းဖြစ် သည်။

ဆရာကြီးက နိဒါန်းအမှာစာတွင် ဤသို့ရေးခဲ့ပါ သည်။

*ရာဇဝင်ရေးသားသူသည် မော်လမြိုင်မြို့ ရှင်ဗုဒ္ဓဃောသ အထက်တန်းကျောင်း၊ တိုင်းရင်းသားတန်းမြင့်ကျောင်း၊ ကန့်ကြီးထောင့်မြို့ အထောက်အပံ့ခံ အထက်တန်းကျောင်းတို့တွင် တပည့်များအားမြန်မာ ရာဇဝင်သင်ကြားရန်အတွက် စုဆောင်းထားသော မှတ်စုများကို ချဲ့ထွင်စီစဉ်သော စာအုပ်ဖြစ်သည်။ ဤစာအုပ်ကို ရာဇဝင်အမှတ်အသား ဗဟုသုတပြင် ယခုခေတ်၌များစွာလိုအပ်သော အကျိုးအကြောင်း ဆင်ခြင် ဆက်စပ်ပုံတို့ကို အရေးထား၍ ရေးသား ထားပါသည်။*

ဆရာကြီးကိုသာမန်အားဖြင့် အကဲဖြတ်လိုက်မည် ဆိုလျှင် အထက်တန်းပြသမိုင်းဆရာတစ်ယောက်မျှသာ ဟု ယူဆစရာအကြောင်းရှိပါသည်။ သူ့စာအုပ်ကိုသေချာဖတ်ကြည့် လိုက်မှ ကြောက်ခမန်း လန့်ခမန်းအားထုတ်ထားသောကျမ်း တစ်စောင်ဖြစ်ကြောင်း သိလာနိုင်ပါသည်။ မြန်မာဘာသာဖြင့် ရေးထားသော ရာဇဝင်သမိုင်း ကျောက်စာ၊ ချေင်း၊ မော်ကွန်း တို့အပြင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော သမိုင်း မှတ်တမ်းစသည် စသည်အားဖြင့် လက်လှမ်းမီသမျှကို လက်ကုန်

http://www.cherrythitsar.org



နှိုက်ထားသောစာအုပ်ဖြစ်သည်ကို တွေ့လာရပါသည်။

'ရာဇဝင်အမှတ်အသား ဗဟုသုတအပြင် ယခုခေတ်၌များစွာလိုအပ်သော အကျိုးအကြောင်းဆင်ခြင်ဆက်စပ်ပုံတို့ကို အရေးထား၍. . .'ဟူသောစကားကိုသတိထားပြီး ကြည့်လိုက်မည်ဆိုလျှင် သမိုင်းအသိမှ နိုင်ငံရေးအသိသို့ ဟူသော ရည်ရွယ်ချက်ပါလာကြောင်း သိသာနေပါသည်။

ဆရာကြီးက အခန်း(၁)အဖြစ် 'မြန်မာနိုင်ငံ၏ နယ်နိမိတ်နှင့် မြေမျက်နှာအသွင်ပြင်'ကို သုံးသပ်ပြထားပါသည်။ အမှန်ပြောတာပါ တစ်ခါမျှ သေသေချာချာဖတ်မကြည့်ခဲ့ဖူးပါ။ ယခုမှ သေချာဖတ်ကြည့်မိခြင်းဖြစ်ပါသည်။ သွားလာကူးသန်းရန်ခက်ခဲသော တောင်တန်းကြီးများ၊ သွားလာရန်လွယ်ကူသော မြေပြန့်များ၊ မြစ်များ၏ အနေအထားကိုထောက်ပြပြီးနောက် ရခိုင်မြန်မာစစ်ပွဲက အလွန်နည်းလျက်၊ မွန်မြန်မာစစ်ပွဲခဏခဏဖြစ်တတ်ပုံကိုလည်းကောင်း၊ မြန်မာတို့ခွန်အားကောင်းလာလျှင်ယိုးဒယားကိုသွားတိုက်တတ်ပုံကိုလည်းကောင်းသုံးသပ်ပြသွားလိုက်သည်မှာ 'ငါဟာ ဘာကြောင့် ငယ်ငယ်ကမဖတ်ခဲ့မိပါလိမ့်'ဟု ကိုယ့်ငယ်ထိပ် ကိုယ်ဖနောင့်နှင့်ပေါက်ချင်စိတ်ပင်ပေါက်မိပါသည်။

အထူးသဖြင့် ကျွန်တော် စိတ်ဝင်စားမိသည်မှာ အခန်းတိုင်း၏နောက်တွင်ပါလာတတ်သော မှတ်စုများပင်ဖြစ်ပါသည်။ ထိုမှတ်စုများသည် ဆရာကြီး၏ကြိုးပမ်းမှု၊ အသိအမြင်ကျယ်ပြန့်မှုတို့ကို ထင်ရှားစေသည်သာမက ဆရာကြီး၏ စာပေစေတနာကိုလည်း မြင်သာစေပါသည်။

http://www.cherrythitsar.org



*ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး ယိုးဒယားသို့ ချီတော်မူရာတွင် လိုက်ပါရသော လက်နက်ကိုင်အမှုထမ်း အရေအတွက်ကို မှန်နန်းတွင်ပြသည်မှာ အမှန်ထက်ပိုသည်ဟု ဟာဗီ၏ရာဇဝင်တွင်ဆိုသည်။ ယိုးဒယားပထမချီစစ်ကို မှန်နန်းတွင် ခြောက်သိန်းဟုပြသည်။ သို့ရာတွင် ပေါ်တူဂီလူမျိုး ပင်တိုဆိုသူ၏ မှတ်သားချက်တွင် ရှစ်သိန်းဟုဆိုသည်။ ယိုးဒယား ဒုတိယအချီစစ်ကို မှန်နန်း၌ ၅၄၆၀၀၉ ဟုပြသည်။* **ဆီးဇား ဖရက်ဒရစ်ဆိုသူက** မိမိပဲခူးတွင်ရှိ၍ ၅၀၀၀၀၀ ကို မျက်မြင် ဖြစ်ကြောင်းနှင့်ဆိုသည်။ ယိုးဒယားရာဇဝင်၌ ဇင်းမယ် လောပြည်တို့က တပ်များနှင့်သော် ကိုးသိန်းရှိသည်ဟုဆိုသည်။ ဆင်ခြင်ကြကုန်။

လင်းဇင်းဆိုသည်မှာ ယိုးဒယားစကား လန်းချန်းမှလာသည်။ ဆင်တစ်သန်းဟူလိုသည်။ လန်းကားတစ်သန်း၊ ချန်းကားဆင်ဟူလိုသည်။ ယိုးဒယားရာဇဝင်၌ ဆရိဆတနဂနဟုတ်(ဝိယင်ချန်း)မြို့ကိုအစိုးရသောမင်းမှာ ဆင်တစ်သန်းရှိ၍ ဆင်တစ်သန်းရှင်တွင်ကြောင်းနှင့်ဆိုသည်။ လင်းဇင်းမင်း၏ မြို့တော်များကား လွင်ဖရဗန်း၊ ဝိယင်ချန်း၊ လန်းချီယန်းမြို့များဖြစ်ကြသည်ဟု ဖယ်ရာ၏ ရာဇဝင်တွင်ဆိုသည်။

ကျွန်တော်ကျောင်းသားဖြစ်စဉ်က ဤသို့သောမှတ်စု

http://www.cherrythitsar.org



မျိုးကိုတစ်ခါမျှဖတ်မကြည့်ခဲ့ဖူးပါ။ ဆရာကြီးပေးသလောက်ကို ယူရကောင်းမှန်းမသိခြင်းဟု ဆိုနိုင်ပါသည်။

ထိုမျှသာမကသေးပါ၊ ကြည့်ပါဦး-

*အသည် ဟူသည်မှာ ဆင်သည် မြင်းသည် လေးသည် မဟုတ်သော လူလွတ်ကိုဆိုသည်။ အစု အမှုထမ်းလွတ်သော စုလွတ်နယ်အတွင်း နေထိုင်သူကိုအသည်၊ အခြားမှလာ၍ စုလွတ်နယ်အတွင်း နေထိုင်သူကိုကပ္ပား၊ ကပ္ပားနှင့်အသည်မတို့ သင့်၍မြင်သူကို အလာဟုခေါ်သည်။*

*မြန်မာမင်းတို့တပ်ဖွဲ့ပုံမှာ လက်နက်ကိုင် ဆယ်ယောက်လျှင် အကြပ်တစ်ယောက်၊ ဆယ်ယောက်အစုဆယ်စု (လက်နက်ကိုင်တစ်ရာ)ကို တပ်မှူးတစ်ယောက်၊ တပ်မှူးဆယ်ယောက် (လက်နက်ကိုင်တစ်ထောင်)လျှင် တစ်တပ်ဖြစ်သည်။ တစ်တပ်လျှင် အဆိုပါအကြီးအကဲတို့အပြင် စစ်ကဲ၊ နာခံ၊ တပ်ရေး သို့မဟုတ် တပ်စာရေးတို့ပါဝင်ကြသည်။ ဗိုလ်များ အပေါ်တွင် ဗိုလ်ချုပ်ဟူ၍ရှိသည်။*

ပထမ၊ ဒုတိယ စသည်အားဖြင့် နိုင်ငံတော်ကြီးများ ပျက်စီးဆုတ်ယုတ်လာခဲ့ရသည့် အကြောင်းအရင်းများကို ဆင်ခြင်တွက်ဆထားပုံများမှာ အလွန်စိတ်ဝင်စားစရာကောင်းလှပါသော်လည်း ဆောင်းပါးရှည်လျားလွန်းမည်စိုးသောကြောင့် ချန်ခဲ့ရပါတော့သည်။ သို့သော်လည်း ဆရာကြီးစာပေနှံ့စပ်လှပုံကိုမြင်သာစေသော အချက်ကလေးတစ်ခုကိုတော့ ရေးလိုက်ရ

http://www.cherrythitsar.org



ပါဦးမည်။ မုတ္တမ၏ အမည်ရင်းကို တင်ပြရာတွင်-

> မုတ္တမကို မဒမ ဟုဖတ်ရမည်။ သတ်ထူး၌ "မုတ္တမ-မတ္တရာ၊ မြို့သညာ၊ ရာဇမတ္တဏ် ကျမ်းတစ်ချက်။ မ,တွင် တသတ်။ သံယုတ်မှတ်၊ဖတ်ခါမ,သက်သက်" ဟုဆိုသည်။

ဤသို့ဆိုလျှင် မထင်မှတ်သောစာပေဆိုင်ရာ မှတ်စရာလေးများကို တွေ့လိုက်ရသောအခါ ဆရာကြီးကို ကျွန်တော် အံ့ဩရိုသေခြင်းဖြစ်မိပါသည်။ နောက်ပိုင်း ဗိုလ်မှူးဘသောင်း(မောင်သုတ)၏ စာဆိုတော်များအတ္ထုပ္ပတ္တိ'တွင် ဦးလတ်၏ အကြောင်းကိုဖတ်မိလိုက်ပါသည် ။ ဦးလတ်၏စပယ်ပင် ဝတ္ထုထွက်လာလိုက်သောအခါ အစောဆုံးခေတ်ဦးဖြစ် လျက်တစ်ပြည်လုံး ကလည်း နှစ်သက်ကြသည်။ သို့သော်လည်း အချို့က ရှုတ်ချကဲ့ရဲ့ကြသည်။ မောင်သုတ၏ စာကိုသာဖတ်ကြည့်လိုက်ပါတော့။

> (စပယ်ပင်နှင့်ပတ်သက်၍) အပြန်အလှန်ရေးသားသော စာများ၊ အပြန်အလှန်ရေးသားကြသော ကဗျာ များကားအများအပြားပင်ရှိခဲ့ပါသည်။ ထိုအထဲမှ ဦးလတ်၏ 'စပယ်ပင်ဝတ္ထု'ကိုကာကွယ်ရေးသားခဲ့ပေသော ထိုစဉ်က ရွှေဘိုမြို့တွင်မြူနီစီပါယ် စက္ကရီတေရီအဖြစ် လုပ်ကိုင်လျှက်ရှိသည့် 'မြန်မာအလင်း' ဦးစိန်း၏ ညီအရင်းရန်ကုန်ကောလိပ်တွင် ပညာဆည်းပူးနေသူ (သျှင်ဗုဒ္ဓဃောသကျောင်း၊ ကျောင်းအုပ်ကြီး

http://www.cherrythitsar.org



ဟောင်း) ဦးဘသန်း၏ (ခရစ်နှစ်၁၉၁၂ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နေ့စွဲပါ) လေးဆစ်ကလေးတစ်ပုဒ်ကို သာဖော်ပြလိုက် ပါတော့အံ့။

- "ပွင့်စပယ် အသွင်လှသော်လဲ
တင့်အတယ် မဆင်ကြချင်လို့
ထင်ကရ ကဲ့ရဲ့ဆို။
- တကျော့မွှေ့ရန့်ဖို့
ကြာငွေ့ သီသီဆန်သတဲ့၊
ဝဆီသံ ဤဟန်ထောက်ရလျှင်
ရတီမှန် ပြန်တန်ကျော်ကို
ကောက်မိကြက်လို့။
- ကာလတွင်မြင်အသိတွေ့မို့
စာပြလျှင်ဘဝင်ထိစေတော့
ဆင်သတိမပြတ်လို့အောင်
စပ်ဆိုသည့်စာအသွား၊
- ညက်လွှာငယ်စီ
ဒဏ္ဍာရီတစ်စောင်ထိုးသော်လဲ
နောင်ကျိုးတစ်ခါဆင်လိမ့်
ဆရာသွင် စပယ်ပန်းကို
လှမ်းလိုက်ကြလား။ ။

မောင်သုတ၏ သုတေသနစာတမ်းကို ဖတ်လိုက်ရတော့မှ 'ဦးဘသန်းရာဇဝင်'ပဉ္စမနှိပ်ခြင်း၊ သတ္တမနှိပ်ခြင်းတို့တွင် ဘာကြောင့် ဦးစိန်းက အမှာစာရေးခဲ့သည်ကို နားလည်

http://www.cherrythitsar.org



လာရပါသည်။ ထိုမျှမက ဆရာကြီးဦးဘသန်းကား ငယ်စဉ်က ပင် ကဗျာစာပေတို့ကို ချစ်မြတ်နိုးသောကြောင့် သူ့ရာဇဝင်၌ စာပေဆိုင်ရာဗဟုသုတတို့ကို တွေ့နေရပေသည် တကားဟု သိ လိုက်ရပါသည်။

ဤသို့လျှင် ဦးဘသန်းတို့ မောင်သုတတို့၏ သုတေ သနပြုချက်များကို တွေ့လိုက်ရသောအခါ ဒီလူကြီးတွေ ဒီလောက်များတဲ့စာကို ဘယ်လိုများဖတ်ကြမှတ်ကြပါလိမ့် မလဲ ဟု အံ့သြမိပါသည်။

ကျွန်တော်၏ မြင့်ချင်သလိုလိုဖြစ်နေသော 'ဘဝင်' ကလေးမှာ ခြေမ ထိအောင်ကျသွားသည်သာမက မြေကြီးထဲသို့ ပင် ထိုးဝင်မည် တကဲကဲလုပ်နေသောကြောင့် ခြေမနှင့် မနည်းကြီးကုပ် ထားရပါကြောင်း။ ။

http://www.cherrythitsar.org



# တက္ကသိုလ် ဆရာတစ်ဦးက

မနေ့တစ်နေ့ကပင် ပန်းဆိုးတန်းစာအုပ် ဆိုင်တန်းမှ အပြန် မိသားစုတစ်စုကို တွေ့လိုက်ရသည်။ မတွေ့ရတာ ကြာပြီဖြစ်သောကြောင့် သူတို့တစ်တွေက ဝမ်းသာ အားရ နှုတ်ဆက်ကြသည်။ နှုတ်ဆက်ရုံသာမဟုတ် သူတို့ကစားသောက်ဆိုင်ကလေးတစ်ခုခုတွင် ကျွန်တော့်ကို ကျွေးချင်မွေးချင်ကြသေးသည်။ သို့သော် ကျွန်တော်က အချိန်မပေးနိုင်တော့၍ မိုးတိုးမတ်တပ်ပင်ရပ်ပြီး ခဏတဖြုတ်စကားပြောခဲ့ရသည်။

နှစ်ယောက်စလုံးပင် တက္ကသိုလ်က ဆရာဆရာမများဖြစ်ကြသည်။ ဇနီးဖြစ်သူ ခင်ခင်လှက ကျွန်တော့်တပည့်မဟောင်းဖြစ်သည်။ ခင်ပွန်းဖြစ်သူမောင်စိုးသိန်းကတော့ သိပ္ပံဘက်ကဖြစ်၍ ကျွန်တော့်တပည့်မဟုတ်။ သို့သော်တပည့်မနှင့်ပတ်သက်၍တစ်ကြောင်း ကျွန်တော့် စာဖတ်ပရိသတ်ဖြစ်နေ၍တစ်ကြောင်း ကျွန်တော့်ကို ဆရာရင်း သမားရင်းသဖွယ်လေးစားခင်မင်ရှာပါသည်။ သားတစ်ယောက် သမီးတစ်

http://www.cherrythitsar.org



ယောက်ရှိရာ သမီးကြီးမှာ ဘွဲ့ပင်ရပြီးပြီ။ ယခုပါလာသော သား ငယ်ကလေးမှာ ဆယ်တန်းရောက်နေပြီ။ သူတို့လင်မယား တစ်နယ်စီတာဝန်ထမ်းခဲ့ရစဉ်က ကသီလင်တဖြစ်ပုံ၊ ယခု မှ ရန်ကုန်ပြန်ရောက်လာကြ၍အသက်ရှူချောင်သွားပုံ၊ကျွန်တော့် စာတွေကိုဖတ်ရတိုင်း ကျောင်းသူဘဝကို ပြန်ပြီးလွမ်းမိပုံ စသည်ဖြင့် စုံနေပါတော့သည်။

သူတို့နှင့် ခွဲခွာခဲ့သော ကျွန်တော်လည်း တက္ကသိုလ် ဆရာဘဝနေ့ရက်ကို သတိရမိသည်။ အထူးသဖြင့် ခင်ခင်လှ အကြောင်းကိုပြန်ပြီးတွေးနေမိသည်။ ခင်ခင်လှကို ကျွန်တော်က 'မိလှ' ဟုပဲခေါ်လေ့ရှိသည်။ သူကလည်း မိလှခေါ်သည်ကိုပဲ ကြိုက်နေပုံရသည်။ တစ်ခါတလေအမှတ်မထင် ခင်ခင်လှ ဟုခေါ်လိုက်မိလျှင်ပင် 'ဆရာကလည်းမိလှပဲခေါ်စမ်းပါ' ဟုပြောတတ်သည်။ နောက်တော့ ကျွန်တော်နှင့် စကား ပြောလျှင် သူ့ကိုယ်သူ မိလှကလေ. . . မိလှကိုလေ' စသည်ဖြင့် ပြောတတ်သည်။ ယခု ခဏလေးတွေ့လိုက်ရတော့ပင်လျှင် သူ့ကိုသူ မိလှဟုပဲ ပြောနေသည်ကို သတိပြုမိလိုက်ပါသေး သည်။ သူကသာ မဟုတ် ကျွန်တော်ကလည်း မိလှလို့ပဲပြောခဲ့ပါ သည်။

မောင်စိုးသိန်းမှာ မိလှ၏ချစ်ဦးသူမဟုတ်ချေ။ တက္ကသိုလ် ဒုတိယနှစ်လော က်တွင် တင်ထွန်းဆိုသော ချစ်သူ တစ်ယောက်ရှိခဲ့ဖူးသည်။ တင်ထွန်းက သိပ္ပံဘက်ကဖြစ်သည်။ ဘယ်ဘာသာယူသလဲဆိုသည်ကိုတော့ မမှတ်မိတော့ပါ။ ကျွန်တော်ဘီအေအောင်ပြီးတော့ ဘီအီးဒီကိုတက်လိုက်သေး

http://www.cherrythitsar.org



သည်။ ထိုစဉ်က အလွတ်ပညာသင် ကျောင်းလေးတွေရှိရာ ကျွန်တော် ဝင်ခဲ့သော ကျောင်းကလေးတွင် တင်ထွန်းကို ဆယ်တန်းကျောင်းသားအဖြစ်သင်ခဲ့ရဖူးသည်။ သူက လည်းကျွန်တော့်ကိုရိုသေခင်မင်ပါသည်။ တင်ထွန်းက ဉာဏ်ကောင်းသည်၊ ရုပ်ကလည်းခပ်ချောချောဟု ဆိုနိုင်သည်။ သို့သော် ထုံပေပေနှင့် တစ်စွတ်ထိုးလုပ်တတ်သော ညာဉ်ကလေးရှိသည်။

နောက်ပိုင်းမှာ တက္ကသိုလ်ရောက်လာတော့လည်း ကျွန်တော့်ဆီကို တစ်ခါတစ်ခေါက်ဆိုသလို ရောက်လာတတ်ပါသည်။ မိလှနှင့် တွဲမိသွားတော့မြန်မာစာဌာနဘက်သို့ မကြာခဏရောက်လာပြီး သူတို့နှစ်ဦးတပူးတွဲတွဲနေသည် ကိုမြင်နေကျပင်ဖြစ်သွားတော့သည်။ တပူးတွဲတွဲနေရင်းကပင် တကျက်ကျက်ဖြစ်နေကြသည်ကိုလည်း ကျွန်တော်သိလာရသည်။

နောက်တော့ မိလှ ကျွန်တော့်ထံလာလာပြီးတင်ထွန်း အကြောင်းကိုတိုင်ရင်း မျက်ရည်စမ်းစမ်း မကြာခဏ ဖြစ်နေတတ်သည်။ ကျွန်တော်ကလည်း ဘာပြောတတ်မည်လဲ၊ သူပြောတာကို နားထောင်ရုံပဲပေါ့။ သို့သော်တစ်ခုရှိလာသည်က တင်ထွန်းက မိလှထံ အရက်ကလေး ခပ်ထွေထွေနှင့်ရောက်လာပြီး စိတ်အခန့်မသင့်လျှင် မိလှကိုနားရင်းပါးရင်း ရိုက်တတ်ခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်လိုက်လျှင် မိလှက တစ်ပတ်ဆယ် ရက်ခန့် မခေါ်မပြော အဆက်ဖြတ်ထား လိုက်လေ့ရှိသည်။ နောက်တော့လည်း ရှေးနည်းအတိုင်းတွဲနေမြဲသာ

http://www.cherrythitsar.org



ဖြစ်သွားပြန် တော့သည်။

စင်စစ်ယခု မောင်စိုးသိန်းက ထိုစဉ်ကတည်းကပင် မိလှကို ချစ်ခင်နေကြောင်းကို မိလှက တစ်စွန်းတစ်စ ကျွန်တော့်ကိုပြောခဲ့ဖူးသည်ကို သတိရမိပါသေးသည်။ မိလှက လည်း အသားညိုညို၊ ပါးအို့ဖောင်းဖောင်း၊ ကိုယ်လုံးက ဝဝတစ် တစ်ကလေးနှင့် ချစ်စရာကောင်းသည်မှာတော့ အမှန်ဖြစ် သည်။ အထူးသဖြင့် ပင်ကိုယ်သဘော အလွန်ကောင်းလျှက် လူချစ်လူခင်ပေါသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သည်တော့ မောင်စိုးသိန်းက မေတ္တာရှိသည်မှာ အဆန်းမဟုတ်။ မောင်စိုးသိန်းကိုယ်တိုင်ကလည်း ခပ်အေးအေး သဘော ကောင်း မနောကောင်းဟူသောလူစားမျိုးဖြစ်သည်။

တင်ထွန်းကတော့ ထိုသို့မဟုတ်၊ ယခုခေတ်လူငယ် သုံးစကားနှင့်ပြောရလျှင် 'ဂျစ်တတ် ရစ်တတ်' သော ကောင် လေးတစ်ယောက်ဟု ပြောရပေတော့မည်။

တစ်စတစ်စနှင့် မိလှနှင့် တင်ထွန်းတို့၏ တကျက် ကျက်က ပိုပြီး စိပ်လာသည့်ပြင် ပိုလို့လည်းပြင်းထန်လာသည်။ တစ်ချိတွင် တင်ထွန်းက ဘယ်လိုလုပ်လိုက်သည်မသိ လက် မောင်းမှာ အညိုအမည်းစွဲလာတော့သည်။

သည်တစ်ခါမှာတော့ မိလှအတော်လေးနာကြည်းပုံ ရသည်။

ဆရာရယ်. . . ဒီတစ်ခါတော့ သိပ်ကိုစိတ်နာတယ်။ မိလှသည်းခံခဲ့တာအကြိမ်ကြိမ်ပါ။ ဆရာလည်းသိပါတယ်။ မိလှသည်းခံတာကိုသူသိပါတယ်။ သိရက်သားနဲ့ကို လုပ်နေ

http://www.cherrythitsar.org



တော့ အနိုင်ကျင့်နေတာ သက်သက်ဖြစ်မနေဘူးလား၊ မိလှ သည်းခံခဲ့တာလည်း မိန်းကလေးဆိုတော့ တစ်မျက်နှာက နှစ်မျက်နှာ. . .”

မိလှက စကားမဆက်တော့ဘဲ ငိုနေပါတော့သည်။ ကျွန်တော်ကလည်းဘာမှမပြောသာ။

အတော်လေးကြာမှ မျက်ရည်တွေဘာတွေကို သုတ်လိုက်ရင်း. . .

“ဆရာ. . . မိလှကိုတင်ထွန်းကို ဖြတ်လိုက်ရရင်ကောင်း မလား၊ မိလှ ဘာလုပ်ရမလဲ၊ ဒီအတိုင်းသာဆက်သွားနေရင်တော့”

ကျွန်တော်ရုတ်တရက်ဘာမှ မပြောနိုင်ပါ။ သူ့ကိုသာ ငေးကြည့်နေပါသည်။ ခဏရှိတော့မှ. . .

“ကဲ. . . မိလှ၊ နင်ကမေးလာမှတော့ ငါကလည်း ပြန်ပြီးမေးရတော့မှာပဲ၊ ငါမေးတာကို နင်ဖြေဖို့မလိုဘူး၊ နင့်ဘာသာ နင် အထပ်ထပ်စဉ်းစားကြည့်ဖို့မေးလိုက်မှာ Home Work(အိမ်စာ) ပေးလိုက်တာပဲလို့ သဘောထား၊ အေးအေးဆေးဆေးစဉ်းစားပြီးမှ ဖြေပေတော့”

မိလှက ကျွန်တော့်ကိုမော့ ကြည့်ပြီး နားစွင့်ပါသည်။ ကျွန်တော်က သူ့ကိုစေ့စေ့ကြည့်ပြီး. . .

“မေးခွန်းက နင်ဟာ တင်ထွန်းနဲ့ အိမ်ထောင်ပြုလိုက်ရင်ပျော်မယ်လို့ထင်သလား၊ သာယာတဲ့အိမ်ထောင်ရေးဖြစ်မယ် လို့ထင်သလား၊ ဒီနေရာမှာ အိမ်ထောင်ဆိုတာက နင်တို့နှစ်ယောက်တင်မဟုတ်ဘူး၊ ပေါက်ဖွားလာမယ့် သားသမီးတွေ

http://www.cherrythitsar.org



နင့်မိဘဆွေမျိုးတွေကိုပါ ထည့်တွက်ရမှာနော်”

မိလှ ငိုင်သွားပါသည်။ ကျွန်တော်ဆက်ပြီး. . .

“အခုမဖြေနဲ့ဦး၊ အိမ်ကျမှ သေသေချာချာ စဉ်းစားပြီးဖြေရမှာ။ ပျော်နိုင်မယ် သာယာလိမ့်မယ်ထင်ရင်ဆက်ပြီး ချစ်ချစ်ခင်ခင်နေနိုင်အောင်၊ ဒီလိုပဲ သည်းခံနိုင်အောင် ကြိုးစားပေါ့။ တင်ထွန်းလည်းငါတပည့်၊ နင်လည်းငါတပည့်။ ဒါပေမယ့် စဉ်းစားဖို့ကိစ္စဖြစ်လာတော့ ပြတ်သားအောင် ပြောရတော့မှာပဲ။”

ကျွန်တော်က မျက်နှာထားကိုလည်းပြင်လိုက်သည်။ အသံကိုလည်းပြောင်းလိုက်သည်။

“ငါ့သဘောကတော့ လင်မယားပြတ်စဲရတာထက် သမီးရည်းစားခွာပြဲရတာက ပိုပြီးခံသာတယ်။ ဒါပဲ။ တစ်မျက်နှာတွေ နှစ်မျက်နှာတွေဆိုတဲ့ ထင်မြင်ချက် ဘေးစကားတွေကို အလေးထားမလား၊ ကိုယ့်တစ်သက်တာဘဝကို အလေးထားမလား။ ကဲ. . . သွား. . . မျက်နှာသစ်လိုက်၊ ဒီနေ့အိမ်ပြန်တော့။ ငါလည်း အတန်းဝင်းစရာရှိသေးတယ်”

မိလှ ထိုနေ့က ဆက်ပြီးအတန်းမတက်တော့ဘဲ အိမ်ပြန်သွားသည်။ နောက်တစ်နေ့ ကျောင်းမတက်၊ နောက်တစ်နေ့လည်း ကျောင်းမတက်။ ဤသို့နှင့် ကျွန်တော့်စိတ်ထင် ဆယ်ရက်လောက် ပျောက်သွားသည်။ သည်နောက် ကျောင်းပြန်တက်တော့ တင်ထွန်းကိုလည်း မတွေ့ရတော့။ သူတို့ချင်းစာရေးပြီးတော့ပဲ အဆုံးသတ်လိုက်လေသလား၊ ဘယ်လိုပြီး ပြတ်သွားသည်ကို ကျွန်တော်မသိတော့။ မေးလည်းမမေးတော့ပါ။

http://www.cherrythitsar.org



နောက်ဆုံးနှစ် ကျောင်းပြီးခါနီးတော့ မိလှနှင့် မောင်စိုးသိန်း တွဲမိသွားသည်ဟု ကြားလိုက်ရသည်။ ကျွန်တော်ကိုယ်တိုင်တော့ မတွေ့မိလိုက်ပါ။ မိလှကလည်း သူနှင့် မောင်စိုးသိန်း တွဲဖြစ်စေဦးတော့ နေရာဟောင်း မြန်မာစာဌာနဘက်ကို နှစ်ယောက်တွဲပြီး လာချင်ရှာမည် မဟုတ်။

တင်ထွန်းလည်း တကယ်ပြတ်စဲလိုက်ပြီဆိုတော့ အတော်လေး စိတ်ထိခိုက်ပြီး ဆွေးသွားသေးသည်ဟုကြားလိုက်ရသည်။ အ မှန်အတိုင်းပြောရလျှင် သူတို့နှစ်ယောက် ညားသွားကြလျှင်လည်း သာယာသော အိမ်ထောင်ရေးမဖြစ်နိုင်ဟု ကျွန်တော်ယုံကြည်သည်။

"တက္ကသိုလ် ဆရာတစ်ဦးက၊ မှာဖူးသည့်နှုတ်ရည်၊ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးခု ချက်မပိုင်လျှင်။ နောင်ပြင်နိုင်ခက်သည့်အမျိုး" ဟူသော တေးထပ်ကလေးကို စာဖတ်သူတွေဖူးပါလိမ့်မည်။ ကျွန်တော်သည်လည်း အထက်ကအတိုင်း 'တက္ကသိုလ်ဆရာတစ်ဦးဘ၀က မှာဖူးခဲ့'ပါသည်။ ။

http://www.cherrythitsar.org

